ကြေးမုံ
The Mirror Daily
Established in 1957

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်၊ စနေနေ့။ Saturday, 11 April 2020 ၉၉၈၂

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရှမ်းပြည်နယ်မှ ပြည်သူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး





Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရှမ်းပြည်နယ်မှ ပြည်သူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

နေပြည်တော် ဧပြီ ၁၀

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရှမ်းပြည်နယ်မှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့ အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ■

- လာမည့် ရက်သတ္တနှစ်ပတ်၊ သုံးပတ်အတွင်းတွင်လည်း ရောဂါပိုးရှိသူများ ထပ်မံတွေ့ရှိလာနိုင်
- ရောဂါပိုးရှိသူများ တွေ့ရှိမှုများပြားလာပါက လွန်လွန်ကျူးကျူး စိုးရိမ်ကြောင့်ကြမှုများ မထားရှိရန်လို
- စည်းမျဉ်းစည်းကမ်းများကိုလည်း တိတိကျကျလိုက်နာရန်လို
- မိမိပတ်ဝန်းကျင်ရှိ ပြည်သူများကိုလည်း စည်းမျဉ်းစည်းကမ်းများ လိုက်နာအောင် အားပေးဆောင်ရွက်ရန်လို

ကြေးမုံ ယနေ့ ဖတ်စရာ

COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများ အားလုံးအတွက် ဆောင်ရွက်ပေးလျက်ရှိ
စာမျက်နှာ » ၅

လင်းလက် တောက်ပနေသော ပရဟိတစိတ်ထားမြတ်များ
ဆောင်းပါး စာမျက်နှာ » ၆

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅

ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ
ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။
ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

## ကြေးမုံ

# မမြင်နိုင်သည့်အန္တရာယ်ကိုသတိပြုကာကွယ်

ကိုဗစ်-၁၉ ရောဂါသည် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်သည့်ရောဂါဖြစ်သည်။ ကူးစက်သည်မှာ လူတစ်ဦးထံတွင် ရောဂါရှိမှန်းမသိသဖြင့် လူအချင်းချင်း ထိတွေ့ဆက်ဆံခြင်းမှ ကူးစက်ခံရခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်သူများ အနေဖြင့် မလိုအပ်ဘဲ အိမ်ပြင်ထွက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မိမိနေအိမ်တွင်သာ နေထိုင်ခြင်း (Stay at Home) ဖြင့် ရောဂါကူးစက်ပြန့်ပွားမှုကို လျော့နည်းစေသည့် ထိရောက်သောကာကွယ်နည်းလမ်းအား လူတိုင်းလူတိုင်း ပြုလုပ်ကြဖို့ တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း မလိုအပ်လျှင် အိမ်ပြင်ထွက်ခြင်းမပြုလုပ်ကြရန် အသိပေးနှိုးဆော်ထားပြီး ထိုသို့အပြင်မထွက်ရသောကြောင့် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများ စားရေး၊ သောက်ရေး အဆင်ပြေစေရန် ယနေ့ ဧပြီလ ၁၀ ရက်နေ့မှစ၍ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲ အခြေခံစားသောက်ကုန်များအား အခမဲ့စတင်ဖြန့်ဖြူးပေးနေပြီ ဖြစ်သည်။

ပြည်သူများအနေဖြင့် အသိတရားဖြင့် သတိထားကာ မမြင်နိုင်သော အန္တရာယ်နှင့်မကြုံရစေရေးအတွက် တိုက်တွန်းနှိုးဆော်ထားသော အသိပေးချက်များကို အလေးထားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် မတ်လ ၂၃ ရက်နေ့မှ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ၂၈ ဦး တွေ့ရှိလာပြီး ကိုယ်ခံအားနည်းသူ လူနာ သုံးဦး အသက်သေဆုံးခဲ့သည်။ ရောဂါပိုးတွေ့လူနာများအနက် နှစ်ဦးတွင် ဓာတ်ခွဲစစ်ဆေးချက်အရ ရောဂါပိုးမတွေ့ရှိတော့ဘဲ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။ စောင့်ကြည့်သူ ၉၄၈ ဦးရှိသည်။

မြန်မာနိုင်ငံတွင် ရောဂါပိုးတွေ့ရှိမှုများအပေါ်မူတည်၍ သင်ခန်းစာယူလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ယမန်နေ့က ရောဂါပိုးတွေ့ရှိသည့် အမှတ် ၂၃ လူနာသည် ထူးခြားသောတွေ့ရှိမှုဖြစ်သည်ကို သိရှိမှတ်သားရမည်ဖြစ်သည်။ အမှတ် ၂၃ လူနာမှာ ၎င်း၏သားဖြစ်သည့် အမှတ် ၁ လူနာနှင့် ထိတွေ့မှုရှိခဲ့သော်လည်း စောင့်ကြပ်ကြည့်ရှုမှု ၁၄ ရက်ပြည့်လုနီးမှ ရောဂါလက္ခဏာပေါ်လာခြင်းဖြစ်၍ သတိပြုစရာကောင်းသည့် အချက်ဖြစ်သည်။ မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး တစ်လနီးပါးကြာမြင့်မှ ရောဂါလက္ခဏာပြခြင်းဖြစ်ပေါ်ခဲ့ရာ ၁၄ ရက်စောင့်ကြည့်ခံရသူအားလုံးအား သတိပေးခေါင်းလောင်းထိုးလိုက်သလို ဖြစ်သည်။

ပြည်ပမှပြန်လည်ရောက်ရှိသူများအား မြန်မာနိုင်ငံတစ်ဝန်းရှိ စောင့်ကြည့်ရေးစခန်းများတွင် ၁၄ ရက် ပြည့်မြောက်၍ နေထိုင်ရာနေအိမ်များသို့ အသီးသီးပြန်လည်စေလွှတ်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပြန်လည်စေလွှတ်သူများကို ကန့်သတ်စောင့်ကြည့်ခြင်းကာလပြီးစီးမှု ကျန်းမာရေးထောက်ခံချက်များထုတ်ပေးပြီး စနစ်တကျပြန်လည်စေလွှတ်ပေးလျက်ရှိသော်လည်း ပုန်းလျှိုးနေသည့် ရောဂါပိုးအန္တရာယ်ကို သတိမပြတ်ရှိဖို့ လိုမည်ဖြစ်သည်။ မမြင်နိုင်သောရောဂါအန္တရာယ်သည် လူတို့တွင် ရောဂါလက္ခဏာမပြဘဲ ပုန်းလျှိုးနေနိုင်သဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်း တိကျစွာလိုက်နာနေထိုင်ကြဖို့ လိုမည်ဖြစ်သည်။

ကွယ်လွန်သွားသော ရောဂါပိုးတွေ့ရှိသူ သုံးဦးသည် ရောဂါအခံရှိကြသူများဖြစ်သည်။ ရောဂါအခံရှိလျှင် ကိုဗစ်-၁၉ ရောဂါပိုးကို ခုခံတွန်းလှန်ရန် အားနည်းမည်ဖြစ်သည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများ၊ ကိုယ်ခံအားနည်းသူများ အထူးသတိပြုကြရမည်ဖြစ်သည်။ အနေအထိုင်၊ အစားအသောက်၊ အသွားအလာမဆင်ခြင်လျှင် ကိုယ်ခံအားကျဆင်းနိုင်သဖြင့် မိမိကိုယ်ကို ဂရုစိုက်ဆင်ခြင်ကြရမည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း၊ မလိုအပ်ဘဲ အိမ်ပြင်သို့မထွက်ခြင်း၊ မိမိနေအိမ်တွင်ပင် ကိုယ်စိတ်ကျန်းမာ ချမ်းသာအောင်နေထိုင်ခြင်းဖြင့် မမြင်နိုင်သောရောဂါဘေးကို ရှောင်ရှားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များကို တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိသာမက မိမိ၏ မိသားစုနှင့် ပတ်ဝန်းကျင်မှလူအများအတွက်ပါ ရောဂါကူးစက်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပုဗ္ဗသီရိမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစားများအား စားသောက်ကုန်ပစ္စည်း(၅)မျိုး အခမဲ့ထောက်ပံ့ပေးအပ်



ပုဗ္ဗသီရိ ဧပြီ ၁၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား စားသောက်ကုန်ပစ္စည်း(၅) မျိုး ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်က အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က ပုဗ္ဗသီရိမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရန်အတွက် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာများမှ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုတစ်စုလျှင် ဆန် (၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ (၁) ပိဿာ၊ ကြက်သွန်နီ (၁)ပိဿာနှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၁၀၀ အတွက် ပေးအပ်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့သည်။

ပုဗ္ဗသီရိမြို့နယ်အတွင်း ရပ်ကွက် ၁၆ ခုနှင့် ကျေးရွာအုပ်စု ၁၈ ခုရှိပြီး ပုံမှန်ဝင်ငွေမရှိသူ အခြေခံ လူတန်းစား အိမ်ထောင်စု ၁၂၄၅၇ စုရှိပြီး ကျန်ရှိနေသေးသည့် အိမ်ထောင်စုများကိုလည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကံချွန်(ပြန်/ဆက်)

# ဝေါလေမြိုင်မြို့ ကန့်သတ်စောင့်ကြည့်ရေးစခန်းမှ နေအိမ်ပြန်သည့်သူများ လိုက်နာရမည့်အချက်များအား အသိပညာပေး

ဝေါလေမြိုင် ဧပြီ ၁၀

ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့တွင် ကိုရိုနာဗိုင်းရပ်စ်



ကူးစက်ပြန့်ပွားမှုမရှိစေရန် ကန့်သတ်စောင့်ကြည့်ရေးစခန်းတစ်ခု စီစဉ်ထားရာ အဆိုပါစခန်းမှ မိမိနေအိမ်များသို့ ပြန်မည့်သူများအတွက် လိုက်နာရမည့်အချက်များအား အသိပညာပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဝေါလေမြိုင်မြို့ အုပ်ချုပ်ရေးမှူး ဦးကောင်းရီ၊ ဝေါလေမြိုင်နယ်မြေစခန်းမှူး ရဲအုပ်မောင်မောင်ရွှေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်နှင်းဝေဦးတို့က ကန့်သတ်စောင့်ကြည့်ရေးစခန်းမှ အသွားအလာ ကန့်သတ်ခံယူခြင်း ၁၄ ရက်ပြည့်မြောက်ပြီးနောက် မိမိနေအိမ်သို့ ပြန်မည့်သူများအနေဖြင့် မိမိတို့၏နေအိမ်များတွင်သာ နေထိုင်ပြီး အရေးကြီးအကြောင်းကိစ္စမရှိဘဲ အပြင်သို့မထွက်ရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြား အသိပညာပေးခဲ့ကြောင်း သိရသည်။

နိုင်မျိုးသင်း(ပြန်/ဆက်)

# ခင်ဦးမြို့ မြို့မဈေး၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တတိယအကြိမ် ပိုးသတ်ဆေးဖျန်း

ခင်ဦး ဧပြီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ မြို့မဈေး၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၉ ရက် ညနေ ၃ နာရီ က မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမှုဆောင်အရာရှိ ဒေါ်မာမာအောင်တို့က ကြီးကြပ်ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို တတိယအကြိမ် ဆောင်ရွက်ခဲ့သည်။



အဆိုပါ ပိုးသတ်ဆေး ဖျန်းခြင်းကို မြို့မဈေးအတွင်းရှိ ဆိုင်ခန်းများ၊ အသားရုံ၊ ငါးတန်းများ၊ ဈေးအပြင်တန်းရှိ ငါးတန်းများ၊ ဆိုင်ခန်းများနှင့် အများသုံးအိမ်သာတို့ကို မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များက ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုးဝေအောင်(ခင်ဦး)

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရှမ်းပြည်နယ်မှ ပြည်သူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

- Quarantine ၌ နေထိုင်စေချင်သည်ဆိုသည့် ဆွေးနွေးချက်နှင့် ပတ်သက်၍ Quarantine ၌ နေထိုင်ပါက စောင့်ကြည့်ရန် လွယ်ကူပါကြောင်း
- တစ်အိမ်ချင်း တစ်အိမ်ချင်းကို စောင့်ကြည့်ရန် မလွယ်ကူပါကြောင်း၊ သို့သော် တစ်အိမ်ချင်း တစ်အိမ်ချင်း၌နေမည်ဆိုလျှင် ပြည်သူများက တာဝန်သိစိတ်ဖြင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်၊ ရောဂါလက္ခဏာ စပြီးပြကတည်းက အနီးဆုံးကျန်းမာရေးဌာနကို ချက်ချင်း အသိပေး အကြောင်းကြားမည်ဆိုပါက အန္တရာယ်သည် များစွာနည်းပါးသွားမည်ဖြစ်
- အလှူရှင်များအနေဖြင့်လည်း စနစ်တကျ စီမံခန့်ခွဲနိုင်သည့် အခြေအနေရှိရန် အစိုးရအဖွဲ့သို့ လှူဒါန်းစေချင်ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် သေသေချာချာစီမံခန့်ခွဲပြီး လိုအပ်သည့် နေရာများသို့ရောက်အောင် ဆောင်ရွက်ပေးမည်ဖြစ်

■ ရှေ့ဖုံးမှ

ရှေးဦးစွာ Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ကျိုင်းတုံမြို့ ဟိုနားအောက်ရပ် အမှတ်(၁)ရပ်ကွက် ရာအိမ်မှူး ဦးအောင်မြင့်သန်း က COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာနေထိုင်ရန် အချက်များကို ပြည်သူများသို့ အသိပညာပေးရာတွင် ဦးဆောင်ဦးရွက်ပြုနေမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ ပြည်တော်ပြန်များဆေးစစ်ရာတွင် လိုက်ပါကူညီဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ တောင်ကြီးမြို့ သစ်တောရပ်ကွက် ဇောတိကလမ်းနေ Our Lovely World အဖွဲ့နှင့် Program Team တို့တွင် ပါဝင်ဆောင်ရွက်နေသည့် မနှင်းနွေအေးက COVID–19 နှင့်ပတ်သက်၍ ပြည်သူများ၏ စိုးရိမ်ပူပန်မှု၊ COVID–19 Prevention Volunteer Group Southern Shan အဖွဲ့တွင် Volunteer Leader အဖြစ် ပါဝင်ဆောင်ရွက်နေမှု၊ ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ပို့ချပေးသော COVID–19 Basic health education training ကို တက်ရောက်ခဲ့ပြီး ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချပေးနေမှု၊ Quarantine Camp များတွင် စောင့်ကြည့်ခံနေရသူများအား စိတ်ခွန်အားရရှိစေရန် ဖျော်ဖြေရေးအစီအစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုနှင့် COVID–19 ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ လိုအပ်သည့်နေရာများတွင် ပါဝင်ကူညီဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပင်လုံမြို့ ရပ်ကွက်(၄)မှ ဦးစိုင်းစီဟန်ခေးက ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် ပြည်သူများ၏ COVID–19 နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှု၊ မိမိနှင့်မိသားစုဝင်များအားလုံး လွိုင်လင်မြို့နယ်မှ စီစဉ်ထားသော ကွန်ပျူတာတက္ကသိုလ် Facility Quarantine တွင် နေထိုင်နေမှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအနေဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာကြရန်၊ COVID–19 ရောဂါနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**စည်းကမ်းများကို တိတိကျကျ လိုက်နာရန်လိုအပ်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ယမန်နေ့ညမှ ယခုနံနက်အတွင်း ရောဂါပိုးရှိသူ ငါးဦးထပ်မံတွေ့ရှိရပါကြောင်း၊ လာမည့်ရက်သတ္တနှစ်ပတ်၊ သုံးပတ်အတွင်းတွင်လည်း ရောဂါပိုးရှိသူများ ထပ်မံတွေ့ရှိလာနိုင်ပါကြောင်း၊ ရောဂါပိုးရှိသူများ တွေ့ရှိမှုများပြားလာပါက လွန်လွန်ကျူးကျူး စိုးရိမ်ကြောင့်ကြမှုများ မထားရှိရန် လိုအပ်ပါကြောင်း၊ စည်းမျဉ်းစည်းကမ်းများကိုလည်း တိတိကျကျလိုက်နာရန် လိုအပ်ပါကြောင်း၊ မိမိပတ်ဝန်းကျင်ရှိ ပြည်သူများကိုလည်း စည်းမျဉ်းစည်းကမ်းများ လိုက်နာအောင် အားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုတင်ပြဆွေးနွေးကြသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အုပ်ချုပ်ရေးပိုင်းတွင် ကျန်းမာရေးအသိပညာ အားနည်းနေမှုနှင့် အသိပညာဖြန့်ဝေမှု အားနည်းမှုများကို မှတ်သားထားပါကြောင်း၊ ထို့ပြင် Quarantine ၌ နေထိုင်စေချင်သည်ဆိုသည့် ဆွေးနွေးချက်နှင့် ပတ်သက်၍ Quarantine ၌ နေထိုင်ပါက စောင့်ကြည့်ရန် လွယ်ကူပါကြောင်း၊ တစ်အိမ်ချင်း တစ်အိမ်ချင်းကို စောင့်ကြည့်ရန် မလွယ်ကူပါကြောင်း၊ သို့သော် တစ်အိမ်ချင်း တစ်အိမ်ချင်း၌ နေမည်ဆိုလျှင် ပြည်သူများက တာဝန်သိစိတ်ဖြင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်၊ ရောဂါလက္ခဏာ စပြီးပြကတည်းက အနီးဆုံး ကျန်းမာရေးဌာနကို ချက်ချင်းအသိပေးအကြောင်းကြားမည်ဆိုပါက အန္တရာယ်သည် များစွာနည်းပါးသွားမည် ဖြစ်ပါကြောင်း၊ အလှူရှင်များအနေဖြင့်လည်း စနစ်တကျ စီမံခန့်ခွဲနိုင်သည့် အခြေအနေရှိရန် အစိုးရအဖွဲ့သို့ လှူဒါန်းစေချင်ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် သေသေချာချာစီမံခန့်ခွဲပြီး လိုအပ်သည့်နေရာများသို့ ရောက်အောင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အလှူရှင်များ၏ စေတနာသည် အကျိုးရှိသင့်သလောက်မရှိဘဲ ဖြစ်သွားမည်ကို မဖြစ်စေချင်သည့်အတွက် ထိုသို့ ပြောရခြင်းဖြစ်ပါကြောင်း၊ အလှူရှင်များ၏ စေတနာကို ပိတ်ပင်လိုသည့်အတွက် ပြောရခြင်းမဟုတ်ပါကြောင်း၊ သင်္ကြန်ကာလအတွင်းတွင်လည်း အားလုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်ကြပါစေ၊ တစ်ယောက်နှင့်တစ်ယောက် ဖေးမပါ၊ အားပေးပါ၊ မိမိစိတ်ဓာတ်ကိုလည်း ခိုင်မာအောင်ထားပါက ယင်းကပ်ရောဂါကြီးကို ဖြတ်ကျော်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ Aries Elan Co.,Ltd. က ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း၊ လက်အိတ်နှင့် လက်သန့်ဆေးရည်များ လာရောက်လှူဒါန်း



**နေပြည်တော် မေ ၁၀**

ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ ကြိုတင်ကာကွယ်ရန်အတွက် ပြည်သူများအကြား အသိပညာပေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဝန်ထမ်းများ၊ အဆိုပါဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူမှုအဖွဲ့အစည်းများ အသုံးပြုနိုင်ရန်အတွက် Aries Elan Co.,Ltd. က ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း အခု ၅၀၀၀၊ လက်သန့်ဆေးရည် ငါးလီတာဝင်လေးပုံးနှင့် ခွဲစိတ်ခန်းသုံး လက်အိတ်ဘူး ၂၀ တို့ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် အဖွဲ့ဝင်များ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ထောက်ပံ့မည့် အခြေခံစားသောက်ကုန်များကို ကြည့်ရှုစစ်ဆေးစဉ်။

**✻ နေပြည်တော်မှ**

ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးနေလင်းနှင့် တာဝန်ရှိသူတို့က နိုင်ငံတော်မှထောက်ပံ့သော အခြေခံစားသောက်ကုန်(၅)မျိုးအား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့ ကံဦးရပ်ကွက်၌ စိုးလှျပ်စစ်ဖောင်ဒေးရှင်းမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်(၅)မျိုး အိမ်တိုင်ရာရောက် ဖြန့်ဝေပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့အတူ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့တွင် လယ်ဝေးမြို့အမှတ်(၁)နှင့် အမှတ်(၂) ရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၁၀၈၀ ကို အခြေခံစားသောက်ကုန် (၅)မျိုး ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲ စားသောက်ကုန်များကို ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့သည်။ အလားတူ လယ်ဝေးမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၃၈၄၉၈ စုကိုလည်း ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ဟန်လင်းနိုင်
ဓာတ်ပုံ-ကိုထိန်

# COVID-19 Fund မှ ထုတ်ပေးမည့်ချေးငွေအတွက် Online မှတစ်ဆင့် လျှောက်ထားသော ချေးငွေလျှောက်လွှာများ စိစစ်မှုကို မေ ၂၄ ရက်ထိ ဆောင်ရွက်ပေးမည်

**ရန်ကုန် မေ ၁၀**

ကိုဗစ်-၁၉ ရောဂါသက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ Fund မှ ထုတ်ပေးမည့်ချေးငွေအား Online မှတစ်ဆင့် လျှောက်ထားခြင်းကို မေ ၉ ရက် ည ၁၂ နာရီ နောက်ဆုံးထား လျှောက်ထားနိုင်သည်ဟုကြေညာထားပြီး ယခုအခါချေးငွေလျှောက်လွှာများအား ဒေတာစိစစ်မှုလုပ်ငန်းများကို မေ ၂၄ ရက်အထိ ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားကြောင်း ကုန်သည်စက်မှုအသင်းချုပ်၏ မေ ၉ ရက်တွင် ထုတ်ပြန်ကြေညာချက်အရ သိရသည်။

လက်ရှိကာလတွင် ကိုဗစ်-၁၉ Fund ချေးငွေအတွက် Online မှတစ်ဆင့် လျှောက်ထားသော လုပ်ငန်းများမှ Submitted နှင့် Save အဖြစ် တင်ထားသော လျှောက်လွှာ (Loan Application) များတွင်ပါရှိသည့် အချက်အလက် (Data)များကို မှန်ကန်ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မေ ၉ ရက်အထိ နောက်ဆုံး Document ရေးသွင်းထားပြီး Submitted နှင့် Save ဖြစ်ထားသော လျှောက်လွှာ (Loan Application) များအား စိစစ်ဆောင်ရွက်ရာတွင် အချက်အလက် လိုအပ်ချက်များ ပြန်လည်တောင်းခံခြင်းနှင့် အချက်အလက်များ မှန်ကန်မှုရှိစေရေးအတွက် ပြန်လည်စိစစ်ခြင်းလုပ်ငန်းများကို မေ ၂၄ ရက် ညနေ ၄ နာရီအထိ ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားကြောင်း၊ ယင်းအချိန်ကျော် လွန်မှရောက်ရှိလာသော စာရွက်စာတမ်းများနှင့် မစုံလင်သော Loan Application များကို ချေးငွေလျှောက်လွှာနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် ထည့်သွင်းစဉ်းစားပေးမည် မဟုတ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ကိုထက်

# ပေါင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးဆောင်ရွက်

**ပေါင် မေ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ကူးစက်မြန်အဆုတ်ရောင်ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေး ဗီနိုင်းဖြန့်ဝေခြင်း၊ အများသုံးလက်ဆေးစင်တပ်ဆင်ခြင်းနှင့် လက်ဆေးဆပ်ပြာဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၉ ရက်တွင် ပေါင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ပေါင်မြို့နယ်အတွင်း လူသွားလူလာများသည့်နေရာများ၊ စာသင်ကျောင်းများ၊ ဈေးများ၊ ဘုတာရုံ၊ ကားဂိတ်၊ Quarantine စောင့်ကြည့်ရာနေရာများတွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးဝင်း(ခရိုင်ကျေးလက်)

**◆ ရန်ကုန်မှ**

“ဒီနေ့ မွန်းလွဲပိုင်းမှာ လှိုင်သာယာမြို့နယ်မှာရှိတဲ့ အခြေခံလူတန်းစားတွေအတွက် နိုင်ငံတော်က ထောက်ပံ့တဲ့ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန် စားသောက်ကုန်ပစ္စည်း(၅)မျိုးကို သွားရောက်ထောက်ပံ့ခဲ့ပါတယ်။ ကျန်တဲ့မြို့နယ်တွေကိုလည်း ဆက်လက်ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြောသည်။

**စနစ်တကျဖြန့်ဝေပေးသွားမည်**

အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ပစ္စည်းများထောက်ပံ့ရာတွင် လူစုလူဝေးကြောင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် မြို့နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ စည်ပင်သာယာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပရဟိတအဖွဲ့များပူးပေါင်းပြီး စနစ်တကျဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

“ကျွန်တော်တို့ တောင်ဒဂုံမြို့နယ်မှာတော့ ပစ္စည်းပေးဝေထောက်ပံ့တဲ့အပိုင်းမှာ အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိသူတွေ၊ စေတနာရှင်လုပ်အားပေးတွေခေါ်ပြီး စားသောက်ကုန်ပစ္စည်းထုတ်ယူမယ့်သူတွေကို အသုတ်လိုက်ခွဲပြီး အိမ်ထဲက အိမ်အပြင်မထွက်စေဘဲ အိမ်တိုင်ရာရောက် ထောက်ပံ့သွားမယ်။ ဒ့ါအပြင် ရပ်ကွက်အုပ်ချုပ်ရေးအပိုင်းက ဆော်သြရေးလုပ်ပြီး စာရင်းပေးထားတဲ့ ပြည်သူတွေကို ဘယ်အချိန်တွေမှာတော့ ရပ်ကွက်အုပ်ချုပ်ရေးရုံးမှာ လာထုတ်ပါ။ လာထုတ်ရင်လည်း လူစုလူဝေးတွေနဲ့မဟုတ်ဘဲ ဆယ်ယောက် တစ်သုတ်ကို တစ်ယောက်ခြောက်ပေစီခြားကာ နှာခေါင်းစည်းတပ်ထားပြီး ထုတ်ယူနိုင်ဖို့ကို ပြောသွားမယ်”ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီက ပြောသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အဖွဲ့ဝင်များက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်စဉ်။

**ညွှန်ကြားထား**

အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ပစ္စည်းများထောက်ပံ့နိုင်ရန် စာရင်းကောက်ယူရာတွင် သတ်မှတ်ချက်နှင့်အညီ မှန်ကန်မှုရှိစေရန်အတွက် သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးအား ညွှန်ကြားထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

“လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ နိုင်ငံတော်အစိုးရကနေ အခြေခံပြည်သူတွေကို ထောက်ပံ့တဲ့ စားနပ်ရိက္ခာနဲ့ပတ်သက်ပြီး အခြေခံကျတဲ့ ပြည်သူတွေလက်ထဲရောက်အောင် အတတ်နိုင်ဆုံးကြိုးစားပြီး ပံ့ပိုးသွားမယ်”ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ပစ္စည်း (၅)မျိုး ထောက်ပံ့ရန် စာရင်းကောက်ယူရာတွင် အရှေ့ပိုင်းခရိုင်တွင် အိမ်ထောင်စု ၂၀၈၆၄၉ စု၊ အနောက်ပိုင်းခရိုင်တွင် အိမ်ထောင်စု ၃၇၂၃၃ စု၊ တောင်ပိုင်းခရိုင်တွင် အိမ်ထောင်စု ၂၄၇၁၆၃ စု၊ မြောက်ပိုင်းခရိုင်တွင် အိမ်ထောင်စု ၁၈၂၀၈၂ စု စုစုပေါင်းအိမ်ထောင်စု ၆၇၅၂၂၇ စုရှိပြီး အိမ်ထောင်စုဝင် လူဦးရေ ၂၇၄၂၃၃ ဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သိရသည်။

နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန် စားသောက်ကုန်ပစ္စည်း(၅)မျိုးကို ယနေ့မှစတင်ထောက်ပံ့ပေးနေခြင်း ဖြစ်သည်။

**လှူဒါန်းလျက်ရှိ**

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ ပရဟိတဂေဟာများနှင့် တခြားဘာသာဝင်များ၏ ဘာသာရေးကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နှင့် အခြားစားသောက်ကုန်ပစ္စည်းများကို လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံလူတန်းစားများအား We Love Yangon အဖွဲ့အပြင် အခြားအရပ်ဘက်အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများ စုပေါင်းကာ ဆန်၊ ဆီ၊ ဆား စသည့် စားသောက်ကုန်များကို လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သတင်း-မင်းသစ်(MNA)
ဓာတ်ပုံ-ဆန်းကျော်ဦး

## စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်

ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှု စတဲ့အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်း ရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကို အရယူနိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားသို့ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် ]*



# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအားလုံးအတွက် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၀**

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် Coronavirus Disease 2019 (COVID–19) ကို ကမ္ဘာတစ်ဝန်း ရင်ဆိုင်ခံစားရလျက်ရှိချိန်တွင် အခြားသော နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်၊ ပြည်သူများ၏ အသက်အိုးအိမ်များကို ကာကွယ်ပေးရန်နှင့် လူမှုစီးပွားဘဝများ ထိခိုက်လာနိုင်မှုကို လျှော့ချပေးရန်တို့အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် နိုင်ငံ၏အရင်းအမြစ် အကန့်အသတ်များကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် COVID–19 ကို ကာကွယ်ထိန်းချုပ်ရာတွင် အမျိုးသားတစ်ရပ်လုံး ကြိုးပမ်းအားထုတ်မှု၏ အောင်မြင်မှုသော့ချက်ဖြစ်သည့် ပြည်သူ့အင်အား ရယူခြင်း၊ ပြည်သူများအား အသိပညာပေးခြင်းနှင့် ပြည်သူများ ပူးပေါင်းပါဝင်စေခြင်းတို့ကို ဆောင်ရွက်လျက် စိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်ရန် အစိုးရဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာ အာဏာပိုင်များအားလုံးမှ ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်ထားခြင်း မဖြစ်စေရန်အတွက် အစိုးရအနေဖြင့် COVID–19 ရောဂါနှင့် စပ်လျဉ်း၍ ပြည်သူများအား အသိပညာပေးလှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ရခိုင်နှင့် မွတ်စလင်ကျေးရွာများအနေဖြင့်လည်း ပြည်တွင်းနေရပ်စွန့်ခွာသူများ ယာယီခိုလှုံရာစခန်းများ (IDP စခန်းများ) အပါအဝင် နိုင်ငံတစ်ဝန်းရှိ အသိုက်အဝန်းများအားလုံးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် ကျန်းမာရေးလမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များကို ဖြန့်ဝေအသိပေးလျက်ရှိသည်။ အင်တာနက် ယာယီဖြတ်တောက်ထားသည့် ဒေသများတွင်လည်း နိုင်ငံတော်အစိုးရသည် မိုဘိုင်းဖုန်းကုမ္ပဏီများနှင့် ပူးပေါင်း၍ စာသားသတင်းတိုများပေးပို့သည့် ဝန်ဆောင်မှုစနစ်များနှင့် ရပ်ကွက်အတွင်း လိုက်လံကြေညာချက်များမှတစ်ဆင့် COVID–19 နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဖြန့်ဝေပေးလျက်ရှိသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြည်တွင်းနေရပ်စွန့်ခွာသူများ ယာယီခိုလှုံရာစခန်းများ (IDP စခန်းများ)တွင် COVID–19 ရောဂါကူးစက်ပြန့်ပွားလာပါက ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် လုပ်ငန်းစီမံချက်တစ်ရပ်ကို ရေးဆွဲခဲ့ပြီး သက်ဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

၂၀၁၉ ခုနှစ် အစောပိုင်းကာလမှစ၍ ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်တိုက်ပွဲများကြောင့် ထိခိုက်ခံစားရသည့် ဒေသများတွင် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေးသည် ကြီးမားသော စိန်ခေါ်မှုများ ဖြစ်စေခဲ့သည်။ COVID–19 ကူးစက်ပြန့်ပွားမှုအန္တရာယ်ကြောင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုဆိုင်ရာ လက်ရှိစိန်ခေါ်မှုများကို ပိုမိုဆိုးရွားလာစေနိုင်သည့်အတွက် နိုင်ငံတော်အစိုးရသည် ကုလသမဂ္ဂနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ စသည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပိုမိုပေးအပ်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအား ရခိုင်ပြည်နယ်ရှိမောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် စားနပ်ရိက္ခာအထောက်အပံ့များ ပုံမှန်ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်ခွင့်ပြုထားသည်။ ထို့ပြင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အား ချင်းပြည်နယ် ပလက်ဝမြို့နယ် စမီးမြို့ရှိ လက်နက်ကိုင်တိုက်ပွဲများကြောင့် ထိခိုက်ခံစားရသူများအတွက် ဧပြီလ ပထမပတ်အတွင်း စားနပ်ရိက္ခာထောက်ပံ့နိုင်ရေးအတွက် ခွင့်ပြုခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပဋိပက္ခဘေးဒဏ် ခံစားနေရသည့် ဒေသများတွင် ရောဂါဖြစ်ပွားလာပါက ထိထိရောက်ရောက်နှင့် အချိန်မီ တုံ့ပြန်နိုင်ရေးအတွက် လူသားချင်းစာနာမှုအဖွဲ့အစည်းများအား သွားရောက်ခွင့်ပြုသည့် လုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် ပြန်လည်သုံးသပ်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအပါအဝင် နိုင်ငံတကာလူသားချင်းစာနာမှုအဖွဲ့များအား အကူအညီများ သွားရောက်ခွင့်ကို တိုးမြှင့်ပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ ရခိုင်ပြည်နယ်၏ နေရာအချို့တွင် အင်တာနက် ဝန်ဆောင်မှုများ မရရှိနိုင်သော်လည်း ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မိုဘိုင်းနှင့် စာသားသတင်းတိုပေးပို့မှုစသည့် ဝန်ဆောင်မှုများကို အသုံးပြု၍ ပြည်သူများနှင့် ဆက်သွယ်နိုင်သည်။

ရခိုင်ပြည်နယ်ရှိ အချို့နေရာများတွင် အင်တာနက် ယာယီရပ်ဆိုင်းထားရခြင်း၏ အဓိကအကြောင်းရင်းမှာ အေအေလက်နက်ကိုင်အဖွဲ့က ၎င်းတို့၏ နိုင်ငံရေးနှင့် စစ်ရေးအကျိုးအမြတ်များအတွက် အင်တာနက်ကို အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်ဖြစ်သည်။ အေအေသည် ကြိုတင်စီစဉ်၍ တိုက်ခိုက်မှုများ ပြုလုပ်ခြင်း၊ မြေမြှုပ်မိုင်းများ ဖောက်ခွဲခြင်း၊ တပ်သားအင်အားစုဆောင်းခြင်းနှင့် တိုင်းရင်းသားလူမျိုးများအကြား အမုန်းတရားများ လှုံ့ဆော်ခြင်းတို့အတွက် အင်တာနက်နှင့် လူမှုမီဒီယာကို အသုံးချအမြတ်ထုတ်ခဲ့ပြီး ယင်းလုပ်ရပ်များမှာ လူမျိုးရေးသဟဇာတဖြစ်မှုနှင့် ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပြန်လည်တည်ဆောက်ရန် အစိုးရ၏ ကြိုးပမ်းမှုများကို ဆိုးရွားစွာ အဟန့်အတားဖြစ်စေသည်။

နိုင်ငံတော်အစိုးရသည် စတင်တာဝန်ယူသည့် အချိန်မှစ၍ ဆယ်စုနှစ်များစွာကြာ ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းပဋိပက္ခများအား အဆုံးသတ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များစွာနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အေအေက အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်တိုင် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးကိုရှေးရှု၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးရေးအတွက် ဆွေးနွေးပွဲများကို ၃၀-၄-၂၀၁၉ ရက်တွင် နမ့်ခမ်းမြို့၌ လည်းကောင်း၊ ၃၁-၈-၂၀၁၉ ရက်နှင့် ၁၇-၉-၂၀၁၉ ရက်တို့တွင် ကျိုင်းတုံမြို့၌ လည်းကောင်း၊ ၁၄-၁၂-၂၀၁၉ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌လည်းကောင်း အကြိမ်ကြိမ်ကျင်းပခဲ့သည်။ သို့သော်လည်း အေအေအနေဖြင့် အကြမ်းဖက်မှုဖြင့်သာ ပြန်လည်တုံ့ပြန်ခဲ့သည်။

အေအေအဖွဲ့အပါအဝင် ညီနောင်မဟာမိတ် (၃)ဖွဲ့က တစ်ဖက်သတ်အပစ်အခတ် ရပ်စဲထားခြင်းကို COVID–19 ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အနှောင့်အယှက်မဖြစ်စေရန်အတွက် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ သက်တမ်းတိုးကြောင်း ကြေညာခဲ့သည်ဆိုသော်လည်း ယင်းမှာ ၎င်းတို့၏ နိုင်ငံရေးအကျိုးအမြတ်အတွက်မှလွဲ၍ မည်သည်ကိုမျှ အကျိုးမပြုကြောင်း တွေ့ရသည်။ အေအေအနေဖြင့် အလားတူ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲကြောင်း ကြေညာချက်များကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ အစောပိုင်းတွင် ထုတ်ပြန်ခဲ့သော်လည်း ၎င်းတို့လုပ်ရပ်များသည် ကြေညာချက်များနှင့် လက်တွေ့တွင် ကိုက်ညီမှုမရှိသည်ကို တွေ့ရသည်။ အပစ်အခတ်ရပ်စဲသည့် ကာလအတွင်း၌ပင် အေအေသည် လုံခြုံရေးစခန်းနှင့် တပ်မတော်စစ်ကြောင်းများအား အင်အားအလုံးအရင်းဖြင့် ဆက်တိုက်တိုက်ခိုက်လျက်ရှိပြီး တပ်မတော်၏ အချက်အချာကျသည့် မီးဝစခန်းအား ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကတည်းက ပိတ်ဆို့တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

အေအေသည် ဒေသခံပြည်သူများအား ခြိမ်းခြောက်မှုများနှင့် ကြောက်ရွံ့မှုများဖြစ်ပေါ်အောင် ဆက်လက်ပြုလုပ်လျက်ရှိပြီး အရပ်သားအသွင်ယူ၍ လည်းကောင်း၊ အရပ်သားများကို အကာအကွယ်ယူ၍ လည်းကောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လုံခြုံရေးစခန်းများအား တိုက်ခိုက်လျက်ရှိသည်။ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားသွားစေရန်ရည်ရွယ်၍ လက်နက်ကိုင်တိုက်ခိုက်မှုများနှင့် မြေမြှုပ်မိုင်းဖောက်ခွဲမှုများအပြင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အစိုးရဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ညှဉ်းပန်းနှိပ်စက်မှုများကို ပြုလုပ်လျက်ရှိသည်။

ပြည်သူများ၏ လုံခြုံရေး၊ အသက် အိုးအိမ်စည်းစိမ်များနှင့် အရေးကြီးသည့် အခြေခံအဆောက်အအုံများ၊ အစိုးရပိုင်အဆောက်အအုံများကို ဆိုးရွားစွာ ပျက်စီးဆုံးရှုံးစေခဲ့သည့် အေအေကျူးလွန်မှုများသည် အကြမ်းဖက်မှုလုပ်ရပ်များဖြစ်သည့်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က အေအေအား အကြမ်းဖက်အဖွဲ့အဖြစ် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့တွင် ကြေညာခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနကလည်း အေအေအား မတရားအသင်းအဖြစ် ကြေညာခဲ့သည်။ မည်သည့်ပုံသဏ္ဌာန်မျိုးဖြင့် အကြမ်းဖက်မှုကိုမဆို ရှုတ်ချရမည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အေအေကဲ့သို့ အကြမ်းဖက်အဖွဲ့အား ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအရဖြစ်စေ မည်ကဲ့သို့သော ကူညီထောက်ပံ့မှုမျိုးကိုမျှ ပေးအပ်ခြင်းမပြုသင့်ကြောင်း၊ ယခုကဲ့သို့သော လက်နက်ကိုင်ပဋိပက္ခများကို အဆုံးသတ်နိုင်မှသာ ရခိုင်ဒေသခံပြည်သူများ လက်ရှိ ရင်ဆိုင်နေရသော လူသားချင်းစာနာမှုပြဿနာများကို ချုပ်ငြိမ်းစေနိုင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



## ပခုက္ကူမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများထံ စားသောက်ကုန်များ ဖြန့်ဝေ

**ပခုက္ကူ မေ ၁၀**

ပခုက္ကူမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစားများအား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်စသည့် အခြေခံစားသောက်ကုန်များကို ယနေ့နံနက် ၁၁ နာရီမှစတင်၍ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအလိုက် ဖြန့်ဝေသည်။

ပခုက္ကူမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၁၇၈၀၅ စုအတွက် ဆန်အိတ် ၅၉၃၅ အိတ်၊ ဆီ ၈၉၀၂ ဒသမ ၅၀ ပိဿာ၊ ပဲ ၁၇၈၀၅ ပိဿာ၊ ဆား ၈၉၀၂ ဒသမ ၅၀ ပိဿာနှင့် ကြက်သွန်နီ ၁၇၈၀၅ ပိဿာတို့ကို နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအလိုက် ထောက်ပံ့ပေးအပ်မည်ဖြစ်သည်။

ပခုက္ကူမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု (၁) စုလျှင် ဆန်(၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ(၁) ပိဿာနှင့် ကြက်သွန်နီ (၁) ပိဿာ စသည့် အခြေခံစားသောက်ကုန် (၅) မျိုးတို့ကို လက်ဝယ်အရောက် စနစ်တကျ ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# လင်းလက်တောက်ပနေသော ပရဟိတစိတ်ထားမြတ်များ

ခိုင်မြဲသူယျ

ပရဟိတဆိုသည်မှာ ပရ-သူတစ်ပါး၊ ဟိတ-အကျိုး၊ ထို့ကြောင့် သူတစ်ပါးအကျိုး။ ပရဟိတပြုလုပ်ခြင်း ဆိုသည်မှာ သူတစ်ပါးအကျိုးအား ကူညီလုပ်ကိုင် ဆောင်ရွက်ပေးခြင်းမည်ပေသည်။ ထို့ထက်ပို၍ လေးနက်စွာ ဖွင့်ဆိုရလျှင် အများအကျိုးအား အခမဲ့သယ်ပိုးကူညီ ဆောင်ရွက်ပေးခြင်း၊ လိုအပ်ပါက အသက်ကိုပင် ပဓာန မထားဘဲ စွမ်းစွမ်းတမံ ပေးဆပ်ကူညီခြင်းဟု ခေါ်ဆိုနိုင်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပရဟိတဆောင်ရွက်နေသော လူပုဂ္ဂိုလ်အဖွဲ့အစည်း အသင်းအပင်းများကို ထင်ရှားစွာ တွေ့မြင်နိုင်၏။ ကမ္ဘာ့သမိုင်းတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ခရစ်ယာန်ဘာသာ ဝင်တစ်ဦး ဖြစ်သည့် အိန္ဒိယနိုင်ငံမှ( မက်ဆီဒိုးနီးယားနိုင်ငံ ဇာတိဖွား) မာသာထရေဇာသည် လူအများလေးစားကြည်ညိုအားကျကြသည့် သမိုင်းတွင်သည့် မဟာကရုဏာရှင် ပရဟိတ အမျိုးသမီးတစ်ဦး ဖြစ်သည်။ ထို့အပြင် မိမိအသက်ကို မငဲ့ကွက်ဘဲ လူနာပေါင်းများစွာ၏အသက်ကို ကယ်တင်ပေးခဲ့သော မီးအိမ်ရှင်ဘွဲ့ရ သူနာပြုဆရာမလေး ဖလောရင့်နိုက်တင်ဂေးလ်ကိုလည်း ချန်လှပ်ထား၍မရချေ။ ယင်းပရဟိတသမားများကို လေ့လာကြည့်ပါက တူညီသည့်အချက်တစ်ခုကိုလည်း ထူးခြားစွာ တွေ့ရသည်။ ထိုအရာမှာ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရန် ငါ စည်း မခွဲခြားသည့်အပြင် အသားအရောင်မရွေး၊ လူမျိုးဘာသာမရွေး မခွဲခြားဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် စစ်မှန် သောပရဟိတသည် ဘာသာလူမျိုးမခွဲခြားဟု သတ်မှတ် နိုင်ပေသည်။

ယနေ့အချိန်ကာလ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေသောကမ္ဘာကြီးတွင် မိမိအသက်ကို မငဲ့ကွက်ဘဲ ပရဟိတ လုပ်ငန်းများဆောင်ရွက်နေသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် ခေတ်၏တောင်းဆိုမှုအရ အများအပြား ပေါ်ထွက်လာသည်။ ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်ကို ရင်ဆိုင်ရာတွင် ရှေ့ဆုံးက ဆောင်ရွက်နေသူများမှာ ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများပင် ဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်မှုမြင့်မားပြီး သေဆုံးမှုနှုန်းမြင့်မားသည့် အမေရိကန်၊ အီတလီ၊ စပိန် စသောနိုင်ငံများတွင် ရောဂါကို ကာကွယ်ကုသပေးနေသည့် ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအနက် အချို့သည် ယင်းရောဂါ ကူးစက်ခံရသည်ကို စိတ်မကောင်းစွာ ကြားသိရသည်။ အချို့ဆရာဝန်များ သေဆုံးကြရသည်ကို ဝမ်းနည်းစွာ တွေ့မြင်နေရသည်။ ထိုသို့ ကူးစက်ခြင်း၊ သေဆုံးခြင်းများ ဖြစ်ပေါ်နေသော်လည်း မည်သည့်ဆရာဝန်၊ သူနာပြု တစ်စုံတစ်ဦးတစ်ယောက်ကမျှ ကျွန်တော် ကျွန်မ မလုပ်နိုင်တော့ပါ၊ မဆောင်ရွက်တော့ပါဟု နောက်ဆုတ် ခေါင်းရှောင်တာမျိုး၊ မျက်နှာလွှဲခဲပစ်လုပ်တာမျိုး ကမ္ဘာ့နိုင်ငံအသီးသီးတွင် လုံးဝမတွေ့မမြင်ရပေ။ ဤသို့ မမြင်မတွေ့ရခြင်းမှာ ၎င်းတို့၏ရင်ထဲ၌ ကိန်းအောင်းတည်ရှိနေသော၊ လင်းလက်တောက်ပနေသော ပရဟိတစိတ်ထားမြတ်ကြောင့်ပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင်မူ အခြားနိုင်ငံအချို့ကဲ့သို့ ကူးစက်မှုနှုန်း မမြင့်မားသေးသလို သေဆုံးမှုနှုန်းလည်း သုံးဦးသာ ရှိသေးသည်။ နိုင်ငံအတွင်းရှိ ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများသည်လည်း ကမ္ဘာ့နိုင်ငံအသီးသီးက ဆရာဝန်များကဲ့သို့ပင် အကြောင်းတစ်စုံတစ်ရာမရှိဘဲ မည်သူမျှ နောက်ဆုတ် ခေါင်းရှောင်တာမျိုး မလုပ်ကြပေ။

> **ပရဟိတသမားများကို လေ့လာကြည့်ပါက တူညီသည့်အချက် တစ်ခုကိုလည်း ထူးခြားစွာတွေ့ရသည်။ ထိုအရာမှာ ပရဟိတ လုပ်ငန်းများဆောင်ရွက်ရာတွင် ရန် ငါ စည်း မခွဲခြားသည့်အပြင် အသားအရောင်မရွေး၊ လူမျိုးဘာသာမရွေး မခွဲခြားဘဲ လုပ်ကိုင် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် စစ်မှန်သောပရဟိတ သည် ဘာသာလူမျိုးမခွဲခြားဟု သတ်မှတ်နိုင်**

အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ နှလုံးသားအတွင်း၌ ကိန်းအောင်းမွေ့လျော်နေသော ပရဟိတစိတ်ထားမြတ်ကြောင့်ပင် ဖြစ်သည်။ ထိုကဲ့သို့ ကိုယ်လုပ်စရာရှိသည့်အလုပ်ကို နောက်မတွန့်ဘဲ ဆက်လက်လုပ်ကိုင်နေသော၊ လိုအပ်ပါက အသက်ကိုပင်မငဲ့ကွက်ဘဲ စွမ်းစွမ်းတမံ ပေးဆပ်ဆောင်ရွက်နေသော ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ပရဟိတစိတ်ဓာတ်သည် လေးစားဖွယ်ကောင်းလှသည်။ အားကျအတုယူဖွယ်ဖြစ်သည်။ ဂုဏ်ပြုထိုက်စရာ ဂုဏ်ယူစရာဖြစ်၏။

နိုင်ငံတော်အစိုးရသည် ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်အတွက် လိုအပ်သောကာကွယ်မှု၊ ကုသမှု၊ ထိန်းချုပ်မှု၊ ထောက်ပံ့မှုများကို အလျင်အမြန် ဆောင်ရွက်ရုံသာမက လိုအပ်သော သတင်းအချက်အလက်၊ အမိန့်၊ ဥပဒေ၊ ညွှန်ကြားချက်များနှင့် မေတ္တာရပ်ခံချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခဲ့သည်။ ထိုအခါ ကိုဗစ်-၁၉ အန္တရာယ်ကို တိုက်ဖျက်ရန်နှင့် နိုင်ငံတော်အစိုးရကို တစ်ဖက်တစ်လမ်းမှ ကူညီကြသော၊ နိုင်ငံ့တာဝန်ကို တစ်နည်းတစ်ဖုံ ထမ်းဆောင်လိုကြသော ပရဟိတသမားများ၊ စေတနာ့ဝန်ထမ်းများ၊ သဒ္ဓါတရားထက်သန်သော အလှူရှင်များ များစွာ ပေါ်ထွက်လာလေသည်။ ကိုရိုနာဗိုင်းရပ်စ် သံသယလူနာများ၊ ယင်းလူနာနှင့် ထိတွေ့မိသူများအတွက် ၁၄ ရက်သီးခြားစောင့်ကြည့်ရန် မိမိပိုင်နေရာထိုင်ခင်းအဆောက်အဦများအား ခေတ္တအသုံးပြုခွင့်ပေးသည့် သံဃာတော်အရှင်သူမြတ်များ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ ပေါ်ပေါက်လာသည်။ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ကုသရန်အတွက် လိုအပ်သော နှာခေါင်းစည်းအမျိုးမျိုး၊ လက်အိတ်များ၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများ၊ Infrared Thermometer များ၊ Termal Scanner များ၊ အသက်ရှူစက်(Ventilator)များ၊ လူနာအခြေအနေစောင့်ကြည့်စက် (Patient. Monitor) များ၊ ကလိုရင်းဆေးမှုန့်၊ ဆေးရည်များ၊ အခြားဆေးနှင့် ဆေးပစ္စည်းကိရိယာများအပါအဝင် အလှူငွေများနှင့်စားသောက်ဖွယ်ရာများကို ပြည်သူအများအပြားက တတ်နိုင်သလောက် လှူဒါန်းကြသည်။ ထို့ပြင် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖ ရပ်မိရပ်ဖများ၊ လူမှုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများ၏ တက်ကြွသော နေ့နေ့ညည ဆောင်ရွက်နေသည့် လုပ်အားဒါနကိုလည်း တွေ့မြင်ရ၏။ ဤကဲ့သို့ အလှူဒါနများနှင့် လုပ်အားဒါနများကို ထင်ရှားစွာ တွေ့မြင်ရခြင်းသည် ၎င်းတို့ရင်ထဲတွင် လင်းလက်တောက်ပစွာ တည်ရှိနေသော ပရဟိတစိတ်ထားမြတ်ကြောင့်သာ ဖြစ်ပေသည်။ ထိုသူများ၏ ပရဟိတစိတ်ထားနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းများသည်လည်း လေးစားအားကျဖွယ်၊ ဂုဏ်ပြုမှတ်တမ်းတင်ဖွယ်ရာပင် ဖြစ်သည်။

ထိုကဲ့သို့ မလုပ်နိုင်သည့်ပြည်သူများကလည်း ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ကုသရန်အတွက် နိုင်ငံတော်အစိုးရ၏ အမိန့်၊ ညွှန်ကြားချက်များကို ပရဟိတစိတ်ထားဖြင့် လိုက်နာဆောင်ရွက်ခဲ့ကြသည်။ အိမ်ထဲမှာပဲ နေထိုင်ခြင်း၊ လူစုလူဝေးမပြုလုပ်ခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်ဆေးခြင်း၊ ၁၄ ရက်သီးခြားစောင့်ကြည့်ခံရန် သတင်းပေးပို့ခြင်း၊ စည်းကမ်းများအတိုင်း လိုက်နာနေထိုင်ခြင်း၊ အသွားအလာ ထိန်းချုပ်ကန့်သတ်ခြင်းကို လက်ခံခြင်း၊ အစားအသောက်နှင့် ဆေးဝါးပစ္စည်းများကို သတ်မှတ်ဈေးနှုန်းအတိုင်းရောင်းချခွင့်နှင့် ယင်းပစ္စည်းများမှလွဲ၍ အခြားသောအရာများ ရောင်းဝယ်ဖောက်ကားမှုကို လျှော့ချခြင်း၊ အတတ်နိုင်ဆုံးမပြုလုပ်ခြင်း အစရှိသည့် အရာများကို ညီညီညွတ်ညွတ် လုပ်ဆောင်ကြလေသည်။ ဤကဲ့သို့ အစိုးရနှင့်ပြည်သူများအားလုံး စုပေါင်းညီညွတ်စွာ ဆောင်ရွက်ကြခြင်းသည် အားလုံး၏ ရင်ထဲတွင် လင်းလက်တောက်ပနေသော ပရဟိတ စိတ်ထားမြတ်ကြောင့်သာ ဖြစ်သည်ဟုဆိုပါက မည်သူမျှ မငြင်းနိုင်ချေ။ ထို့ကြောင့် အစိုးရနှင့်ပြည်သူများအနေဖြင့် အတူတကွလက်တွဲပြီး ပရဟိတစိတ်ဓာတ်များ အရင်းခံလျက် ကိုဗစ်-၁၉ အန္တရာယ်ကို ဆက်လက်ကာကွယ် တိုက်ဖျက်သွားမည်ဆိုပါက ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းသည် အချို့နိုင်ငံများကဲ့သို့ များပြားလာဖွယ်မရှိဘဲ တည်တည်ငြိမ်ငြိမ်နှင့်အောင်မြင်စွာ ထိန်းချုပ်ကာကွယ်နိုင်မည်ဟု ယုံကြည်ယူဆမိပေသည်။ ။

## အခြေခံလူတန်းစားများအတွက် ထောက်ပံ့ကူညီသည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်များကို ပုလဲမြို့နယ် မုံသွင်ကျေးရွာတစ်ရွာလုံးမယူ

**မုံရွာ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မုံသွင်ကျေးရွာသည် နိုင်ငံတော်က အခြေခံ လူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ၈ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာနှင့် ကြက်သွန် တစ်ပိဿာ စုစုပေါင်းထောက်ပံ့ကူညီမှု ငါးမျိုးကို မုံသွင်ကျေးရွာ တစ်ရွာလုံး မယူကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်နိုင်က ပြောကြားသည်။

မုံသွင်ကျေးရွာတွင် အိမ်ထောင်စု ၄၅၀၊ လူဦးရေ ၂၄၀၀ ကျော်ရှိကြောင်း၊ စပါး၊ နှမ်း၊ ပဲအမျိုးမျိုးတို့လည်း ရာသီအလိုက် နှစ်စဉ်ရရှိကြောင်း၊ တောင်ယာလုပ်ကိုင်သူ ဖဲ၅ ရာခိုင်နှုန်းထိရှိသည့်အတွက် ထောက်ပံ့မှုများကို မယူရခြင်းဖြစ်ပါကြောင်း၊ ကျေးရွာအတွင်း အခြေခံစားသောက်ကုန်များ လိုအပ်မှုရှိလာပါက ရွှေကျောင်း ဆရာတော် ဦးကုဏ္ဍလ၊ မဟာမာလာရုံကျောင်း ဆရာတော် ဦးရာဇိန္ဒနှင့် ဘုန်းကြီးကျောင်း ခြောက်ကျောင်းမှ ဆရာတော်၊ သံဃာတော်များ၏ လမ်းညွှန်မှုဖြင့် ဘုန်းကြီးကျောင်းတွင်ရှိသည့် ဆန်၊ ဆီ၊ ဆားများနှင့် ကျေးရွာမှ စားဝတ်နေရေးပြေလည်သူများ၏ လှူဒါန်းမှုများဖြင့် အစိုးရကထောက်ပံ့သကဲ့သို့ ပြန်လည်ထောက်ပံ့ပေးမည် ဖြစ်သည့်အတွက် တစ်ရွာလုံး မယူခြင်းဖြစ်ပါကြောင်း အုပ်ချုပ်ရေးမှူး ဦးမောင်နိုင်က ပြောသည်။



အုပ်ချုပ်ရေးမှူး ဦးမောင်နိုင်

မိမိတို့အနေဖြင့် နိုင်ငံတော်အား အုတ်တစ်ချပ်၊ သဲတစ်ပွင့်အထောက်အကူဖြစ်စေရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်များကို မယူရခြင်းဖြစ်ပါကြောင်း၊ အစိုးရက ချမ်းသာ၍ ထောက်ပံ့တာ မဟုတ်သည့်အတွက် မိမိတို့ရွာထက် ဆင်းရဲသည့်ရွာများကို ရစေချင်သည့် ဆန္ဒဖြင့် ထောက်ပံ့မှုများကို တစ်ရွာလုံး မယူခြင်းဖြစ်ပါကြောင်း မုံသွင်ကျေးရွာ၌ နေထိုင်သူ ဦးဖိုးကြည် (ခ) ဦးသိန်းဝင်းက ပြောကြားသည်။

မွေးကြူဇင်



# ရန်ကုန်တိုင်းဒေသကြီး စားနပ်ရိက္ခာဖြည့်တင်းရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး စားနပ်ရိက္ခာဖြည့်တင်းရေးနှင့် ထောက်ပံ့ရေးလုပ်ငန်း ဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပသည်။

**ဆွေးနွေး**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအဆင့် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး စားနပ်ရိက္ခာဖြည့်တင်းရေးနှင့် ထောက်ပံ့ရေးလုပ်ငန်း ဆပ်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများကို စားနပ်ရိက္ခာ ဖြည့်တင်းထောက်ပံ့နိုင်ရေးအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်(အခြေခံပစ္စည်းငါးမျိုး) ဝယ်ယူစုဆောင်းနိုင်ရေးနှင့် စနစ်တကျဖြန့်ဝေထောက်ပံ့နိုင်ရေး ဆွေးနွေးကြသည်။

**လှူဒါန်း**

ညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ဆေးရုံသုံးပစ္စည်းများနှင့် ဆက်စပ်လုပ်ငန်းကိစ္စများအတွက် အသုံးပြုရန် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းက ငွေကျပ် ၅၈၇၃၃၀၈၀၊ Paing Family International Co.,Ltd က ငွေကျပ် ၁၄၂၉၄၄၅၇၈ ကျပ်၊ Myanmar Thilawa SEZ Holdings Public Co.,Ltd က ငွေကျပ် ၅၀၀၀၀၀၀၀၊ ရန်ကုန်ခရစ်ယာန်အသင်းတော်များကောင်စီက ငွေကျပ် ၂၆၀၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့် ပြည်သူများအတွက် အခြေခံစားသောက်ကုန် (၅)မျိုးထောက်ပံ့ပေးအပ်

**မြစ်ကြီးနား မေ ၁၀**

နိုင်ငံတော်အစိုးရက သင်္ကြန်ရုံးပိတ်ရက် ကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် အခြေခံစားသောက်ကုန်ပစ္စည်း (၅)မျိုးကို ဝေငှပေးသွားမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များ၌ စားသောက်ကုန်ပစ္စည်းများ စတင်ဝေငှပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။(ဓာတ်ပုံ)



**ကြည့်ရှုအားပေး**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ပေါ်ရှိ အေးစေတီရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ စာရင်းကောက်ယူထားသည့် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား မိသားစုများအတွက် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဆန်(၈)ပြည်၊ ဆီ (၅၀)ကျပ်သား၊ ကုလားပဲ (၁)ပိဿာ၊ ဆား(၅၀)ကျပ်သား၊ ကြက်သွန် (၁)ပိဿာအပါအဝင် အလှူရှင်တစ်ဦး၏ ခရမ်းချဉ်သီးတစ်ပိဿာ ဖြည့်စွက်ဝေငှပေးနေမှု အခြေအနေကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေညောင်ပင်ရပ်ကွက်၊ အောင်နန်းရပ်ကွက်၊ ခေမာသီရိရပ်ကွက်နှင့် မြေမြင့်ရပ်ကွက်တို့တွင် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား မိသားစုများအား နိုင်ငံတော်က ထောက်ပံ့သည့် အခြေခံစားသောက်ကုန်ပစ္စည်း (၅)မျိုးအပြင် အလှူရှင်များ၏ စားသောက်ကုန်ပစ္စည်းများ အပိုဆောင်းဝေငှပေးနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လာရောက်ထုတ်ယူသည့် မိသားစုဝင်များအား နိုင်ငံတော်အစိုးရက သင်္ကြန်ကာလအတွင်း နေထိုင်စားသောက်ရေး အဆင်ပြေစေရန် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် မိမိတို့နှင့်အတူ ပူးပေါင်းပါဝင်ကြရေး ရှင်းရှင်းနီးနီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့ပြီး ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများအား မိမိတို့ရပ်ကွက်များအတွင်း အမှန်တကယ်ရသင့်သည့် မိသားစုဝင်များ ကျန်ရှိမှုမရှိစေရေး အလေးထား ဝေငှပေးရန်လိုကြောင်း တိုက်တွန်းမှာကြားခဲ့သည်။

**စတင်ဖြန့်ဝေ**

ကချင်ပြည်နယ်အတွင်း အခြေခံစားသောက်ကုန်ပစ္စည်းများ ဝေငှခြင်းအစီအစဉ်ကို မြစ်ကြီးနားမြို့နယ်အတွင်း ရပ်ကွက်(၂၈)ရပ်ကွက်၊ ကျေးရွာအုပ်စု သုံးစုဖြင့် စုစုပေါင်း ၃၁ ခုရှိ အိမ်ထောင်စု ၁၁၄၈၇ စု၊ လူဦးရေ ၅၄၅၅၂ ဦးတို့အတွက် စတင်ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရပြီး စားသောက်ကုန်များဝေငှခြင်းအတွက် ပြည်နယ်အတွင်းရှိ မြို့နယ် ၁၈ မြို့နယ်တွင် ရပ်ကွက်ကျေးရွာအုပ်စုပေါင်း ၅၅၄ ခုတို့တွင် လတ်တလောကောက်ယူသည့် စာရင်းများအရ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း တစ်သိန်းကျော်နှင့် မိသားစုဝင်လူဦးရေ ငါးသိန်းကျော်ရှိကြောင်းနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အဆိုပါ စာရင်းများတွင် အမှန်တကယ်လိုအပ်သူများ ကျန်ရှိမှုမရှိစေရေး ပြန်လည်စိစစ်ကောက်ယူခြင်းကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

□ **မန္တလေးမှ**

"ကျွန်တော်တို့ သီရိမာလာအနောက်ရပ်ကွက်မှာ အိမ်ထောင်စုပေါင်း ၁၈၅၂ စုနဲ့ လူဦးရေ ၉၇၂၀ နေထိုင်ပါတယ်။ အခုနိုင်ငံတော်က ထောက်ပံ့ပေးမယ့် စားသောက်ကုန်တွေကို လက်လုပ်လက်စား၊ အခြေခံလူတန်းစားတွေဖြစ်တဲ့ အိမ်ထောင်စု ၉၉၀ က လူဦးရေ ၄၉၈၀ အတွက် ဖြန့်ဝေပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရပ်ကွက်အတွင်းမှာ နေထိုင်ကြတဲ့ အခြေခံလူတန်းစားတွေရဲ့ စာရင်းကို နိုင်ငံတော်ကသတ်မှတ်ထားတဲ့ အချက် ၃၀ နဲ့ ကိုက်ညီသူတွေကို စိစစ်ရွေးချယ်ပြီး အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးမှာဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာ ကိုဗစ်-၁၉ ရောဂါကြောင့် အလုပ်မလုပ်နိုင်လို့ စားဝတ်နေရေး ခက်ခဲနေကြတဲ့ ဆင်းရဲနွမ်းပါးသူတွေအတွက် အခုလို နိုင်ငံတော်က ထောက်ပံ့ကူညီမှုတွေပေးတာကို ကျွန်တော်တို့ ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေ အနေနဲ့ အတိုင်းမသိ ဝမ်းသာပါတယ်။ သူတို့အတွက် အခုလို စားသောက်ကုန်တွေ ဖြန့်ဝေပေးရတာကိုလည်း ကျေကျေနပ်နပ်ကြီး ဝိုင်းဝန်းဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ ထောက်ပံ့ပေးသည့် စားသောက်ကုန်များအား ယနေ့ ရပ်ကွက်အတွင်း လိုက်လံဖြန့်ဝေပေးမှုအပေါ် အောင်မြေသာစံမြို့နယ် အကွက်အမှတ် (၂၂၀) မရမ်းခြံရပ်ကွက်အတွင်းနေထိုင်သူ ဒေါ်မြင့်မြင့်သန်းက "ကျွန်မတို့လို တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့လူတွေကို အခုလို စားသောက်ကုန်တွေ လာရောက်ထောက်ပံ့မယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ ဒီရပ်ကွက်မှာနေကြသူတွေက မြစ်ဆိပ်မှာ ကုန်ထမ်းပြီး ရပ်တည်နေကြသူတွေပါ။ အခု ကိုဗစ်-၁၉ ရောဂါကြောင့် ၁၅ ရက်လောက် အလုပ်နားကြရမှာဖြစ်လို့ စားဝတ်နေရေးအတွက် စိတ်ညစ်နေကြပါတယ်။ အခုလို နိုင်ငံတော်ကလည်း ထောက်ပံ့ပေးတယ်။ အခြားအလှူရှင်တွေကလည်း လာရောက်လှူဒါန်းပေးနေတာတွေရှိတဲ့အတွက် အဆင်ပြေနေကြပါတယ်။ ကျွန်မအနေနဲ့ အသက် ၅၈ နှစ်အတွင်းမှာ အခုလို နိုင်ငံတော်က ထောက်ပံ့ပေးတာကို ပထမဆုံးကြုံတွေ့ရတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

နိုင်ငံတော်က ထောက်ပံ့ပေးသည့် စားသောက်ကုန်များအား အခြေခံလူတန်းစားများအတွက် ဖြန့်ဝေပေးရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်စေရေးအတွက်လည်း လူစုလူဝေးမဖြစ်ပေါ်စေရန် ရပ်ကွက်အတွင်းလှည့်လည်၍ သုံးယောက်တစ်တွဲနှုန်းဖြင့် ခေါ်ယူကာ စနစ်တကျဖြန့်ဝေပေးပြီး ယနေ့သွားရောက်ထောက်ပံ့ပေးခဲ့သည့် မရမ်းခြံရပ်ကွက်တွင် အိမ်ထောင်စု ၂၉၀ နေထိုင်ကြပြီး ၎င်းတို့အနက် အခြေခံလူတန်းစား အိမ်ထောင်စု ၁၉၁ စုကို စာရင်းကောက်ယူဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# မိတ္ထီလာ၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အခြေခံစားသောက်ကုန် (၅)မျိုးပေးအပ်

**မိတ္ထီလာ မေ ၁၀**

မိတ္ထီလာမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်က ထောက်ပံ့သည့် အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုးကို ယနေ့တွင် အဆိုပါအိမ်ထောင်စု များထံသို့ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများက လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



မြို့ပေါ်ရပ်ကွက်များဖြစ်သည့် ဝန်ဇင်း၊ ရန်မျိုးအောင်၊ ကျီတော်ကုန်း၊ ပြည်သာယာ(မ)ရပ်ကွက်များမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်က ထောက်ပံ့သည့် တစ်အိမ်ထောင်စုလျှင် ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀)ကျပ်သား၊ ပဲ(၁)ပိဿာနှင့် ကြက်သွန်နီ (၁)ပိဿာ စုစုပေါင်း ထောက်ပံ့မှု (၅)မျိုးကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းနှင့် တာဝန်ရှိသူများက လိုက်လံထောက်ပံ့ပေးအပ်သည်။ ကျန်ရှိသည့် ရပ်ကွက်များနှင့် ကျေးရွာများသို့လည်း အဆင့်ဆင့်ထောက်ပံ့ပေးအပ်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပြီး မိတ္ထီလာမြို့နယ်အတွင်း ထောက်ပံ့ဖြန့်ဖြူးရမည့် ဆန်အိတ်အရေအတွက်မှာ ၁၁၀၀၀ ကျော်ခန့်ရှိ၍ မေ ၁၀ ရက်မှ ၁၁ ရက်အတွင်း ပြီးစီးအောင်ထောက်ပံ့ဖြန့်ဖြူးမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်အတွင်း ရပ်ကွက် ၁၄ ခု၊ ကျေးရွာအုပ်စု ၅၈ အုပ်စု၊ ကျေးရွာ ၃၈၀ တွင် ထောက်ပံ့မှု (၅)မျိုးပေးအပ်ဖြန့်ဖြူးရမည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားအိမ်ခြေ ၃၅၃၀၄၊ အိမ်ထောင်စု ၃၆၈၃၉ စု၊ လူဦးရေ ၁၅၃၃၆၉ ဦးရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# မိုးကောင်း၌ နိုင်ငံတော်က ထောက်ပံ့သည့် စားသောက်ကုန် (၅)မျိုး ပထမနေ့ပေးအပ်

**မိုးကောင်း မေ ၁၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း သင်္ကြန်ကာလပိတ်ရက်များတွင် အခြေခံလူတန်းစားများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် စားသောက်ကုန် (၅)မျိုးကို ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးရုံး၌ စတင်ပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု တစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီ(၅၀)ကျပ်သား၊ ကုလားပဲ (၁)ပိဿာ၊ ဆား(၅၀)ကျပ်သားနှင့် ကြက်သွန်နီ (၁)ပိဿာကို ထောက်ပံ့ပေးအပ်ရာ မိုးကောင်းမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၈၃၅၁ စုအတွက် ယနေ့မှစ၍ စတင်ဝေငှပေးလျက်ရှိပြီး ပထမနေ့အဖြစ် အိမ်ထောင်စု ၅၀ အောက် စာရင်းရရှိထားသည့် ကျေးရွာအုပ်စု ၁၄ စုမှ အိမ်ထောင်စု ၃၅၃ စုအတွက် စားသောက်ကုန်(၅)မျိုးကို ဝေငှပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ချင်းပြည်နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန်(၅)မျိုးကို အိမ်အရောက် ထောက်ပံ့

**ဟားခါး မေ ၁၀**

ချင်းပြည်နယ်အတွင်း နေထိုင်လျက်ရှိသော အိမ်ထောင်စုများအနက် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုပေါင်း ၂၃၅၈၇ စုအတွက် အခြေခံစားသောက်ကုန်(၅)မျိုးကို မေ ၁၀ ရက်မှစ၍ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများက ကြီးကြပ်၍ အိမ်အရောက်ထောက်ပံ့ပေးလျက်ရှိရာ ပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။



ချင်းပြည်နယ် ဟားခါးမြို့ ဟားခါးထန် မြို့သစ်ရပ်ကွက်ရှိ မုန်တိုင်းဒဏ်ခံအဆောက်အဦတွင် ယနေ့နံနက် ၁၁ နာရီက ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဟားခါးမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအသီးသီးရှိ အခြေခံလူတန်းစားများအတွက် အိမ်အရောက်ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြပြီး ရပ်ကွက်၊ ကျေးရွာအဆင့် ဖွဲ့စည်းထားရှိသည့် အဖွဲ့ငယ်လေးများက သက်ဆိုင်ရာ ရပ်ကွက်အလိုက် အိမ်အရောက် ဖြန့်ဝေပေးလျက်ရှိသည်။

"ချင်းပြည်နယ်အတွင်း လက်ရှိစုဆောင်းထားပြီးဖြစ်တဲ့ ဟားခါးမြို့မှာ ဆန်အိတ် ၃၁၁ အိတ်၊ တီးတိန်မြို့မှာ ၄၆၈ အိတ်၊ မင်းတပ်မြို့မှာ အိတ် ၅၀၀၊ မတူပီမြို့မှာ အိတ် ၅၀၀ စုစုပေါင်း ဆန်အိတ် ၁၇၇၉ အိတ်ကို စုဆောင်းထားရှိပြီး ဖြစ်လို့ အဲဒီမြို့တွေမှာ ဒီနေ့ကစပြီး အိမ်အရောက် ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်နေပါတယ်။ နောက်ထပ်လိုအပ်မယ့် ဆန်တွေကို ပို့ရမယ့်မြို့တွေဆီ ဒီနေ့ရောက်အောင် ဝယ်ယူပို့ဆောင်ရေးအဖွဲ့သုံးဖွဲ့နဲ့ ဆောင်ရွက်နေပါတယ်။ ချင်းပြည်နယ်တောင်ပိုင်းက မြို့နယ်တွေဆီကို မန္တလေးမြို့၊ ကျောက်ပန်းတောင်းမြို့နဲ့ ပခုက္ကူမြို့တို့မှတစ်ဆင့်၊ မြောက်ပိုင်းကမြို့နယ်တွေဆီကို ကလေးမြို့မှတစ်ဆင့် စတဲ့ ဝယ်ယူပို့ဆောင်ရေးအဖွဲ့တွေဖွဲ့ပြီး အမြန်ဆုံး ထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်"ဟု ချင်းပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က ပြောကြားသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန်(၅)မျိုး ထောက်ပံ့ပေးနိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၊ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ပြည်နယ်အဆင့်ကော်မတီတို့၏ လမ်းညွှန်မှုနှင့်အတူ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း အမှန်တကယ် အခက်အခဲရှိသောအိမ်ထောင်စုများထံသို့ အိမ်အရောက် ပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပြီး ကျန်ရှိနေသောမြို့များသို့ အခြေခံစားသောက်ကုန်များကို အမြန်ဆုံး ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၂၃၅၈၇ စုခန့်ရှိကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**



# ကယားပြည်နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား အခြေခံစားသောက်ကုန်(၅)မျိုး ထောက်ပံ့ပေးအပ်

**လွိုင်ကော် မေ ၁၀**

Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် ကယားပြည်နယ် Coronavirus Disease 2019 (COVID –19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကယားပြည်နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများကို အခြေခံစားသောက်ကုန် (၅)မျိုးဖြစ်သည့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ကြက်သွန်နီ စသည်တို့အား ယနေ့နံနက်ပိုင်းမှစတင်ပြီး ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါထောက်ပံ့ပေးအပ်မှုတွင် စာရင်းကောက်ယူပြီးစီးသည့် ကယားပြည်နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအနက် ဗဟိုကော်မတီ၏ လမ်းညွှန်မှုအရ ပြည်နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအများဆုံးရှိသည့် လွိုင်ကော်မြို့နယ်အား မေ ၁၀ ရက်တွင် ဖြန့်ဝေနိုင်ရေးအတွက် ကယားပြည်နယ် Coronavirus Disease 2019 (COVID –19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ပြီးဖြစ်သည့်အတွက် လွိုင်ကော်မြို့နယ်အတွင်း မင်္ဂလာရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများသို့ ဆန် (၈)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ပဲ (၁) ပိဿာ၊ ဆား (၅၀)ကျပ်သားနှင့် ကြက်သွန်နီ (၁) ပိဿာတို့အား ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထောက်ပံ့ပေးနေသည့် မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က နံနက် ၁၁ နာရီတွင် ကြည့်ရှုစစ်ဆေးပြီး အခြေခံစားသောက်ကုန် (၅)မျိုးအား ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့သည်။

အခြေခံစားသောက်ကုန်(၅)မျိုးအား ဖြန့်ဝေရာတွင် ကယားပြည်နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများလက်ထဲသို့ ရောက်ရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန်နှင့် လွိုင်ကော်မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် ယနေ့အပြီး ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ရုံးထံမှ သိရသည်။

ကယားပြည်နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား အခြေခံစားသောက်ကုန်(၅)မျိုး ဖြန့်ဝေနိုင်ရေးအတွက် စာရင်းကောက်ယူခဲ့ရာ လွိုင်ကော်မြို့နယ်တွင် အိမ်ထောင်စု ၆၈၃၁ စု၊ ဒီးမော့ဆိုမြို့နယ်တွင် အိမ်ထောင်စု ၅၇၄၁ စု၊ ဖရူဆိုမြို့နယ်တွင် အိမ်ထောင်စု ၁၁၇၃ စု၊ ရှားတောမြို့နယ်တွင် အိမ်ထောင်စု ၂၂၄ စု၊ ဘောလခဲမြို့နယ်တွင် အိမ်ထောင်စု ၄၇၈ စု၊ ဖားဆောင်းမြို့နယ်တွင် အိမ်ထောင်စု ၁၀၈၃ စု၊ မယ်စဲ့မြို့နယ်တွင် အိမ်ထောင်စု ၉၇၁ စု စုစုပေါင်း ၁၆၅၂၁ စုအား အခြေခံစားသောက်ကုန်(၅)မျိုး ဖြန့်ဝေသွားမည်ဖြစ်သည်။

အဆိုပါ အခြေခံစားသောက်ကုန် (၅)မျိုးဖြန့်ဝေမှုအား မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ဝေငှပေးနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီး၍ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ ပါဝင်သော စာရင်းကောက်ယူရေး ပူးပေါင်းအဖွဲ့ဖြင့် စာရင်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းလေး(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများကို အခြေခံစားကုန်(၅)မျိုး လှူဒါန်းဝေငှ

**မုံရွာ မေ ၁၀**

ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများကို မေ ၁၀ ရက်က မုံရွာမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီးတို့ကိုယ်တိုင် အခြေခံစားကုန် (၅)မျိုးကို လှူဒါန်းဝေငှသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၂၀၀၅ စုမှ အိမ်ထောင်စု ၄၄၂၇၀၅ စု၏ အိမ်ထောင်စုဝင် လူဦးရေ ၁၈၇၂၇၀၃ ဦးကို အခြေခံစားကုန်(၅)မျိုး ဝေငှပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးရှိ ခရိုင် ၁၁ ခုအတွင်း ပုံမှန်ဝင်ငွေမရှိသော လူတန်းစားအိမ်ထောင်စု စာရင်းကောက်ယူရာတွင် ရွှေဘိုခရိုင်က လူဦးရေ ၃၇၉၈၇၄ ဦးဖြင့် အများဆုံးကောက်ယူရရှိခဲ့ပြီး မုံရွာခရိုင်က ၂၈၆၆၁၃ ဦးဖြင့် ဒုတိယအများဆုံး ကောက်ယူရရှိကြောင်း သိရသည်။

ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု စာရင်းကောက်ယူရာတွင် နာဂဒေသ၌ ၁၂၅၀၆၄ ဦး၊ ခန္တီးခရိုင်၌ ၈၃၈၆၅ ဦး၊ တမူးခရိုင်၌ ၃၂၈၈၇ ဦး ကောက်ယူရရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# တောင်ကုတ်မြို့ပေါ်ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားများအား ထောက်ပံ့ပစ္စည်း(၅)မျိုး အခမဲ့ထောက်ပံ့ပေးအပ်

**တောင်ကုတ် မေ ၁၀**

တောင်ကုတ်မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားမိသားစုများအတွက် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ထောက်ပံ့ပေးအပ်သောစားသောက်ကုန်(၅)မျိုးအား ယနေ့နံနက် ၁၀ နာရီက တောင်ကုတ်မြို့မ အားကစားကွင်း၌ သိမ်တောင်ရပ်ကွက်မှ အခြေခံလူတန်းစား အိမ်ထောင်စု ၂၀၀ အား ဖြန့်ဝေခဲ့သည်။



အဆိုပါ ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစား အိမ်ထောင်စုများအား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက အိမ်ထောင်စု (၁)စုလျှင် ဆန်(၈)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ကြက်သွန်နီ(၁)ပိဿာ၊ ပဲ(၁)ပိဿာနှင့် ဆား(၅၀)ကျပ်သားတို့အား ဖြန့်ဝေပေးလျက်ရှိပြီး ကျန်ရပ်ကွက်/ကျေးရွာအုပ်စုများအား ဆက်လက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်တွေမြို့၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်(၅)မျိုး ထောက်ပံ့ပေးအပ်

**စစ်တွေ မေ ၁၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက စစ်တွေမြို့ရှိ မြို့ပေါ်ရပ်ကွက်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်(၅)မျိုး ထောက်ပံ့ပေးအပ်နေမှုအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်များ ကိုယ်တိုင်ထောက်ပံ့ပေးအပ်သည်။

**ပေးအပ်**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက် ဓမ္မာရုံ၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုဝင်များအား တွေ့ဆုံပြီး သင်္ကြန်ကာလတွင် ရက်ရှည်အလုပ်ပိတ်ရက်များဖြစ်သည့်အတွက် ထိုကာလ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန် မိမိတို့နေအိမ်များတွင် နေထိုင်ကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်သည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပေးကြရန်၊ အတတ်နိုင်ဆုံး မိမိအိမ်တွင်နေထိုင်ပေးခြင်းဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးကြရန်နှင့် မိမိတို့



နေအိမ်များတွင်နေထိုင်စဉ်ကာလအတွင်း နေထိုင်စားသောက်ရေးအဆင်ပြေစေရန် ယခုကဲ့သို့ အခြေခံစားသောက်ကုန်(၅)မျိုးကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က အိမ်ထောင်စုတစ်စုအတွက် အခြေခံစားသောက်ကုန်(၅)မျိုးကို ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ တရားသိစုရပ်ကွက်၊ ကျေးပင်ကြီးရပ်ကွက်နှင့် ရဲနွယ်စုရပ်ကွက်များသို့သွားရောက်ပြီး ရပ်ကွက်ဓမ္မာရုံများ၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားပြီး အခြေခံစားသောက်ကုန် (၅)မျိုးကို ထောက်ပံ့ပေးအပ်သည်။

ထိုအတူ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ယနေ့နံနက်ပိုင်းမှစတင်ကာ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား အိမ်ထောင်စုတစ်စုလျှင် ဆန်(၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀)ကျပ်သား၊ ပဲ(၁)ပိဿာနှင့် ကြက်သွန်(၁)ပိဿာတို့ကို ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

**ပေါင်းစပ်ဖြည့်ဆည်း**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ဝန်ထမ်းအိမ်ရာ လေးထပ်ဆောင်၌ ပြည်ပမှ နေရပ်ပြန်လည်ရောက်ရှိလာသူများကို ကန့်သတ်စောင့်ကြည့်ထားရှိမှုအား သွားရောက်ကြည့်ရှု၍ ကျန်းမာရေး၊ စားသောက်ရေးအခြေအနေများအား မေးမြန်းကာ အားပေးစကားပြောကြားပြီး လိုအပ်ချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ တိုင်းရင်းဆေးရုံသို့သွားရောက်ပြီး ပြည်ပမှ နေရပ်ပြန်လည်ရောက်ရှိလာသူများကို ကန့်သတ်စောင့်ကြည့်ထားရှိရန် နေရာပြင်ဆင်ထားမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို အမြန်ဆုံးအသင့်ဖြစ်အောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# အခြေခံစားသောက်ကုန်များ ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေ

**မကွေး မေ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မကွေးတိုင်းဒေသကြီးအဆင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ အတွင်းရေးမှူး ဦးဝေဇင်ထွန်းတို့သည် တာဝန်ရှိသူများ လိုက်ပါကာ ယနေ့ နံနက်ပိုင်းက အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန်(၅)မျိုးအား မကွေးမြို့ပေါ် ရပ်ကွက်များအတွင်း အိမ်တိုင်ရာရောက်စနစ်ဖြင့် ဖြန့်ဝေပေးနေမှုကို လိုက်လံကြည့်ရှု၍ ပြည်သူများအား အားပေးစကားပြောကြားကာ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်တို့အား ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**





# ဂန့်ဂေါမြို့နယ်၌ အခြေခံလူတန်းစားများအတွက် စားသောက်ကုန်များဖြန့်ဝေ

**ဂန့်ဂေါ မေ ၁၀**

ဂန့်ဂေါမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန်များကို ယနေ့ နံနက် ၇ နာရီမှစတင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖြန့်ဝေပေးသည်။

ဖြန့်ဝေရာ၌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများဦးဆောင်၍ ဖြန့်ဝေပေးကြပြီး ခေါင်းရွက်ဗျက်ထိုးဈေးသည်များ၊ ဆိုက်ကား၊ မြင်းလှည်း၊ စက်လှေမောင်း၊ ဆိုင်ကယ်အငှားယာဉ်မောင်း၊ နေ့စားအလုပ်သမား၊ လယ်မဲ့၊ ယာမဲ့၊ လယ်ကူလီ၊ ကျပမ်း၊ အလုပ်လက်မဲ့များနှင့် အခြား စသည်တို့ကို ပုံမှန်ဝင်ငွေမရှိသူများအဖြစ် စာရင်းကောက်ယူဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။

ဖြန့်ဝေရာတွင် ဂန့်ဂေါမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၊ ဂန့်ဂေါမြို့နယ် ကျောမြို့ရှိ ရပ်ကွက်သုံးခုတို့မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ အိမ်ထောင်စု ၇၄၃၇ အတွက် မိသားစု(၁)စုလျှင် ဆန် (၈) ပြည်၊ ပဲ(၁)ပိဿာ၊ ကြက်သွန်နီ(၁)ပိဿာ၊ ဆီ(၅၀) ကျပ်သား၊ ဆား(၅၀)ကျပ်သားနှုန်းဖြင့် စုစုပေါင်း ဆန် ၅၉၄၉၆ ပြည်၊ ဆီ ၃၇၁၉ ပိဿာ၊ ပဲ ၇၄၃၇ ပိဿာ၊ ဆား ၃၇၁၉ ပိဿာနှင့် ကြက်သွန်နီ ၇၄၃၇ ပိဿာတို့ကို ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**

# ပွင့်ဖြူမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား စားသောက်ကုန်ပစ္စည်း(၅)မျိုး ထောက်ပံ့ပေးအပ်

**ပွင့်ဖြူ မေ ၁၀**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက မဟာသင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ပေးပို့ထောက်ပံ့သော ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲ အခြေခံစားသောက်ကုန် ပစ္စည်း(၅)မျိုးအား ယနေ့ နံနက် ၁၀ နာရီက ပွင့်ဖြူမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်အပါအဝင် ကျေးရွာအုပ်စု ၅၆ အုပ်စုမှ အခြေခံလူတန်းစား အိမ်ထောင်စုဝင်များအား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ၏ စာရင်းကောက်ယူရေးနှင့် ရိက္ခာစုဆောင်းရေးဦးစီးကော်မတီထံမှ သိရသည်။

**ဝေငှပေးအပ်**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်သည် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်အပါအဝင် စုစုပေါင်း ကျေးရွာအုပ်စု ၅၆ အုပ်စုနှင့် ကျေးရွာပေါင်း ၂၀၄ ရွာရှိကြောင်း သိရပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုဦးရေအနေဖြင့် စုစုပေါင်း ၁၉၉၅၀ ရှိကြောင်း သိရသည်။ ယနေ့ နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုဝင်များအား မြို့နယ်အဆင့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ၏ စာရင်းကောက်ယူရေးနှင့် ရိက္ခာစုဆောင်းရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ အိမ်ထောင်စု(၁)စုလျှင် ဆန် (၈) ပြည်၊ ဆီ (၅၀)ကျပ်သား၊ ပဲ (၁)ပိဿာ၊ ဆား (၅၀)ကျပ်သား၊ ကြက်သွန်(၁)ပိဿာတို့ကို ဝေငှပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ပေးသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ပဲ အခြေခံစားသောက်ကုန်ပစ္စည်း(၅)မျိုးအား ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက မိမိတို့



နယ်မြေအလိုက် စာရင်းကောက်ယူထားသော အခြေခံလူတန်းစား အိမ်ထောင်စုဝင်များကို စနစ်တကျ နေ့ချင်းပြီး ထောက်ပံ့ဝေငှပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ယူတတ်လျှင်အမြတ်ရသည်၊ မိမိအိမ်သည်ပင် ကုသိုလ်စခန်းဖြစ်သည်

**မိုးကေနိုင်**

ယခုလိုကာလမျိုး ယူတတ်မည်ဆိုလျှင် ကိုယ့်အိမ်၊ ကိုယ့်ရွာ၊ ကိုယ့်ပတ်ဝန်းကျင်သည် ကုသိုလ်များစွာ အရယူရန် တရားရိပ်သာကြီးပင်ဖြစ်ပါသည်။ မိမိအိမ်ရာတွင် Home Quarantine လုပ်နေစဉ် သတိ၊ ဝီရိယ၊ ပညာအမြဲကပ်နေသူသည် ရောဂါသိ ဆေးရှိဆိုသလို ကြုံတွေ့နိုင်သည့် ဒုက္ခအပေါင်းမှ ရှောင်သွေဖယ်ရှားနိုင်ပါသည်။ ထိုကပ်ဘေးကြီးသည် မိမိမှာသာ မဟုတ်၊ ကမ္ဘာ့လူသားသန်းပေါင်းများစွာတွင်မှာပါ စိတ်သောကများစွာဖြင့် ဂယက်ရိုက်ခတ်ခံနေရသည် ဖြစ်ပါသည်။ အဖိတ်အစဉ်နည်းစေရန် များစွာသော အကန့်အသတ်များ၊ မဖြစ်မနေ ညွှန်ကြားကြပ်မတ်ထားချက်များ အောက်တွင် ပညာဉာဏ်အမြော်အမြင်ကိုရှေ့ထားကာ သတိကပ်၊ ဝီရိယအပြည့်ဖြင့် လိုက်နာဆောင်ရွက်ရမယ့်အချက်များကို တိတိကျကျလိုက်နာ ဆောင်ရွက်ရန် လိုအပ်လှပါသည်။

**သဒ္ဓါတရားနှင့် ဒါနအခွင့်အခါ**

ကြောက်နေကြရုံ၊ စိုးရိမ်သောကဗျာပါဒများနေရုံဖြင့် မပြီးပါ။ ယခုလိုအချိန်ကာလလေးသည် မြတ်စွာဘုရား၏ တရားတော်လာဒေသနာများကို နှလုံးသွင်းဆင်ခြင်အားထုတ်ရန် အကောင်းဆုံးအချိန်ကာလလေးတစ်ခုလည်းဖြစ်ပါသည်။ ဖြူစင်သည့်စိတ်ထား၊ အကြင်နာတရားများဖြင့် ထက်သန်သော စေတနာသဒ္ဓါတရားများပြသဖို့ အခွင့်အလမ်းကောင်းတစ်ခုအဖြစ်လည်း ဆိုချင်ပါသည်။ အပူမီးများနှင့် လောဘ၊ ဒေါသ၊ မောဟတရားများ ထူပြောနိုင်သည့် အခိုက်အတန့်တွင် သတိရှေ့ဆောင်ပြီး ဆင်ခြင်ကြည့်လိုက်ပါက မိမိထံပါးတွင် ဒါနဆိုသော ကုသိုလ်တရားများလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

မိမိပတ်ဝန်းကျင်တွင် လှူဒါန်းထောက်ပံ့ဖို့ လိုအပ်နေသောသူများ၊ နေရာများ လက်ညှိုးထိုးမလွဲ တွေ့နိုင်ပါသည်။ အသက်ရှူစက်စသည့် အသက်ကယ်ကိရိယာများ၊ ဆေးဝါးပစ္စည်းများ လိုအပ်နေသော ဆေးရုံများ ရှိနိုင်ပါသည်။ ဆရာဝန်၊ သူနာပြုများအတွက် ကူးစက်ရောဂါကာကွယ်ရေးသုံးပစ္စည်းများ၊ နှာခေါင်းစည်းများ၊ လက်သန့်စင်ဆေးရည်များ လိုလေသေးမရှိ ကြိုတင်မြော်တွေး၍ လှူဒါန်းမှုပြုခြင်းသည် တက်ကြွစွာတာဝန်ထမ်းရွက်နေသော ဆရာဝန်၊ ဆရာမတွေ၏ ခံယူချက်ကောင်းများကို များစွာအထောက်အကူပြုနိုင်ပါသည်။ အသွားအလာပိတ်ပင်ကန့်သတ်မှုများကြောင့် လူပုဂ္ဂိုလ်၊ သံဃာတော်များ၏ တွေ့ကြုံရမည့် စားဝတ်နေရေးအခက်အခဲများအပေါ် မိမိပြုလိုက်မည့် အလှူဒါနကြောင့် ရရှိလာမည်က မိမိအတွက် မဟာကုသိုလ်တစ်ပါးပင်ဖြစ်ပါသည်။

အထူးသဖြင့် မိမိပတ်ဝန်းကျင်တွင် အကူအညီလိုအပ်နေသူများအတွက် အလေးအနက်ထား ဆောင်ရွက်စေချင်ပါသည်။ လိုအပ်နေသောအချိန်တွင် လိုအပ်နေသူများကို တစ်ပါးသူတို့ မတိုက်တွန်းရဘဲနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်သည့် အားကြီးသော သဒ္ဓါ၊ ပြည့်စုံသော ပညာဉာဏ်အမြော်အမြင်တို့ဖြင့် ရှေ့သွားပြုပြီး လှူဒါန်းလိုက်သောအခါ မိမိ၏စေတနာကံသည် အလွန်အားကြီးသွားပါသည်။ ကာလဒေသစသည်တို့ အများအပြားအားဖြင့် တွက်လိုက်မည်ဆိုလျှင် ရရှိသောမဟာကုသိုလ်စိတ်အပေါင်းသည် မရေမတွက်နိုင်အောင်ပင်ဖြစ်ပါသည်။

**ပူဇော်ရမည့်အခါကောင်းနှင့် စောင့်ထိန်းရမည့်သီလ**

ယခုလိုအချိန်ကာလသည် အနယ်နယ်အရပ်ရပ်က သံဃာတော်များက မိမိတို့၏ သီလအား၊ သမာဓိအား၊ ပညာအားများဖြင့် စုပေါင်းပြီး ကပ်ကြီးသုံးပါးကင်းဝေးစေရန် ရည်ရွယ်ပူဇော်နေကြတဲ့ ကာလတစ်ခုလည်းဖြစ်ပါသည်။ ယခုဒီလို အခွင့်အခါကြုံခိုက် မိမိတို့၏ သီလ၊ သမာဓိမြဲမြံအောင် မိမိအိမ်မှာပင် ကြိုးစားရွတ်ဆိုပူဇော်အားထုတ်ကြလျှင်ဖြင့် အဆိုးထဲက အကောင်း၊ အရှုံးထဲက အမြတ်ပမာကြီးစွာသော ကုသိုလ်တရားများရရှိမည် ဖြစ်ပါသည်။ ယခင်က မိမိအလုပ်ဖြင့် မိမိရွတ်ဖတ်ပူဇော်ပွားများခွင့် နည်းပါးနေသူများအတွက်လည်း အခွင့်အခါကောင်းတစ်ခုဖြစ်ပါသည်။ ထိုသို့ ဆင်ခြင်နှလုံးသွင်းတတ်လျှင် မိမိထံပါး၌ စွန့်ကြဲပေးကမ်းလှူဒါန်းလိုသော ဒါန၊ ကာယကံ၊ ဝစီကံ၊ အပြစ်များကို မဖြစ်စေရန် စောင့်ထိန်းလိုသော သီလ၊ မနောကံများ မဆိုးရွားစေရန် သမထ၊ ဝိပဿနာတရားများကို အားထုတ်လိုသော ဘာဝနာစသည့် ပုညကြိယာဝတ္ထုများလည်း ကိန်းအောင်းလာမည်မှာ မလွဲကေန်ဖြစ်ပါသည်။

သီလမမြဲကြ၍ မစောင့်ထိန်းနိုင်ကြ၍ ဖြစ်ကြရသည့် ယခုလိုအချိန်လေးတွင် ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်ဖြင့် ကြိုးစားပြီးခံယူဆောက်တည်ကြခြင်းသည် သင့်တင့်လျောက်ပတ်သော ဘဝတစ်ခု၏ အခြေခံလိုအပ်ချက်လေးတစ်ခုကို ဖြည့်ဆည်းပေးရာလည်းရောက်ပါသည်။ ကြုံတွေ့ရသည့် အနာရောဂါတွေကင်းဝေးရေးအတွက်လည်း အထောက်အပံ့ပြုရာရောက်ပါသည်။ ယခုလိုအချိန်ကို အခွင့်ကောင်းယူပြီး ကြိုးစားဆောင်ရွက်လိုက်သည့် သီလကုသိုလ်သည် ယခုလိုကြုံတွေ့ရသည့် ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ရေးအတွက် နောင်သံသရာတွင် အကျိုးပေးမည့် အနိမ့်ဆုံးစံချိန်ဖြစ်သော အကျိုးတရားရလဒ်ကောင်းများကိုလည်း ရရှိစေမည်ဖြစ်ပါသည်။

**ဖိစီးမှုများနေရာတွင် သန့်ရှင်းမှုများ အစားထိုးနိုင်ပါစေ**

မည်သူမဆို တစ်ချိန်မှာ အိုကြရ၊ နာကြရ၊ သေကြရမည်မှာမလွဲပါ။ ဒီလိုအချိန်တွင် သေချာသည့်အခွင့်အရေးတစ်ခုကို မလွတ်တမ်း အကျိုးရှိရှိဆုပ်ကိုင်နိုင်ကြပါစေရန် နှိုးဆော်လိုပါသည်။ ကျန်းမာနေတုန်းလေး၊ ဉာဏ်အလင်းရှိတုန်းလေး မှန်မှန်လေးလျှောက်လှမ်းနိုင်ဖို့ရန် တွန်းအားတစ်ခုဖြစ်မည်ဟု ထင်ပါသည်။ လူဆိုတာ နာလာတဲ့အခါ သေခြင်းတရားကိုလည်း စဉ်းစားတတ်လာသည်။ ကပ်ဘေးကြောင့် ကမ္ဘာ့နိုင်ငံအချို့တွင် တွေ့မြင်ကြားသိနေရသည့် သေခြင်းတရားများကို ရင်ဆိုင်ခဲ့ကြရသူများသည် လွန်ခဲ့သောရက်များ၊ လများတုန်းက ယခုလိုအဖြစ်ဆိုးမျိုး ကြုံတွေ့ကြရမည်ဟု ဘယ်သူကမျှ ထင်ခဲ့ကြမည် မဟုတ်ပါ။ ကိုယ့်ရှေ့မှာ မမြဲတဲ့တရားများကိုလည်း မြင်နေကြားနေကြရပါပြီ။ ဤအခါတွင် မိမိအတွက်လည်း မစဉ်းစားဘဲနေမိကြမယ် မထင်ပါ။ ထိုသို့စဉ်းစားမိခြင်းနှင့်အတူ ညစ်နွမ်းနေသည့်စိတ်များ ကိုယ့်ထံပါးရှိနေသည်ဆိုလျှင် ထိုဖိစီးမှုများကို ဝေးသည်ထက်ဝေးကွာစေရန် ဖယ်ရှားသင့်ရန် အချိန်တန်ပါပြီ။ စိတ်ညစ်၊ စိတ်ဆိုးများနေရာတွင် ဖြူစင်သန့်ရှင်းသောစိတ်များ အစားထိုးရန် အခါအခွင့်သင့်ပြီဖြစ်ပါသည်။ မိမိနှင့်ဆက်စပ်နေသော အရာမှန်သမျှအားလုံးကို ကုသိုလ်အာရုံဖြင့်သာ နှလုံးသွင်းဆင်ခြင်နိုင်လျှင်ဖြင့် အခွင့်ရခိုက် မိမိပြုလိုက်တဲ့ ကုသိုလ်ကံများသည် ယခုကာလကော နောင်ဘဝအတွက်ပါ အကျိုးပေးထက်သန်မည်မှာ အသေအချာပဲဖြစ်ပါသည်။

**ယခုလိုကာလအခိုက်အတန့်တွင် အကြောင်းတရားဖြစ်သည့် ကုသိုလ်သဒ္ဓါတရားကိုမှီ၍ ပေးကမ်းစွန့်ကြဲလှူဒါန်းလိုက်ရသော ဒါနအကျိုး၊ ဆောက်တည်လိုက်ရသော သီလအကျိုး၊ ပွားများအားထုတ်လိုက်ရသော ဘာဝနာအကျိုးများနှင့်အတူ ကုသိုလ်ကြောင့် ကုသိုလ်များ ဆက်ကာဆက်ကာ ဖြစ်နေမည်ဆိုလျှင် ကံစီမံရာ အကျိုးများနှင့်အတူ ဒီကပ်ကြီးသည်လည်း အချိန်အတိုင်းအတာတစ်ခုအတွင်းမှာပင် ပြီးဆုံးသွားမှာသေချာ**

**စိတ်၏စွမ်းအားကို ရယူပါ**

မြတ်စွာဘုရား၏ တရားတော်တွင် ရုပ်များဖောက်ပြန်ပြီး ရောဂါများဖြစ်ကြရသည့် အကြောင်းတရားလေးပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူ၍ ဟောကြားမှုများရှိပါသည်။ ယခုလို လောကသားအားလုံးနှင့် သက်ဆိုင်နေသည့် ကံကြောင့်ဖြစ်သော ထိုသဘာဝတရားကြီးတစ်ခုကို အောင်မြင်စွာရင်ဆိုင်ရာ၌ မိမိ၏စိတ်စွမ်းအားကလည်း အထောက်အကူပြုပေးနေပါသည်။ စိတ်ကလေးငြိမ်းချမ်းရန် သမထဘာဝနာက အကူအညီပေးပါသည်။ စိတ်၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်၊ ကံကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့်ဖြစ်သော ရုပ်စသည်အားလုံး မမြဲ၊ အစိုးမရဟူ၍ ဉာဏ်ဖြင့်ဆင်ခြင်နေသည့် ဝိပဿနာဘာဝနာတရားများ ကျင့်ကြံအားထုတ်ရန် အချိန်အခါကောင်းတစ်ခုလည်းဖြစ်ပါသည်။ ကြည်လင်အေးမြသည့် စိတ်၏စွမ်းအားများသည် သောကကိုပျောက်စေပြီး ကောင်းမွန်သည့်ရုပ်များကိုသာ မွေးဖွားအစားထိုးပေးကာ ကျန်းမာမှုကို အားပေးပါသည်။ စိတ်သက်သာရာရမှုသည် အဖော်လိုနေသည့်သူများအတွက် မိတ်ဆွေကောင်းတစ်ဦးလည်း ဖြစ်ပါတယ်။

**သံသရာအတွက် အာမခံချက်သည် ဗုဒ္ဓ၏တရားတော်များတွင်သာ ရှိသည်**

ဆေးသိပ္ပံပညာရှင်များအနေဖြင့်လည်း ယခုကပ်ဘေးကြီးအတွက် ကာကွယ်ဆေး၊ ကုသဆေးများကို အပြိုင်အဆိုင် အပြင်းအထန် အားထုတ်ရှာဖွေနေကြဆဲဖြစ်ပါသည်။ သို့သော်လည်း ရောဂါဆိုးကိုထိန်းချုပ်နိုင်ရန် လက်ဆေးခြင်း၊ လူစုလူဝေးရှောင်ခြင်း၊ သွားမှုလာမှုကန့်သတ်ခြင်း စသည့် ကြိုတင်ကာကွယ်မှုနည်းလမ်းများကလွဲ၍ ကာကွယ်ကုသဆေးများအပိုင်းတွင် ခိုင်မာရေရာသောအဖြေ မရရှိသေးပါ။ ပညာရှင်များ၏လိုက်နာရန် လမ်းညွှန်ချက်များအပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က အနုစိတ်ရှာဖွေတွေ့ရှိထားသော တိကျမှန်ကန်သည့် ဘုရားရှင်၏ တရားတော်များကိုပါ ပေါင်းစပ်ကျင့်ကြံအားထုတ်နိုင်လျှင် လက်ငင်းကြုံတွေ့နေရသော သောကဒုက္ခများကို ပြေပျောက်နိုင်စေမှာဖြစ်ပြီး အနာဂတ်ဘဝခရီးနှင့် သံသရာအတွက်လည်း အာမခံချက်ကောင်းတစ်ခုရရှိ ပိုင်ဆိုင်သွားစေမည်ဖြစ်ပါသည်။

ဒါန၊ သီလ၊ ဘာဝနာတွင် အထူးသဖြင့် ဘာဝနာဘက်တွင် "ယခုတော့မအားသေး၊ နောင်မှအားထုတ်မည်ဆိုသောသူများ" အနေဖြင့် အနည်းငယ်မျှသော အချိန်ကလေးရရှိခိုက်တွင် မိမိတို့အတွင်းသဏ္ဍာန်လေး စတင်ငြိမ်းချမ်းဖို့ရန် ရုပ်ကျန်းမာရေးအတွက် စိတ်ကျန်းမာရေးကို အစပျိုးရန်အားထုတ်ကြိုးပမ်းသင့်ပါပြီ။

**ကုသိုလ်များဆက်နေလျှင် အကုသိုလ်များအတွက် အခွင့်မသာနိုင်ပါ**

ဗုဒ္ဓတရားတော်နှင့်ပတ်သက်၍ ဝိပဿနာဆရာတော်ကြီးတစ်ဦးဖြစ်သူ အင်္ဂလန်နိုင်ငံတွင် ဝိပဿနာသင်တန်းဖွင့်လှစ်ခဲ့သူ အမေရိကန်နိုင်ငံဖွား မစ္စတာဂျွန်အားလ်ကိုးမင်း John Earl Cotemann (၁၉၃၀-၂၀၁၂) က "ယနေ့ကမ္ဘာကြီး၌ ဆိုးရွားလှသော ပြဿနာတို့နှင့်တွေ့ကြုံခံစားနေရရာ ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်ကျင့်သုံးနည်းအရ အအေးခတ်ပေးရန် အထူးလိုအပ်နေပါသည်" ဟူ၍ မိန့်ဆိုချက်သည် ယနေ့ကမ္ဘာ့လူသားတို့ တွေ့ကြုံခံစားနေရသော ကပ်ဘေးဆိုးကြီးရန်မှ လိုအပ်သောအဖြေတစ်ခုအတွက် အထောက်အကူကိရိယာတစ်ခုအဖြစ် လက်တွေ့ကျင့်ကြံအားထုတ်သင့်ပါသည်။ ကုသိုလ်များဆက်နေလျှင် အကုသိုလ်များအတွက် အခွင့်မသာနိုင်ပါ။ ယခုလိုကာလအခိုက်အတန့်တွင် အကြောင်းတရားဖြစ်သည့် ကုသိုလ်သဒ္ဓါတရားကို မှီ၍ ပေးကမ်းစွန့်ကြဲ လှူဒါန်းလိုက်ရသော ဒါနအကျိုး၊ ဆောက်တည်လိုက်ရသော သီလအကျိုး၊ ပွားများအားထုတ်လိုက်ရသော ဘာဝနာအကျိုးများနှင့်အတူ ကုသိုလ်ကြောင့် ကုသိုလ်များ ဆက်ကာဆက်ကာ ဖြစ်နေမည်ဆိုလျှင် ကံစီမံရာ အကျိုးများနှင့်အတူ ဒီကပ်ကြီးသည်လည်း အချိန်အတိုင်းအတာတစ်ခုအတွင်း မှာပင် ပြီးဆုံးသွားမှာသေချာပါသည်။ ကုသိုလ်ကြောင့် ကုသိုလ်များ ဆက်တိုက်ပြုနေလျှင်၊ ဆက်တိုက်ဖြစ်နေလျှင် အလောဘ၊ အဒေါသ၊ အမောဟ ဆိုသည့် ကုသိုလ်တရားများနေရာတွင် လောဘ၊ ဒေါသ၊ မောဟစသည့် အကုသိုလ်တရားများ ဝင်ရောက်ရန် အခွင့်မသာနိုင်ပါ။ မေတ္တာ၊ ကရုဏာသဘောပါသော ကိုယ်ချင်းစာတရားများ လွှမ်းမိုးနေရာယူလာနိုင်လျှင် ကျွန်တော်တို့လူသားများသည်လည်း ကံတရား၏ ဒဏ်ခတ်ခြင်းမှ လွတ်ကင်းနိုင်ကြမည်မှာ သေချာပါသည်။

အချုပ်အားဖြင့် ယခုလိုကပ်ကြီးသုံးပါးရင်ဆိုင် ကျော်လွှားနေကြစဉ်တွင် ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးကို ယုံကြည်သည့် သဒ္ဓါတရား ထက်ထက်သန်သန်ဖြင့် လူအချင်းချင်း ဒုက္ခိတပညတ်ကို အာရုံပြု၍ ကရုဏာထားပေးကမ်းစွန့်ကြဲလှူဒါန်းနိုင်ကြပါစေ၊ ငါးပါးသီလကို အစဉ်စောင့်ထိန်းပြီး ဘဝများလုံခြုံကြပါစေ၊ မေတ္တာထားဘာဝနာပွား၍ ရာဂ၊ ဒေါသ၊ မောဟများ ကင်းဝေးကာ အနာရောဂါနှိပ်စက်သော "ရောဂန္တရ" ကပ်ဆိုးကြီးမှ ကင်းဝေးကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

---

## ရန်ကုန်အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်ရှိ သံဃာတော်များနှင့် သာကေတမြို့နယ် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးကော်မတီတို့အား မတည်အလှူတော်ငွေကျပ် သိန်း ၄၀၀ လှူဒါန်း



**ရန်ကုန် မေ ၁၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် သာသနဗိမာန်မဟာသိမ်တော်ကြီးတွင် မေ ၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်ရှိ သံဃာတော်များနှင့် သာကေတမြို့နယ် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးကော်မတီတို့အား ဦးမောင်မောင်လေး (မောင်မောင်လေးနှင့်ညီများ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) မိသားစုက ငွေကျပ်သိန်း ၄၀၀ လှူဒါန်းခဲ့သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ် ၁၄ မြို့နယ်မှ သံဃာတော်များအား တစ်မြို့နယ်လျှင် အလှူတော် ငွေကျပ် ၂၅ သိန်းစီနှင့် သာကေတမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးကော်မတီအား ငွေကျပ် သိန်း ၅၀ လှူဒါန်းခဲ့ရာ ဆရာတော်များနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ကျော်ဟိန်း(ပြန်/ဆက်)

# အစိုးရအဖွဲ့၏ ဝန်ထမ်းတစ်ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် မောရစ်သျှဝန်ကြီးချုပ်နှင့် ဝန်ကြီးများ သီးခြားခွဲနေ




**ပေ့ါ်လူးဝီးစ် မေ ၁၀**

မောရစ်သျှနိုင်ငံ၏ ဝန်ကြီးချုပ် ပရာဗင်းဒ် ဂျူဂနော့ဒ်နှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နိုင်ငံ၏ အဆင့်မြင့် ကော်မတီအဖွဲ့ဝင်များသည် မေ ၉ ရက် ညနေပိုင်းကတည်းက သီးခြားခွဲ၍ နေထိုင်နေကြကြောင်း မောရစ်သျှအာဏာပိုင်များက ယနေ့ပြောကြားသည်။

မောရစ်သျှဝန်ကြီးချုပ်နှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အဆင့်မြင့်ကော်မတီဝင်များသည် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီး ကေလက်စ်ဂျာဂူတပ် သီးခြားခွဲ၍ နေခဲ့ပြီးနောက် ယခုကဲ့သို့ သီးသန့်ခွဲ၍ နေကြခြင်းဖြစ်သည်။ မောရစ်သျှနိုင်ငံ၏ ကျန်းမာရေးဝန်ကြီးသည် ၎င်း၏ အထွေထွေစာရေး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် သီးခြားခွဲ၍ နေခဲ့ရခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အဆင့်မြင့် ကော်မတီဝင်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ သေချာစွာ စမ်းသပ်စစ်ဆေးသွားမည်ဖြစ်ပြီး ကြိုတင်ကာကွယ်မှုတစ်ခုအနေဖြင့် သီးခြားခွဲ၍ နေခိုင်းရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ထပ်မံဖော်ပြထားသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ မောရစ်သျှနိုင်ငံ၏ အဆင့်မြင့်ကော်မတီထဲတွင် ဝန်ကြီးချုပ်အပြင် ကျန်းမာရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ ခရီးသွားလုပ်ငန်းဝန်ကြီး၊ စိုက်ပျိုးရေးဝန်ကြီး၊ နည်းပညာဝန်ကြီး၊ ပြည်ပရေးရာဝန်ကြီးနှင့် ပညာရေးဝန်ကြီးတို့လည်း ပါဝင်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဇျောတိ



## ကူးစက်ရောဂါကာကွယ်ရေး နည်းလမ်းများဖြင့် ဂျပန် "ဒိုင်ယက်"အစည်းအဝေး ပြန်လည်စတင်

**တိုကျို မေ ၁၀**

ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုနှင့်ပတ်သက်၍ အရေးပေါ်အခြေအနေ ကြေညာခဲ့ရခြင်းကြောင့် ဂျပန် ဥပဒေပြုအမတ်များသည် ဒိုင်ယက်လွှတ်တော်အစည်းအဝေးကို သောကြာနေ့က ပြန်လည်စတင်ခဲ့ကြသည်။

အထက်လွှတ်တော် မျက်နှာစုံညီ အစည်းအဝေးတွင် နှာခေါင်းစည်းများ ဝတ်ဆင်ထားသည့် ဥပဒေပြုအမတ်များသည် လွှတ်တော်အစည်းအဝေးခန်းမကြီးအတွင်းသို့ မဝင်မီ ၎င်းတို့၏ လက်များကို ဗိုင်းရပ်စ်ပိုးကင်းစင်အောင် လုပ်ခဲ့ကြသည်။ ဥပဒေပြုအမတ်များသည် တစ်ဦးနှင့်တစ်ဦး ကပ်၍ ထိုင်ခြင်းကိုလည်း ရှောင်ကြဉ်ခဲ့ကြသည်။

သို့ဖြစ်ရာ အချို့ဥပဒေပြုအမတ်များသည် မဲပေးစက်ခလုတ်မပါရှိသည့် ထိုင်ခုံများတွင် ထိုင်ရသည့်အတွက် ဥပဒေကြမ်းနှင့်ပတ်သက်၍ မဲပေးမှုကို မတ်တတ်ရပ်ခြင်း သို့မဟုတ် ထိုင်ခြင်းဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ဘီးတပ်ကုလားထိုင်ပေါ်တွင်ထိုင်သည့် ဥပဒေပြုအမတ်များက ထောက်ခံမဲပေးခြင်းအတွက် ၎င်းတို့၏ လက်များကို မြှောက်၍ ထောက်ခံမဲပေးကြသည်။ မသန်စွမ်းသည့် ဥပဒေပြုအမတ်နှစ်ဦး၏ကိုယ်စား ၎င်းတို့ကို စောင့်ရှောက်သူများက မဲပေးကြသည်။

လွှတ်တော်အစည်းအဝေးခန်းရှိ လူအရေအတွက်ကို လျှော့ချရန်အတွက် လက်ရေးတိုလက်နှိပ်စက်အဖွဲ့က သီးခြားအခန်းတွင်နေ၍ အလုပ်လုပ်ကြသည်။

ထိုအတောအတွင်း အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးတစ်ခုကို အဖွဲ့ဝင်များကို စုစည်းခြင်းမပြုဘဲ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေး၌ အသေးစိတ် ရှင်းလင်းညွှန်ကြားချက်များကို ရရှိပြီးနောက် ဝန်ကြီးအသီးသီးက ကိစ္စရပ်များကို တစ်ဦးချင်းစီ အတည်ပြုခဲ့ကြသည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ဇော်လင်း

# အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကုသမည့် ငှက်ဖျားကာကွယ်ဆေးစမ်းသပ်မှု စတင်

**ဝါရှင်တန် မေ ၁၀**

ကိုရိုနာဗိုင်းရပ်စ် လူနာများကို ကုသမည့် ငှက်ဖျားရောဂါကာကွယ်ဆေးတစ်မျိုး၏ ထိရောက်မှုကို စမ်းသပ်ရန် အမေရိကန်နိုင်ငံရှိ သုတေသီများက လက်တွေ့စမ်းသပ်မှုတစ်ရပ် စတင်လိုက်သည်။

ဟိုက်ဒရိုဇီကလိုရိုကွင်း ဆေးလက်တွေ့စမ်းသပ်မှုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် အရွယ်ရောက်သူ ၅၀၀ ကျော်ကို စာရင်းသွင်းမည်ဟု အမျိုးသားကျန်းမာရေးအဖွဲ့အစည်းက မေ ၉ ရက်တွင် ပြောကြားခဲ့သည်။ ဟိုက်ဒရိုဇီကလိုရိုကွင်းဆေးကို ငှက်ဖျားရောဂါနှင့် အဆစ်ရောင်နာကဲ့သို့သော အခြေအနေများကုသရာတွင် အသုံးပြုခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဟိုက်ဒရိုဇီကလိုရိုကွင်းကို ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရာတွင် အလားအလာကောင်းသော ဆေးဝါးတစ်မျိုးအဖြစ် အားပေးလျက်ရှိသည်။



သို့သော်လည်း ဆေးဝါး၏ထိရောက်မှုကို အထောက်အကူပြုသည့် အချက်အလက် အနည်းငယ်သာ ရှိနေသည်။ အဆိုပါဆေးဝါး၏ ဘေးထွက်ဆိုးကျိုးများတွင် အမြင်အာရုံဆုံးရှုံးမှုနှင့် နှလုံးပြဿနာများ ပါဝင်သည်။ အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အဆိုပါငှက်ဖျားရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုခွင့်ပေးခဲ့သည်။

အမေရိကန်နိုင်ငံရှိ ဆေးဝါးအဖွဲ့အစည်းအချို့က ကိုရိုနာဗိုင်းရပ်စ် လူနာများကို အဆိုပါဘက်တီးရီးယားကာကွယ်ဆေး စတင်တိုက်ကျွေးလျက်ရှိသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ကျော်ထိုက်စိုး

# ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၇၂၃၆ ဦးရှိလာ

**ပါရီ မေ ၁၀**

ကိုဗစ်-၁၉ ရောဂါကြောင့် မေ ၉ ရက်က ကမ္ဘာတစ်ဝန်း၌ သေဆုံးသူ ၈၇၃၂၀ သာရှိသော်လည်း မေ ၁၀ ရက်တွင် ၉၇၂၃၆ ဦးအထိ ရှိလာကြောင်း တရားဝင်သတင်းရင်းမြစ်များမှ ရယူထားသည့် အချက်အလက်များအရ သိရသည်။




ထို့အတူ မေ ၉ ရက်က တစ်ကမ္ဘာလုံး၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၀၂၄၇၈ ဦးရှိရာ မေ ၁၀ ရက်တွင် ရောဂါကူးစက်ခံရသူ ၁၅၆၇၅၉၀ ဦးအထိ ရှိလာခဲ့ကြောင်း၊ သို့သော် ရောဂါကူးစက်ခံရသူများအနက် လူနာ ၃၁၆၈၀၀ ခန့်သည် ပြန်လည်ကျန်းမာလာကြောင်း အေအက်ဖ်ပီ သတင်းဌာန၏ ကိန်းဂဏန်းများက ပြသထားသည်။

သို့သော် နိုင်ငံအများအပြားတွင် ရောဂါပြင်းထန်သော လူနာ သို့မဟုတ် ဆေးရုံတက်ရန်လိုအပ်နေသော လူနာများကိုသာ အဓိကထား စမ်းသပ်စစ်ဆေးလျက်ရှိသည့်အတွက် အမှန်တကယ် ရောဂါကူးစက်ခံရသူဦးရေသည် နောက်ထပ်တိုးလာဖွယ်ရှိကြောင်း သိရသည်။ အီတလီနိုင်ငံတွင် ဖေဖော်ဝါရီလကုန်ပိုင်းက ကိုဗစ်-၁၉ ရောဂါကြောင့် ပထမဆုံးသေဆုံးမှုဖြစ်ပွားခဲ့ပြီး ယခုအခါ နိုင်ငံအတွင်း သေဆုံးသူဦးရေ ၁၈၂၇၉ ဦးနှင့် ရောဂါကူးစက်ခံရသူ ၁၄၃၆၂၆ ဦးရှိလာရာ ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာပေါ်တွင် သေဆုံးမှုအများဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

ထို့အတူ စပိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၂၄၄၆ ဦးနှင့် ယင်းရောဂါကြောင့် သေဆုံးသူ ၁၅၂၃၈ ဦး၊ ပြင်သစ်နိုင်ငံတွင် ရောဂါကူးစက်ခံရသူ ၁၁၇၇၄၉ ဦးနှင့် ရောဂါကြောင့် သေဆုံးသူ ၁၂၂၁၀ နှင့် ဗြိတိန်နိုင်ငံတွင် ရောဂါကူးစက်ခံရသူ ၆၅၀၇၇ ဦးနှင့် ရောဂါကြောင့် သေဆုံးသူ ၇၉၇၈ ဦးရှိသည်။ ထို့အတူ တရုတ်နိုင်ငံတွင် ရောဂါကူးစက်ခံရသူ ၈၁၈၆၅ ဦးရှိပြီး ရောဂါကြောင့် သေဆုံးသူ ၃၃၃၅ ဦးရှိကာ လူနာ ၇၇၃၇၀ သည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

ဥရောပတိုက်သည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ဖြစ်ပွားသည့်နေရာဖြစ်သည်။ လတ်တလော ဥရောပတစ်ခွင်လုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၁၁၇၂၃ ဦးနှင့် ရောဂါကြောင့်သေဆုံးသူ ၆၅၈၁၁ ဦး၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့တွင် ရောဂါကူးစက်ခံရသူ ၄၇၂၁၈၄ ဦးနှင့် ရောဂါကြောင့် သေဆုံးသူ ၁၆၄၆၄ ဦး၊ အာရှတိုက်တွင် ရောဂါကူးစက်ခံရသူ ၁၂၈၆၉၀ နှင့် ရောဂါကြောင့် သေဆုံးသူ ၄၅၁၄ ဦးရှိသည်။

ထို့အပြင် အရှေ့အလယ်ပိုင်းဒေသတွင် ရောဂါကူးစက်ခံရသူ ၈၈၉၈၅ ဦးနှင့် ရောဂါကြောင့် သေဆုံးသူ ၄၃၅၇ ဦး၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံကျွန်းတွင် ရောဂါကူးစက်ခံရသူ ၄၆၈၃၃ ဦးနှင့် ရောဂါကြောင့် သေဆုံးသူ ၁၈၇၅ ဦး၊ အာဖရိကတိုက်တွင် ရောဂါကူးစက်ခံရသူ ၁၁၉၅၃ ဦးနှင့် ရောဂါကြောင့် သေဆုံးသူ ၆၂၇ ဦးနှင့် သမုဒ္ဒရာဒေသနိုင်ငံများတွင် ရောဂါကူးစက်ခံရသူ ၇၂၂၅ ဦးနှင့် ရောဂါကြောင့် သေဆုံးသူ ၅၈ ဦးရှိကြောင်း သိရသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-ဇျောတိ

# ရေနံစျေးနှုန်းများတည်ငြိမ်ရေး ညှိနှိုင်းဆောင်ရွက်ရန် ပူတင်၊ ထရမ့်နှင့် ဆော်ဒီအာရေဗျဘုရင်တို့ သဘောတူ


**မော်စကို မေ ၁၀**
ရုရှား၊ အမေရိကန်နှင့် ဆော်ဒီအာရေဗျတို့က ရေနံစျေးကွက်များ တည်ငြိမ်ရေး ညှိနှိုင်းဆောင်ရွက်ရန်နှင့် ကမ္ဘာ့စီးပွားရေးအပေါ် ရေနံစျေးနှုန်းများ၏ အကျိုးသက်ရောက်မှု နည်းပါးစေရန် သဘောတူခဲ့သည်။

"ရုရှားသမ္မတ ဗလာဒီမာပူတင်ဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ ဆော်ဒီအာရေဗျဘုရင် ဆော်လ်မန်ဘင် အဒူလာဇက်အယ်လ်ဆောက်တို့နဲ့ ဖုန်းကတစ်ဆင့် ဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့ပါတယ်" ဟု ရုရှားသမ္မတ၏ သတင်းထုတ်ပြန်ရေးရုံးက မေ ၉ ရက်က ကြေညာချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။ ရေနံတင်ပို့သော နိုင်ငံများအဖွဲ့ (အိုပက်)နှင့် ရုရှားနိုင်ငံ ဦးဆောင်သော မဟာမိတ်နိုင်ငံများသည် ရေနံထုတ်လုပ်မှုလျှော့ချရေး ဆွေးနွေးရန် ယမန်နေ့က ဗီဒီယိုကွန်ဖရင့်တစ်ခု ကျင်းပခဲ့သည်။

ရေနံစျေးနှုန်းများ ကျဆင်းနေစဉ် ရုရှားနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က ရေနံထုတ်လုပ်မှုလျှော့ချရေး သဘောတူညီမှုတစ်ရပ်ရရှိတော့မည်ဟု ယုံကြည်ပါကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေ ၉ ရက်တွင် ပြောကြားခဲ့သည်။ "ဆွေးနွေးမှုက အလွန်ပဲ ကောင်းမွန်ခဲ့ပါတယ်။ သဘောတူညီမှုတစ်ရပ် ရရှိတော့မှာဖြစ်ပါတယ်။ အိုပက်အဖွဲ့ဝင် နိုင်ငံတွေနဲ့ အိုပက်အဖွဲ့ပြင်ပက အခြားနိုင်ငံတွေအကြားရရှိမှာဖြစ်ပါတယ်" ဟု ရုရှားနှင့် ဆော်ဒီအာရေဗျ ခေါင်းဆောင်များ ဆွေးနွေးပြီးနောက် သမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်တွင် ကျင်းပသည့် ရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့သည်။ ဆော်ဒီအာရေဗျနှင့် ရုရှားတို့အကြား ရေနံစျေးနှုန်းစစ်ပွဲတစ်ရပ်ဖြစ်ပွားခဲ့ရာ ကမ္ဘာ့လောင်စာဆီ ဝယ်လိုအား လျော့နည်းလာခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် ရေနံစျေးနှုန်းများ ထိုးကျသွားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်


ရုရှားသမ္မတ ဗလာဒီမာပူတင်


ဆော်ဒီအာရေဗျဘုရင် ဆော်လ်မန်ဘင် အဒူလာဇက်အယ်လ်ဆောက်



# အီတလီတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် ဆရာဝန် ၁၀၀ ကျော်သေဆုံး

**ရောမ မေ ၁၀**
အီတလီနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး စတင်ကူးစက်ပြန့်ပွားစဉ်ကတည်းကစ၍ လတ်တလောအချိန်ထိ ဆရာဝန်ဦးရေ ၁၀၀ ကျော်မှာ ယင်းရောဂါပိုး ကူးစက်ခံရမှုကြောင့် သေဆုံးခဲ့ရကြောင်း အီတလီဆရာဝန်များအသင်းချုပ်က မေ ၉ ရက်တွင် ပြောကြားခဲ့သည်။

လတ်တလောအချိန်ထိ အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းခံရ၍ အသက်ဆုံးရှုံးခဲ့ရသည့် ဆရာဝန် ၁၀၅ ဦး ရှိပြီဖြစ်ကြောင်းနှင့် သေဆုံးသွားသည့် ဆရာဝန်အများစုမှာ ၎င်းဗိုင်းရပ်စ်ပိုးအား တိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လုံလောက်သော အကာအကွယ်ပစ္စည်းများမပါရှိဘဲ ဆောင်ရွက်ခဲ့ကြသူများဖြစ်ကြောင်း အီတလီဆရာဝန်များအသင်းချုပ်က မေ ၉ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြသည်။

ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခြင်းခံရသည့် လူနာများအား အသက်ဘေးအန္တရာယ်မှ ကယ်ဆယ်ရေးအတွက် ကြိုးပမ်းရင်း ကွယ်လွန်သွားသည့် ကျန်းမာရေးလုပ်သားများအတွက် အီတလီဆရာဝန်အသင်းချုပ်တွင် တာဝန်ရှိကြောင်းနှင့် ကျန်းမာရေးလုပ်သားများအား ဘေးကင်းလုံခြုံမှုပေးရန် ချို့ယွင်းချက်ရှိသော ကျန်းမာရေးစနစ်ကို ပြန်လည်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီတလီဆရာဝန်အသင်းချုပ်၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

အီတလီနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုဖြစ်စဉ်များ စတင်ကတည်းက ယင်းလူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် သူနာပြုဆရာမ ၂၈ ဦး ရောဂါပိုးကူးစက်ခံရကာ သေဆုံးခဲ့ကြောင်း အီတလီသူနာပြုအဖွဲ့ချုပ်က အတည်ပြုခဲ့ပြီး ကျန်းမာရေးလုပ်သား ၁၄၀၀၀ ကျော်မှာ ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း အတည်ပြုထားသည်။

အီတလီနိုင်ငံသည် မေ ၉ ရက်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၁၈၂၇၉ ဦးရှိပြီး ကမ္ဘာပေါ်တွင် သေဆုံးသူ အများဆုံးနိုင်ငံဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်အေ၊ ဘာသာပြန်-ဇော်ဝင်း**

# ပါကစ္စတန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၅၀၀ ကျော်ရှိ၊ ၆၆ ဦးသေဆုံး

**အစ္စလာမ္မာဘတ် မေ ၁၀**
ပါကစ္စတန်နိုင်ငံတွင် မေ ၁၀ ရက်၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက်သည် ၄၆၀၁ ဦးထိ တိုးမြင့်လာခဲ့ကြောင်း အတည်ပြုခဲ့ပြီး သေဆုံးသူ ၆၆ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် လူဦးရေ အထူထပ်ဆုံးဖြစ်သည့် ပန်ဂျပ်ပြည်နယ်၌ ကိုရိုနာဗိုင်းရပ်စ် ရောဂါကူးစက်ခံရသူ အများဆုံးဖြစ်ပြီး ယင်းပြည်နယ်၌ ရောဂါပိုး ကူးစက်ခံရသူ ၂၂၇၉ ဦးရှိကာ တောင်ပိုင်း ဆင်းပြည်နယ်တွင် ရောဂါပိုးကူးစက်ခံရသူ ၁၁၂၈ ဦးရှိကာ ဒုတိယအများဆုံးဖြစ်သည်။

နိုင်ငံ၏ အရှေ့မြောက်ပိုင်း ခိုင်ဘာပက်ထွန်ခါဝါ ပြည်နယ်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၂၀ ရှိပြီး နိုင်ငံအနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်၌ ၂၁၉ ဦး၊ ဂေးလဂျစ်-ဘယ်လစ်စတန်ဒေသ၌ ၂၁၅ ဦးနှင့် မြို့တော် အစ္စလာမ္မာဘတ်၌ ရောဂါပိုးကူးစက်ခံရသူ ၁၀၇ ဦး ရှိနေသည်။

ယင်းဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှုကြောင့် သေဆုံးသူများမှာ ခိုင်ဘာပက်ထွန်ခါဝါပြည်နယ်၌ ၂၁ ဦး၊ ဆင်းနှင့် ပန်ဂျပ်ပြည်နယ်များ၌ ၂၁ ဦးစီနှင့် အခြားပြည်နယ်များတွင် ၁၈ ဦး သေဆုံးခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

ပါကစ္စတန်၌ လတ်တလော ရောဂါပိုးကူးစက်ခြင်းခံရသူ လူနာ ၃၈၀၈ ဦးအား ဆေးဝါးကုသမှုများ ပြုလုပ်ပေးနေပြီး ယင်းတို့ထဲမှ ၇၂၇ ဦး မှာ အပြည့်အဝကျန်းမာလာကာ ဆေးရုံများမှ ဆင်းသွားကြပြီဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**




# ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရေနံစျေးနှုန်းကျဆင်းမှုကို ကျားကန်ရန်အတွက် မက္ကဆီကိုမှအပ ထိပ်တန်းရေနံထုတ်လုပ်သည့်နိုင်ငံများ ရေနံထုတ်လုပ်မှုလျှော့ချရန် သဘောတူ

**လန်ဒန် မေ ၁၀**
ရေနံစျေးနှုန်းပြိုလဲမှုကို ကျားကန်ရန်အတွက် ဆွေးနွေးပွဲကျင်းပပြီးနောက် မက္ကဆီကိုနိုင်ငံမှလွဲ၍ ရေနံအဓိကထုတ်လုပ်သည့်နိုင်ငံများသည် ရေနံထုတ်လုပ်မှုကို မေလနှင့် ဇွန်လအတွင်း တစ်နေ့လျှင် ရေနံစည် ၁၀ သန်း လျှော့ချရန် သဘောတူညီခဲ့ကြကြောင်း ရေနံထုတ်လုပ်တင်ပို့သောနိုင်ငံများအဖွဲ့(အိုပက်)က သောကြာနေ့က ပြောကြားသည်။

ဇူလိုင်လမှ ဒီဇင်ဘာလအထိ တစ်နေ့ ရေနံထုတ်လုပ်မှု ရှစ်သန်းအထိ လျှော့ချမည့် သဘောတူညီချက် စတင်အကျိုးသက်ရောက်ရန်အတွက် မက္ကဆီကိုနိုင်ငံ၏ သဘောတူညီမှုအပေါ် မူတည်သည်ဟု ဗီဒီယိုကွန်ဖရင့်အစည်းအဝေးကျင်းပပြီးနောက် ယင်းအဖွဲ့က ပြောကြားသည်။

အိုပက်နိုင်ငံများနှင့် ၎င်း၏ မိတ်ဖက်နိုင်ငံများ အစည်းအဝေးသို့ အိုပက်အဖွဲ့ဝင်မဟုတ်သည့် အခြားအရေးပါသည့်နိုင်ငံများအပါအဝင် ရုရှားနိုင်ငံလည်း တက်ရောက်ခဲ့ပြီး ယင်းအစည်းအဝေးကို ကြာသပတေးနေ့ ဂရင်းနစ် စံတော်ချိန် ၁၄:၄၀ နာရီတွင် စတင်ခဲ့သည်။

ယင်းအစည်းအဝေးသည် ရေနံစျေးနှုန်းများ ကျဆင်းမှုကို ကျားကန်ပေးရန်အတွက် အကောင်းဆုံးအခွင့်အလမ်းဖြစ်သည်ဟု ရှုမြင်ခဲ့ကြသည်။ ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါနှင့် ဆော်ဒီ-ရုရှား ရေနံစျေးနှုန်းစစ်ပွဲကြောင့် ရေနံစျေးနှုန်းများသည် ဆယ်စုနှစ် နှစ်ခုနီးပါး နိမ့်ကျနေသည်။

အဆိုပါဆွေးနွေးပွဲသည် သောကြာနေ့ နံနက်စောစောအချိန်အထိ ရောက်ရှိသွားခဲ့သည်။ ဆွေးနွေးပွဲတွင် အဓိကခလုတ်တံသင်းဖြစ်သည့်ကိစ္စမှာ မက္ကဆီကိုနိုင်ငံက စာချုပ်အရ ၎င်း၏ လျှော့ချရမည့် ခွဲတမ်းနှင့် ပတ်သက်၍ လက်မှတ်ထိုးရန် ငြင်းဆန်ခဲ့ခြင်းဖြစ်သည်ဟု ဘလွန်ဘာ့ဂ် သတင်းဌာနက ဖော်ပြသည်။

မက္ကဆီကိုနိုင်ငံက ထုတ်လုပ်မှု လျှော့ချရမည့်ခွဲတမ်းမှာ တစ်နေ့ ရေနံစည် ၄၀၀၀၀၀ ဖြစ်သည်။ မက္ကဆီကိုစွမ်းအင်ဝန်ကြီး ရိုစီယို နာဟဲလ် ဂါစီယာ က မက္ကဆီကိုနိုင်ငံအနေဖြင့် တစ်နေ့ ရေနံစည် ၁၀၀၀၀၀ လျှော့ချရန် အကြံပြုခဲ့သည်ဟု ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ယီမင်နိုင်ငံတွင် ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုတွေ့ရှိ

**အေဒင် မေ ၁၀**
စစ်မက်ဖြစ်ပွားနေသော ယီမင်နိုင်ငံ တောင်ပိုင်းပြည်နယ်တွင် ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူကို တွေ့ရှိခဲ့ပြီး တုံ့ပြန်ကုသရန်အတွက် အရင်းအမြစ်များနည်းပါးသော နိုင်ငံသည် ရောဂါပိုးပျံ့နှံ့မည်ကို စိုးရိမ်လျက်ရှိသည်။

ယီမင်အစိုးရအား ကိုရိုနာဗိုင်းရပ်စ်အရေး ကူညီရန်အတွက် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ခဲ့ကြောင်း ဆော်ဒီဦးဆောင်သော မဟာမိတ်အဖွဲ့က ကြေညာခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ရေးဆိုင်ရာ ယီမင်အမျိုးသားအရေးပေါ် ကော်မတီက နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ပထမဆုံးအကြိမ်ဖြစ်ပွားမှုကို ဟာဒရာမော့ပြည်နယ်တွင် တွေ့ရှိခဲ့ကြောင်း ပြောကြားသည်။ နိုင်ငံတကာအသိအမှတ်ပြု အစိုးရအဖွဲ့ဖြစ်သည့် သမ္မတ အဒါဘိုမန်ဆာဟာဒီ အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော ထိုကော်မတီက ယခုပထမဆုံး ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိရသည့် လူနာမှာ အခြေအနေတည်ငြိမ်ပြီး ကုသမှုခံယူလျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါလူနာနှင့် နီးစပ်သောသူများအား သီးခြားခွဲ၍ စောင့်ကြည့်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါသည် ယီမင်နိုင်ငံ၏ ချို့ယွင်းနေသော ကျန်းမာရေးစနစ်အား ရိုက်ခတ်နေပြီး ကိုရိုနာဗိုင်းရပ်စ်၏ အကျိုးသက်ရောက်မှုအနေဖြင့် ယီမင်နိုင်ငံတွင် ပျက်စီးဆုံးရှုံးမှုများ အများအပြားဖြစ်ပွားနိုင်သည်။ ယီမင်နိုင်ငံ၏ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများမှာ ထက်ဝက်ခန့်သာ စောင့်ရှောက်မှုပေးနိုင်ပြီး နိုင်ငံ၏ လူဦးရေသန်း ၃၀ အတွက် အသုံးပြုရန် အသက်ရှူအထောက်အကူပြုကိရိယာ အခု ၅၀၀ သာရှိသည်။ ယခုနှစ်အစပိုင်းမှစတင်ပြီး အစိုးရတပ်ဖွဲ့များနှင့် ဟူသီသူပုန်များအကြား တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသဖြင့် နိုင်ငံအတွင်းရှိ လူသန်းပေါင်းများစွာသည် နေရပ်များကို စွန့်ခွာနေကြပြီး သန့်ရှင်းသောရေရှားပါးမှုကြောင့် ဝမ်းရောဂါ ဖြစ်ပွားနေသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ယီမင်ပြည်သူများအား ကာကွယ်ရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ယူအေအီးနိုင်ငံခြားရေးဝန်ကြီး အန်ဝါဂါဂတ်ရှ်က ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

# ကလေးငယ်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ရုပ်ပြစာအုပ်ထုတ်ဝေ

**ကုလသမဂ္ဂ မေ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ကာကွယ်တားဆီးရာတွင် ကလေးငယ်များ ဆောင်ရန်၊ ရှောင်ရန်များကို သိရှိစေရန် ရည်ရွယ်ပြီး ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ရုပ်ပြပညာပေး စာအုပ်ကို ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က မေ ၉ ရက်တွင် ပြောကြားခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်း ၅၀ ကျော်က အဆိုပါစာအုပ်ကို ပူးပေါင်းထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ယင်းစာအုပ်တွင် ကလေးငယ်များ ကြိုက်နှစ်သက်သော အရုပ်ဇာတ်ကောင် Ario ကို အဓိကဇာတ်ကောင်အဖြစ် ဖော်ပြထားသည်။ ကိုဗစ်-၁၉ ရောဂါကို မည်သို့ ကာကွယ်တားဆီးရမလဲ၊ မိသားစုဝင်များအကြား၊ သူငယ်ချင်းများအကြားတွင် ရောဂါကူးစက်မှု မရှိစေရန် မည်သို့ နေထိုင်ရမလဲနှင့် ဖြေရှင်းရန် ခက်ခဲသော ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရပါက မည်သို့ဆောင်ရွက်ရမလဲဆိုသည်ကို Ario ဇာတ်ကောင်က ကလေးငယ်များအား စိတ်ဝင်စားဖွယ် ရှင်းလင်းသင်ကြားပြသပေးပုံများ ပါရှိသည်။

အဆိုပါစာအုပ်ကို အသက် ၆ နှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်များအတွက် အဓိကရည်ရွယ်ထုတ်ဝေခြင်းဖြစ်သည်။

ဗိုင်းရပ်စ်ဆိုင်ရာ ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်များ၊ မိဘများ၊ ဆရာ ဆရာမများနှင့် ကလေးထိန်းများ၏ အတွေ့အကြုံများကို ပုံဖော်ရေးသားထားခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်အများအပြား ဖတ်ရှုနိုင်ရန်ရည်ရွယ်ပြီး ယင်းစာအုပ်ကို ဘာသာစကားခြောက်မျိုးဖြင့် မေ ၉ ရက်တွင် စတင်ထုတ်ဝေခဲ့သည်။ ထို့ပြင် ဘာသာစကား ၃၀ ကျော်ဖြင့် ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**






# ဂျပန်ဆူမိုနပန်းသမားတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**တိုကျို မေ ၁၀**

ဂျပန်ဆူမိုနပန်းသမားတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း ဂျပန်ဆူမိုအဖွဲ့က ယနေ့ အတည်ပြုပြောကြားခဲ့သည်။

မေ ၁၀ ရက် ဆေးမှတ်တမ်းအရ အဆိုပါနပန်းသမားတွင် ရောဂါကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ လက်ရှိအချိန်တွင် တိုကျိုမြို့ ဆေးရုံတစ်ရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။

၎င်းနပန်းသမားသည် မေ ၅ ရက်က ကိုယ်အပူချိန်မြင့်တက်ကာ ချောင်းဆိုးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် အသက်ရှူကျပ်ခြင်းများ စတင်ခံစားခဲ့ရသည်။

ထို့ကြောင့် နပန်းလေ့ကျင့်ခြင်းများကို ယာယီဆိုင်းငံ့ထားသည့်အပြင် အခြားနပန်းသမားများကိုလည်း လေ့ကျင့်ရေးစခန်းများ၏ ပြင်ပသို့ သွားလာခြင်းကို ပိတ်ပင်ထားသည်။ လက်ရှိအချိန်အထိ အခြားနပန်းသမားများ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်ဆဲဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်ခံသူ နပန်းသမား၏ မကြာသေးမီက သွားလာခဲ့သော နေရာများအပြင် ထိတွေ့ဆက်ဆံခဲ့သူများကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဆူမိုအဖွဲ့က ပြောသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုကြောင့် ဆူမိုနပန်းသတ်ပြိုင်ပွဲများကို မေ ၂၄ ရက်တွင် ကျင်းပရန် ဆူမိုနပန်းအဖွဲ့က ရွှေ့ဆိုင်းခဲ့သည်။ သို့သော် ဗိုင်းရပ်စ်ကူးစက်မှုအပေါ် မူတည်ပြီး ယင်းပြိုင်ပွဲများကို ဖျက်သိမ်းသွားမည် (သို့မဟုတ်) ပွဲကြည့်ပရိသတ်မပါဘဲ ကျင်းပသွားမည်ဟု ဆူမိုနပန်းအဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ကိုဗစ်-၁၉ ရောဂါဘေးသင့် လေကြောင်းလိုင်းများသို့ ငွေကြေးပံ့ပိုးမည်ဟု သမ္မတ ဒေါ်နယ်ထရမ့် ပြော

**ဝါရှင်တန် မေ ၁၀**

ကိုရိုနာဗိုင်းရပ်စ်ဘေးသင့် လေကြောင်းလိုင်းများသို့ အကူအညီပေးမည့် အစီအစဉ်တစ်ရပ် မကြာမီ စတင်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အရိပ်အမြွက် ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုမှာ အမြင့်ဆုံးအဆင့် သို့မဟုတ် အချို့နေရာများ၌ အမြင့်ဆုံးအဆင့် ရောက်ရှိလျက်ရှိပုံပေါ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က မေ ၉ ရက်တွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။ အစိုးရက လေကြောင်းလိုင်းများသို့ အကူအညီပေးရန် အတတ်နိုင်ဆုံးလုပ်ဆောင်မည်ဖြစ်ပြီး အသေးစိတ်ကို ပိတ်ရက်အတွင်း ပေးသွားမည်ဟု ဒေါ်နယ်ထရမ့်က ဆိုသည်။ တစ်ကမ္ဘာလုံးတွင် ခရီးသွားလာမှုကန့်သတ်ချက်များကြောင့် နိုင်ငံတကာနှင့် ပြည်တွင်းလေကြောင်းခရီးစဉ်များကို ဖျက်သိမ်းခဲ့ရာ အမေရိကန် လေကြောင်းလိုင်းများမှာ ငွေကြေးအရ အခက်အခဲကြုံတွေ့နေရသည်။

လေကြောင်းလိုင်းများမှ ဝန်ထမ်းများကိုလည်း နားခွင့်ပေးထားသည်။ ပြီးခဲ့သည့်လအတွင်း ကွန်ဂရက်က အတည်ပြုခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် ကယ်ဆယ်ရေးဥပဒေကြမ်းတွင် လေကြောင်းလိုင်းများအတွက် ချေးငွေအကူအညီပေးရေး အစီအစဉ်တစ်ခုလည်း ပါဝင်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၄၉ ဦး၊ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၁၉၄ ဦးရှိလာ

**နယူးဒေလီ မေ ၁၀**

အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၄၉ ဦးနှင့် ဗိုင်းရပ်စ်ကူးစက်ခံရသည့် အတည်ပြုလူနာ ၅၁၉၄ ဦးရှိကြောင်း နိုင်ငံ၏ ဖက်ဒရယ်ကျန်းမာရေးဝန်ကြီးဌာနက မေ ၈ ရက် နံနက်ပိုင်းက ပြောသည်။

ဗုဒ္ဓဟူးနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်နှင့် ဆက်နွယ်၍ သေဆုံးသူ ၁၄၉ ဦး ရှိသည်ဟု အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်သည့် သတင်းတွင် ဖော်ပြသည်။ အင်္ဂါနေ့ ညနေပိုင်းအထိ အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် လူနာ ၄၇၈၉ ဦးရှိပြီး သေဆုံးသူ ၁၂၄ ဦးရှိသည်။



ယင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ကျန်းမာရေးအခြေအနေ တိုးတက်လာ၍ ဆေးရုံမှ ဆင်းသွားကြသည့် လူနာပေါင်းသည် ယခုအချိန်အထိ ၄၀၂ ဦး ရှိပြီဖြစ်သည်။ နိုင်ငံအတွင်း၌ ယခုအချိန်တွင် အဆိုပါ ရောဂါခံစားနေရသူ အရေအတွက်သည် ၅၁၉၄ ဦးရှိသည်ဟု အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

မေ ၈ ရက်နေ့သည် နိုင်ငံတစ်ဝန်း၌ ကမ္ဘာ့ကပ်ရောဂါ ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် အစိုးရက ၂၁ ရက်ကြာ အသွားအလာ တားမြစ်ပိတ်ဆို့မှု ပြုလုပ်သည့် ၁၅ ရက်မြောက်နေ့ဖြစ်သည်။ အာဏာပိုင်များက နိုင်ငံတစ်ဝန်း လူအများ သွားလာလှုပ်ရှားမှုများကို တားမြစ်ရန်အတွက် အိမ်ပြင်မထွက်ရကဲ့သို့သော တင်းကျပ်သည့် တားမြစ်ချက်များကို ထုတ်ပြန်ထားသည်။ မြို့အဝင်၊ အထွက် တားမြစ်ပိတ်ဆို့မှုများ ပြုလုပ်ပြီးနောက် မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများမှအပ ကုန်းလမ်း၊ မီးရထားလမ်း၊ လေကြောင်း ပို့ဆောင်ရေးဝန်ဆောင်မှုများအားလုံးကို ဆိုင်းငံ့ထားသည်။

သုံးပတ်ကြာ မြို့အဝင်၊ အထွက် တားမြစ်ပိတ်ဆို့မှုသည် မေ ၁၄ ရက်တွင် အဆုံးသတ်မည်ဟု မျှော်မှန်းရသည်။ အိန္ဒိယဖက်ဒရယ် ပြည်ထဲရေးဝန်ကြီး အမစ်ရှားက ကုန်ပစ္စည်းများ သိုလှောင်၍ မှောင်ခိုဈေးကွက် ဖန်တီးသူများကို မြန်မြန်ဆန်ဆန် ဖော်ထုတ်ကာ ပြင်းပြင်းထန်ထန် အရေးယူကြရန် အာဏာပိုင်များကို ညွှန်ကြားထားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့လိုက်ပါလာသည့် မိန်းကလေးတစ်ဦး လေယာဉ်ဆင်းသက်နေစဉ် နှလုံးရောဂါဖောက်၍ သေဆုံး

**ရန်ကုန် မေ ၁၀**
ရခိုင်ပြည်နယ် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ဆေးဝါးကုသမှုခံယူရန် လိုက်ပါလာသည့် မိန်းကလေးတစ်ဦးသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ်ဆင်းသက်နေစဉ် နှလုံးရောဂါဖောက်ကာ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ အလယ်စုရပ်ကွက်နေ မိန်းကလေး (၁၃ နှစ်)သည် မြန်မာအမျိုးသားလေကြောင်းခရီးစဉ် UB 412 ဖြင့် ယနေ့ညနေပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ဆေးကုသမှုခံယူရန်လိုက်ပါလာခဲ့ရာ ညနေ ၅ နာရီ ၃၅ မိနစ်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်ဆင်းသက်နေစဉ် နှလုံးရောဂါဖောက်ကာ သေဆုံးခဲ့ခြင်းဖြစ်ပြီး ယင်းသေဆုံးမှုသည် ကိုဗစ်-၁၉ ရောဂါနှင့် သက်ဆိုင်မှုမရှိကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

၎င်းသည် နှလုံးရောဂါခံစားနေရသူဖြစ်ပြီး နှလုံးတွင် စက်တပ်ဆင်ထားရသူဖြစ်ကြောင်း၊ ကန်သာယာဆေးရုံတွင် ဆေးဝါးကုသမှုခံယူရန် ရန်ကုန်မြို့သို့လိုက်ပါခဲ့ခြင်းဖြစ်ပြီး နှလုံးရောဂါဖောက်ချိန်တွင် လေယာဉ်ဝန်ထမ်းများနှင့် YACL မှ ဆရာဝန်တို့က ဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့သော်လည်း သက်သာလာခြင်းမရှိဘဲ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇော်ကြီး

# မိုးကြိုးပစ်ခံရ၍ လူတစ်ဦးနှင့် နွားနှစ်ကောင် သေဆုံး

**ကသာ မေ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဂျပန်ကျွန်းကျေးရွာ၌ ယနေ့ နံနက် ၈ နာရီခန့်က မိုးကြိုးပစ်၍ လူတစ်ဦး သေဆုံးကြောင်း သတင်းအရ ရဲအုပ်ဝင်းနိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အောင်ကိုဝင်းဖြစ်ပြီး ယနေ့ နံနက် ၂ နာရီခန့်က တဲပြင်တွင် ချည်ထားသော နွားနှစ်ကောင်အား မိုးရွာသောကြောင့် အိမ်အောက်သို့ ဆွဲသွင်းချည်နှောင်နေစဉ် မိုးကြိုးထိမှန်သဖြင့် ဒဏ်ရာများရရှိကာ နွားနှစ်ကောင်နှင့်အတူ လဲကျသေဆုံးခဲ့ကြောင်း သိရသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ်သိရှိနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အေးမြသက်ထား

# လှည်းကူးမြို့နယ် ပေါင်းလင်းကြိုးဝိုင်းအတွင်းမှ တရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရမိ

**လှည်းကူး မေ ၁၀**
ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပေါင်းလင်းကြိုးဝိုင်းအတွင်းမှ တရားမဝင် သစ်ခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် လှည်းကူးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးတင်ထွန်း ဦးစီးသောအဖွဲ့သည် သက်သေများနှင့်အတူ လှည်းကူးမြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းများအတွင်း တောဆင်ရိုင်းများသတ်ဖြတ်မှုမရှိစေရေး ကင်းလှည့် ဆောင်ရွက်နေစဉ် ပေါင်းလင်းကြိုးဝိုင်းအတွင်းမှ တရားမဝင် သစ်ခွဲသား အချောင်း ၈၀ (၃ ဒသမ ၁၅၂၂ တန်) တွေ့ရှိ သိမ်းဆည်းရမိသဖြင့် သစ်ပိုင်ရှင်အား စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လူအောင်(ကသာ)



# သထုံမြို့နယ်၌ ၂၂ ဘီးယာဉ်အား ဆိုင်ကယ်ဖြင့် တိုက်၊ နှစ်ဦးသေ

**သထုံ မေ ၁၀**
မွန်ပြည်နယ် သထုံမြို့ နောင်ကုလားရှမ်းရွာ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးပေါ်တွင် ၂၂ ဘီးယာဉ်အား တိုက်မိမှုကြောင့် လူနှစ်ဦး သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ် သထုံမြို့ နောင်ကုလားရှမ်းရွာ အဝေးပြေးလမ်းမကြီးပေါ် မိုင်တိုင်အမှတ် (၁၄၄/၆) နှင့် (၁၄၄/၇) အကြား၌ မေ ၉ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်က သထုံမှ ဘီးလင်းသို့ သန်းစိုးဌေး မောင်းနှင်လာသော ၂၂ ဘီးယာဉ်အား ဘီးလင်းမှ သထုံသို့ အောင်ပြည့်စုံ မောင်းနှင်ပြီး နိုင်ထူးနှင့် ခန့်ထူးရှိန်တို့ စီးနင်းလိုက်ပါလာသောဆိုင်ကယ်သည် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး တိုက်မိမှုကြောင့် အောင်ပြည့်စုံ၊ နိုင်ထူးနှင့် ခန့်ထူးရှိန်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် သထုံခရိုင်ဆေးရုံကြီးသို့တင်ပို့စဉ် အောင်ပြည့်စုံနှင့် ခန့်ထူးရှိန်တို့နှစ်ဦးမှာ သေဆုံးခဲ့ကြောင်း သိရသည်။

လှိုင်ထွန်းအောင်(သထုံ)

**မီးဘေးရှောင် မလောင်ခင်တား**

# သဃ်န်းကျွန်းမြို့နယ်တွင် အမျိုးသားတစ်ဦး သေဆုံး

**ရန်ကုန် မေ ၁၀**
ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် ရထားသံလမ်းနှင့် ရွာဦးဘုန်းကြီးကျောင်းဘေး အမှိုက်ပုံတွင် ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၄၀ က အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သဃ်န်းကျွန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးကော်မတီ၏လမ်းညွှန်မှုဖြင့် သေဆုံးသည့်နေရာနှင့် သေဆုံးသူအား တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံပြည့်ဖြင့် ပိုးသတ်ဆေးဖျန်းခြင်းများပြုလုပ်ကာ သဃ်န်းကျွန်းစံပြဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် သေဆုံးသူမှာ မရမ်းကုန်း မြို့နယ် (၅)ရပ်ကွက် ဗိုလ်ဗထူးလမ်းတွင်နေထိုင်သူ ဦးရီလွင် ဖြစ်ကြောင်း သိရသည်။

ရဲမင်းထွန်း(ပြန်/ဆက်)

# သုံးခွမြို့နယ် ဖရုံကန်ကျေးရွာ၌ နေအိမ်နှစ်လုံး မီးလောင်

**သုံးခွ မေ ၁၀**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဖရုံကန် ကျေးရွာတောင်ပိုင်းတွင် မေ ၉ ရက် ညနေ ၅ နာရီ ၁၀ မိနစ်ခန့်က နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဦးမျိုးဝင်း၏နေအိမ် ထင်းမီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် စတင်လောင်ကျွမ်းခြင်းခဲ့သည်။

ဒေသခံပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်သဖြင့် ၅ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် ဦးမျိုးဝင်းနေအိမ်နှင့် ဒေါ်သန်းနွဲ့၏နေအိမ်တို့ မီးလောင်ကျွမ်းခဲ့ကြောင်း၊ မီးပေါ့ဆသူ ဦးမျိုးဝင်းအား ကတုံးပေါ်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ကိုကျော်(သုံးခွ)





မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဝင်း ဦးစီးသောအဖွဲ့သည် မေ ၉ ရက် ညနေ ၆ နာရီမှ ည ၁၁ နာရီခွဲအထိ မင်းလှမြို့နယ်ရဲတပ်ဖွဲ့နယ်မြေအတွင်း လုယက်မှု၊ ဒုစရိုက်မှုများ လျော့နည်းကျဆင်းရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ လှည့်ကင်း၊ ရပ်ကင်း၊ ဆိုင်ကယ်လှည့်ကင်း၊ ယာဉ်တင်လှည့်ကင်းများ တိုးမြှင့်ဆောင်ရွက်ကြစဉ်။ သတင်းစဉ်

# ပွင့်ဖြူမြို့နယ်၌ ဆိုင်ကယ်နှင့် ဖောကား တိုက်၊ တစ်ဦးသေ

**ပွင့်ဖြူ မေ ၁၀**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာကျေးရွာအနီး မြောက်မုန်းမြောင်းမကြီး မြောင်းပေါင်ကျောက်ခင်းလမ်း ထောင်တိုင်အမှတ် (၁၂၁) နှင့် (၁၂၂) ကြားတွင် ယနေ့ နံနက် ၇ နာရီ ၃၅ မိနစ်ခန့်က ဆိုင်ကယ်နှင့် ဖောကားတိုက်မှုဖြစ်ပွားပြီး ဆိုင်ကယ်မောင်းနှင်သူ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၇ နာရီ ၃၅ မိနစ်ခန့်က ဒုရဲအုပ် စိုးမြတ်ပိုင်သည် ပွင့်ဖြူမြို့နယ် ကုန်းဇောင်းနယ်မြေရဲကင်းခန်း၌ တာဝန်မှူးအဖြစ်ရှိနေစဉ် ပွင့်ဖြူမြို့နယ် စည်ပင်သာယာကျေးရွာအနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ မြောက်မုန်း မြောင်းမကြီး မြောင်းပေါင် ကျောက်ခင်းလမ်း ထောင်တိုင် အမှတ် (၁၂၁) နှင့် (၁၂၂)ကြားတွင် နေမင်းလှိုင်မောင်းနှင်ပြီး အမျိုးသားသုံးဦး စီးနင်းလိုက်ပါသည့် ဖောကားသည် ကုန်းဇောင်းမှ သရက်တောရွာသို့ မောင်းနှင်လာစဉ် သန်းလင်းအောင် မောင်းနှင်ပြီး နောက်မှ အမျိုးသမီးတစ်ဦးလိုက်ပါလာသည့် ဆိုင်ကယ်နှင့် ဘေးချင်းယှဉ်မောင်းနှင်ရာမှ ကားနှင့် ဆိုင်ကယ် ပွတ်တိုက်မိကာ ဆိုင်ကယ်မှာလဲကျသွားကြောင်း သိရသည်။ ဆိုင်ကယ်မောင်းနှင်သူ သန်းလင်းအောင်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ဆိုင်ကယ်နောက်မှ အမျိုးသမီးတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပွင့်ဖြူမြို့နယ် ကုန်းဇောင်းနယ်မြေရဲကင်းစခန်းက ယာဉ်မဆင်မခြင် မောင်းနှင်သူ နေမင်းလှိုင်နှင့် သန်းလင်းအောင်တို့ နှစ်ဦးအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ



## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၁၀**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ ဖူလီလိုက်ကုမ္ပဏီအုပ်စု ဒါရိုက်တာ ဦးစိန်မြင့်တို့က လှူဒါန်းရသည့် အကြောင်းရင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ အလှူရှင်များလှူဒါန်းသည့် လှူဒါန်းငွေနှင့် စက်ပစ္စည်းကိရိယာများကို အသုံးပြုကာ အထူးကြပ်မတ်ကုသဆောင်များကို အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားမည်ဖြစ်သဖြင့် ကိုဗစ်–၁၉ လူနာများအတွက် အသုံးပြုနိုင်မည်ဖြစ်ကာ နောင်ကာလများတွင် ရောဂါဝေဒနာအမျိုးမျိုးနှင့် လူနာများအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကျန်းမာရေးဝန်ထမ်းများအတွက် အထူးကြပ်မတ်ကုသမှု မွမ်းမံသင်ကြားမှုများ ပြုလုပ်သွားမည်ဖြစ်သဖြင့် ရေရှည်တွင် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပြည်သူများကိုယ်တိုင်ပါဝင်ပြီး လက်တွဲညီညွတ်စွာ ဆောင်ရွက်မှုများဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါကို ကျော်လွှားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လှူဒါန်းမှုကို လက်ခံခဲ့ပြီး အလှူရှင်များထံ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

အဆိုပါ လှူဒါန်းပွဲ၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ညီနောင်အသင်း ၁၁ သင်းနှင့် FID ဟိုတယ်များက ငွေကျပ်သိန်း ၁၀၀၀၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ ဖူလီလိုက်ကုမ္ပဏီအုပ်စု ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးလီကျိန်းချန် (ခ)ဦးလျှိုအားပေါက်၊ ဒါရိုက်တာ သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်မောင်က ငွေကျပ် သိန်း ၁၁၅၀၊ ကိုးကန့်လူမှုဖွံ့ဖြိုးရေးအသင်းက ငွေကျပ်သိန်း ၁၀၀၀၊ SPIC Yunnan International Power Investment Co.,Ltd. က အမေရိကန်ဒေါ်လာ ၆၁၀၀၀ တန်ဖိုးရှိ နှာခေါင်းနှင့် ပါးစပ်စည်းများ၊ N95 Mask များ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ၊ Goggle များ၊ လက်အိတ်များနှင့် Thermometer များ၊ Eight – Japan Engineering Consultants Inc (Japan) က အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ Multi World Company Ltd က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Lucky Boy Hotpot & BBQ က ငွေကျပ် ၈၅ ဒသမ ၇ သိန်းတန်ဖိုးရှိ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းနှင့် ပါးစပ်စည်းများ၊ လက်အိတ်များ၊ Goggle များနှင့် Shoe cover များ၊ ဩစတြေးလျရောက် မြန်မာမိသားစုက ငွေကျပ် ၇၆ သိန်း၊ Mitaus Co.,Ltd. က ငွေကျပ် ၃၆ ဒသမ ၃၅ သိန်း၊ မြန်မာနိုင်ငံ လွတ်လပ်သောရှေ့နေများအသင်း (ILAM)က ငွေကျပ် သိန်း ၂၀၊ Ever Sunny Industrial Co.,Ltd. က ငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ်သုံးသိန်း တန်ဖိုးရှိ Coffeemix နှင့် လက်သန့်စင်ဆေးရည်များ၊ တစ်နိုင်ငံလုံးဆိုင်ရာ အခြေခံဓာတ်ခွဲကျွမ်းကျင် (၃) များအဖွဲ့က ငွေကျပ် ၁၁ ဒသမ ၆ သိန်း၊ ဂျပန်နိုင်ငံမှ မမေမျိုးလွင်က ငွေကျပ် ၁၀ သိန်း၊ ဦးအောင်ကိုနိုင်+ ဒေါ်နှင်းဖြူဖြူအောင် မိသားစု ရန်ကုန်မြို့က ငွေကျပ် ၁၀ သိန်း၊ မြန်မာဘော်လီဘောလူမှုရေးအသင်းက ငွေကျပ် ၁၀ သိန်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန ဝန်ထမ်းမိသားစုက ငွေကျပ် ၇ ဒသမ ၇ သိန်း တို့ကို အသီးသီးလှူဒါန်းခဲ့သည်။

**သတင်းစဉ်**

## ကမ္ဘောဇဘဏ်က ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ မြို့နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ဆက်လက်လှူဒါန်း

**နေပြည်တော် မေ ၁၀**

ကမ္ဘောဇဘဏ်က ကိုဗစ်–၁၉ ရောဂါကာကွယ်ကုသရေးအထောက်အကူပြုပစ္စည်းများကို ရှမ်းပြည်နယ် ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ နေ့စဉ်လှူဒါန်းလျက်ရှိရာ မေ ၁၀ ရက်တွင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ အောင်ပန်းမြို့၊ ကလောမြို့၊ ဟဲဟိုးမြို့နှင့် ဟိုပုံးမြို့ရှိ ပြည်သူ့ဆေးရုံများသို့ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်း တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများ၊ ဆေးရုံသုံးလက်အိတ်များ၊ အပူချိန်တိုင်းကိရိယာများ၊ မျက်မှန်များနှင့် လက်သန့်ဆေးရည်များ ပေးပို့လှူဒါန်းခဲ့သည်။

ထို့အတူ ရှမ်းပြည်နယ် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ လဲချားမြို့၊ ပင်လုံမြို့၊ မိုင်းနောင်မြို့၊ ခိုလန်မြို့၊ မိုးနဲမြို့နှင့် လင်းခေးမြို့များရှိ ကျန်းမာရေးစောင့်ရှောက်ကူညီရေးစခန်းများသို့လည်း ဆက်လက်ပေးပို့လှူဒါန်းခဲ့သည်။ ထို့ပြင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၊ တာလေမြို့၊ မိုင်းဖြတ်မြို့နှင့် မိုင်းယောင်းမြို့များတွင် ဖွင့်လှစ်ထားသော ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသည့် နိုင်ငံသားများ ကျန်းမာရေးစစ်ဆေးစောင့်ကြည့်ရေးစခန်းများသို့လည်း ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်းထားသည်။

ကမ္ဘောဇဘဏ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်ပမှ ပြန်လည်ရောက်ရှိလာကြသော နိုင်ငံသားများနှင့် ၎င်းတို့ကို စောင့်ကြပ်ကြည့်ရှုပေးနေရသော တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများမှ ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ လွယ်ကူလျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်စေရေး ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်သည်။

ကမ္ဘောဇဘဏ်သည် ငွေကျပ် ၁၄၆၂၄ သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကို လေကြောင်း၊ ကုန်းကြောင်းတို့မှ အမြန်ဆုံးဝယ်ယူလှူဒါန်းခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဆေးရုံများသို့ ဖြန့်ခွဲပေးအပ်ပြီးဖြစ်သည့်အပြင် ယနေ့အထိ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ငွေကျပ် ၁၉၆၂၄ သိန်း လှူဒါန်းထားပြီးဖြစ်သည်။ ဆက်လက်၍လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် လိုအပ်သည်များကို ပူးပေါင်းပါဝင်လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုဇော်**




## ဝါးခယ်မတွင် ကျေးရွာများအရောက် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နယ်လှည့်ရောဂါရှာဖွေရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများဆောင်ရွက်

**ဝါးခယ်မ မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နယ်လှည့်ရောဂါရှာဖွေရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို ရေယာဉ်ဖြင့် ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၊ ဆရာဝန်အသင်း၊ ဝါးခယ်မမြို့နယ်အသင်းတို့ပူးပေါင်း၍ Polish aid progra–mme ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင် ဦးဆောင်၍ စေတနာ့ဝန်ထမ်းဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကျေးရွာများ၌ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ အသိပေးနှိုးဆော်မှုများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကန့်သတ်စောင့်ကြည့်ရေးစခန်းနှင့် မိမိနေအိမ်တွင် ကန့်သတ်နေထိုင်သူများအား ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ခြင်း၊ ကျေးရွာအတွင်းရှိ ဖျားနာသူများ၊ ချောင်းဆိုးသူများ၊ ဆီးချို၊ သွေးတိုးရောဂါဝေဒနာခံစားနေရသူများနှင့် နာမကျန်းဖြစ်သူများကို ကျန်းမာရေးစစ်ဆေး၍ လိုအပ်သောကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ကနစိုးကုန်းကျေးရွာ၊ ကြာဖြူကျေးရွာ၊ ကစကဲကျေးရွာတို့ရှိ ပြည်သူ ၃၅၀ ကျော်အား ကျန်းမာရေးစစ်ဆေးမှု၊ ကုသမှုလုပ်ငန်းများကို မေ ၇ ရက်မှစတင်ကာ ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသော ကျေးရွာများအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**လွမ်းသီဟ (ပြန်/ဆက်)**

# Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အမျိုးသားအဆင့် ဗဟိုကော်မတီသို့ ပြည်တွင်း/ပြည်ပအလှူရှင်များက ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများ၊ အစားအသောက်များ လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်တွင်း/ ပြည်ပအလှူရှင်များက ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများ၊ အစားအသောက်များကို (၂၀၂၀)ပြည့်နှစ်၊ မတ်လ (၂၉)ရက်နေ့မှ မေလ (၉)ရက်နေ့၊ (၁၆:၃၀)နာရီအထိ အောက်ဖော်ပြပါအတိုင်း စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် -

**COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၉-၃-၂၀၂၀)ရက်နေ့မှ (၉-၄-၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | အမျိုးအစား | ပမာဏ | ခန့်မှန်းတန်ဖိုး (ကျပ်သိန်းပေါင်း) |
|---|---|---|---|---|
| ၁။ | Jack Ma & Alibaba Foundation | KN 95 | ၁၀၀,၀၀၀ | ၄,၇၁၅.၁၃ |
| | | Test Kits | ၂၀,၀၀၀ | |
| ၂။ | Unilever | Personal cleaning materials | | ၂,၂၀၀.၀၀ |
| ၃။ | Royal Club Beverages | PPE | ၄,၂၀၀ | ၁,၇၁၃.၀၀ |
| | | PPE Accessories | ၉၀၀ | |
| ၄။ | DKSH | PPE set | ၇၇၅ | ၁,၀၈၅.၀၀ |
| ၅။ | Zeya & Associated | Thermal scanner | ၂ | ၅၀၀.၀၀ |
| ၆။ | Trillion Ocean | surgical mask | ၇၉,၉၅၀ | ၃၃၀.၀၀ |
| | | Goggles | ၄,၈၀၀ | |
| ၇။ | Panhlaing Hosp | PPE | ၉၉၅ | ၃၃၀.၀၀ |
| ၈။ | Korea Embassy | Surgical Gown | ၂,၆၀၀ | ၂၆၀.၀၀ |
| ၉။ | Temasek Foundation | Ventilators | ၁ | ၂၀၀.၀၀ |
| ၁၀။ | ဦးအိုက်ထွန်း | Surgical mask | ၅၀,၀၀၀ | ၂၀၀.၀၀ |
| ၁၁။ | Huawei Tech (Yunan) Co.ltd | Surgical mask | ၁၀,၀၀၀ | ၁၅၁.၅၇ |
| | | N 95 | ၂၄၀ | |
| | | Goggles | ၃၀၀ | |
| | | PPE | ၃၀၀ | |
| ၁၂။ | Yunan | Surgical Mask | ၃၂,၀၀၀ | ၁၂၈.၀၀ |
| ၁၃။ | AA Group Limited | Oxygen concentrator | ၂၀ | ၁၂၇.၀၀ |
| ၁၄။ | J Mr Yan Changzi ZTE Co.ltd | Test Kits | ၈,၀၀၀ | ၁၁၂.၀၀ |
| ၁၅။ | ပြည်သူ့ပါတီ | PPE set | ၁၀၀ | ၁၀၀.၀၀ |
| ၁၆။ | RVK | ဆေးဝါးများ | | ၁၀၀.၀၀ |
| ၁၇။ | AP proficient Co.ltd | Hand Sanitizer(4L) | ၂၅၀ | ၇၅.၀၀ |
| ၁၈။ | MBE | PPE | ၂၀၀ | ၆၆.၀၀ |
| ၁၉။ | Nebula Co.ltd | Surgical mask | ၁၅,၀၀၀ | ၆၀.၀၀ |
| ၂၀။ | Grand Royal | Hand Sanitizer | ၁,၉၀၀ | ၄၇.၅၀ |
| ၂၁။ | ဦးကြူဂျုံစက် | Surgical mask | ၁၁,၀၀၀ | ၄၄.၀၀ |
| ၂၂။ | Mya Htike Co.ltd | Mask & Hand Senitizer | | ၃၀.၆၀ |
| ၂၃။ | Moe Yan General Services | Surgical mask | ၄,၀၀၀ | ၁၆.၀၀ |
| ၂၄။ | Singapore Embassy | Goggles | ၁,၀၀၀ | ၁၅.၉၀ |
| ၂၅။ | စော်ဘွားလေးဗိုလ်ဗိုလ်မောင် | PPE | ၄၀ | ၁၅.၀၀ |
| | | Hand Sanitizer | ၂၅ | |
| ၂၆။ | Miniso Co.ltd | surgical mask | ၁,၅၀၀ | ၁၂.၇၅ |
| | | N 95 | ၂၀၀ | |
| ၂၇။ | Jum Jel Co.ltd | Juice | ၄၈၀ | ၁၀.၆၀ |
| ၂၈။ | Uni Energy Co.,Ltd | Surgical Mask | ၂,၅၀၀ | ၁၀.၀၀ |
| ၂၉။ | ဦးအောင်ဇော်ဝင်း | surgical mask | ၂,၀၀၀ | ၇.၀၀ |
| ၃၀။ | ကွယ်လွန်သူ ဖခင်ကြီး ဦးသိန်းလှအား ရည်စူး၍ ဦးအောင်ထိုက်+ဒေါက်တာကြည်ပြာမိုး | PPE | ၂၀ | ၆.၀၀ |
| ၃၁။ | Ever Sunny Industrial Co.ltd | Coffee & Tea mix | ၆၀ | ၃.၀၀ |
| | | Hand sanitizer(5L) | ၁၅ | |
| | စုစုပေါင်း | | | ၁၂,၆၇၁.၀၅ |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ**

# ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကိုဗစ်-၁၉ ရောဂါကုသရေးဌာန၌ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မည်

**ရန်ကုန် မေ ၁၀**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ထားရှိမည့် ကိုဗစ်–၁၉ ရောဂါ ကုသရေးဌာန (COVID–19 Medical Center) ၌ အင်အား ၄၀ ပါဝင်သည့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ ပူးပေါင်း ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ကုသရေးဌာန ကြီးကြပ်မှုကော်မတီ(အဖွဲ့ဝင်) တပ်မတော် ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီး ခင်အောင်ထွန်း ထံမှ သိရသည်။

မေ ၉ ရက်က လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ရတနာ သိင်္ဃခန်းမ၌ ကျင်းပသည့် ကိုဗစ်–၁၉ ရောဂါ ကုသရေးဌာန (COVID–19 Medical Center)နှင့် စပ်လျဉ်းသည့် ရှင်းလင်းပွဲ တွင် ဗိုလ်မှူးကြီး ခင်အောင်ထွန်းက ထိုသို့ ပြောကြား ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ၎င်းက "တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့တွေအနေနဲ့ ပါဝင်ဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက် ထားတာရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဆေးဝန်ထမ်း တပ်ဖွဲ့အနေနဲ့ တစ်ချိန်မှာ ဆေးတပ်ဖွဲ့ဝင် အင်အား ၄၀ ပါဝင်ဆောင်ရွက်သွားဖို့ လျာထားပြီး ဖွဲ့စည်းဆောင်ရွက် ထားတာရှိပါတယ်။ ကျွန်တော်တို့ ကြီးကြပ်မှုကော်မတီ အနေနဲ့ ကနဦး Phase–1 ကို စတင် ဆောင်ရွက်တဲ့အချိန်မှာ ပါရဂူ၊ ဆရာဝန်၊ ကျွမ်းကျင် စသည်ဖြင့် စုစုပေါင်း ၂၀၀ ခန့် ခန့်မှန်းပါတယ်" ဟု ပြောသည်။

ကိုဗစ်–၁၉ ကုသရေးဌာနတွင် ဆေးတပ်ဖွဲ့ဝင် အင်အား ၄၀ ဖြင့် ပါဝင်ဆောင်ရွက်ရာ၌ ဆေးရုံ၏ လိုအပ် ချက်အရ ကာလကြာမြင့်မှုကို ကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိသောကြောင့် လိုအပ်လာပါက အင်အားများကို လဲလှယ် အသုံးပြုနိုင်ရန် အင်အား ၄၀ စီပါဝင်သည့် ဆေးအဖွဲ့ နှစ်ဖွဲ့ ဖွဲ့ထားကြောင်း အဆိုပါရှင်းလင်းပွဲမှ သိရသည်။

"ဖောင်ကြီးမှာ ဆေးရုံတစ်ရုံ စတင်တည်ထောင်ဖို့ သတင်းရရချင်း တပ်မတော်ကလည်း ပူးပေါင်းဆောင်ရွက်ဖို့ အတွက် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တို့ရဲ့ လမ်းညွှန်မှုနဲ့အတူ ဆေးရုံစတင်ဖို့ လုပ်ဆောင်ကတည်းက ပူးပေါင်းပါဝင်ခဲ့ပါတယ်။ လူ အင်အား ၄၀ ပါဝင်တဲ့ ဆေးအဖွဲ့တစ်ဖွဲ့လျှင် ရက်သတ္တပတ် နှစ်ပတ်စီ အလှည့်ကျတာဝန်ယူ ထမ်းဆောင်သွားပါမယ်။ တာဝန်ထမ်းဆောင်ပြီးစီးတဲ့ အဖွဲ့တွေကို တပ်မတော်က စီစဉ်ထားတဲ့ Quarantine နေရာမှာ နှစ်ပတ်ကြာ အနားယူရ ပါမယ်" ဟု ဗိုလ်မှူးကြီး ခင်အောင်ထွန်းက ပြောသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ထားရှိမည့် ကိုဗစ်–၁၉ ကုသရေး ဌာနတွင်ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့ဝင် ၄၀ ပါဝင်သည့် ဆေးအဖွဲ့တွင် ဆေးကုသမှုပါရဂူ၊ မေ့ဆေးပါရဂူ၊ ဓာတ်မှန် ပါရဂူ၊ ရောဂါဗေဒပါရဂူ၊ ဆေးမှူး၊ သူနာပြုအရာရှိ၊



အထက်တန်းသူနာပြု၊ ဓာတ်ခွဲကျွမ်းကျင်နှင့် ဓာတ်မှန် ကျွမ်းကျင်သူများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ထားရှိမည့် ကိုဗစ်–၁၉ ကုသရေး ဌာန (COVID–19 Medical Center)၌ မေ ၁၂ ရက်မှစတင်၍ လူနာများ ထားရှိနိုင်အောင် စီစဉ်ဆောင်ရွက်လျက် ရှိသည်။ **သတင်း– ညွန့်ကိုကို၊ ဓာတ်ပုံ– ဇော်မင်းလတ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စေတနာရှင်ပြည်သူများနှင့် အဖွဲ့အစည်းများက ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်သည့် ဆေးဘက်ဆိုင်ရာပစ္စည်းများကို ပေကျင်းမြို့ရှိ မြန်မာသံရုံးသို့ ဆက်သွယ်လှူဒါန်း

**နေပြည်တော် မေ ၁၀**

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော ကိုဗစ်–၁၉နှင့်ပတ်သက်၍ ကာကွယ်မှု၊ ထိန်းချုပ်မှုနှင့် ကုသမှုဆိုင်ရာ လုပ်ငန်းများအား မြန်မာအစိုးရမှ အမျိုးသားအဆင့်အနေဖြင့်သတ်မှတ်၍ ပြည်သူတစ်ရပ်လုံးပါဝင်ကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း ပေကျင်းမြို့ မြန်မာသံရုံးမှ သတင်းထုတ်ပြန်ခဲ့ရာ မြန်မာအစိုးရနှင့် ပြည်သူများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စေတနာရှင် ပြည်သူများနှင့် အဖွဲ့အစည်းများကလည်း ကိုဗစ်–၁၉နှင့် ပတ်သက်သည့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများကို ပေကျင်းမြို့ရှိ မြန်မာသံရုံးသို့ ဆက်သွယ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ ဆက်သွယ်လှူဒါန်းလျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင်း မြူနီစီပယ်အစိုးရရုံးမှ Medical mask ၁၀၀,၀၀၀ ကိုလည်းကောင်း၊ စီချွမ် ပြည်နယ် နိုင်ငံခြားရေးရုံးမှ Disposable protective mask ၁၀,၀၀၀ ကို လည်းကောင်း၊ တရုတ်–မြန်မာ ယဉ်ကျေးမှုနှင့် ဖလှယ်မှုစင်တာ (China–Myanmar Culture and Exchange Center–CMCEEC) မှ Disposable protective mask ၅၀၀၀၀ ကိုလည်းကောင်း၊ တရုတ်ဆက်သွယ်မှုဆောက်လုပ်ရေးကုမ္ပဏီ (China Communications Construction Company–CCCC) မှ Medical mask ၅၀၀၀၀ နှင့် Goggle ၁,၀၂၀ ကိုလည်းကောင်း၊ ZTE ကုမ္ပဏီမှ Test Kits ၁,၀၀၀ ကိုလည်းကောင်း အသီးသီးဆက်သွယ်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ် တားဆီးရေးအတွက် အထူးလိုအပ်လျက်ရှိသည့် ရောဂါကာကွယ်ရေးပစ္စည်း တစ်ခုဖြစ်သည့် Medical mask များကို ဆက်လက်လှူဒါန်းရန် ရှိနေသည်။

ပေကျင်းမြို့ရှိ မြန်မာသံရုံးအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စေတနာရှင်ပြည်သူများနှင့် အဖွဲ့အစည်းများက ဆက်သွယ်လှူဒါန်းသည့် ဆေးဘက်ဆိုင်ရာပစ္စည်းများကို လေကြောင်းလိုင်းနှင့် ကုန်းလမ်းတို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ အမြန်ဆုံးပို့ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

သတင်းစဉ်

## COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း(Community- Based Facility Quarantine) နှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအတွက် စိတ်ပိုင်းဆိုင်ရာ အကြံပြုချက်

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ သတ်မှတ်နေရာများတွင် ၁၄ ရက်တာ နေထိုင်ရသူများနှင့် ပြည်သူလူထုအများစုတွင် စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှု စသည်တို့ခံစားရလေ့ရှိပါသည်။ COVID–19 နှင့်ပတ်သက်၍ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် ရှေ့ရေးတို့အတွက် စိုးရိမ်ပူပန်ခြင်း၊ အိမ်တွင်ရှိသော မိသားစုဝင်များအတွက် စိုးရိမ်ပူပန်ခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါသည်။

သီးခြားနေထိုင်နေရသည့်ကာလအတွင်း အထီးကျန်သလိုခံစားရခြင်း၊ ငြီးငွေ့ခြင်း၊ စိတ်အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အကူအညီမဲ့သလိုခံစားရခြင်း စသည့် ပိုမိုလွန်ကဲသောစိတ်ခံစားချက်များလည်း ဖြစ်ပေါ်လာတတ်ပါသည်။

သီးခြားနေထိုင်ရသည့်ကာလအတွင်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကို မျိုသိပ်မထားဘဲ အမှန်တကယ်လိုအပ်သော အကူအညီများကို တာဝန်ရှိသူများထံ ဖွင့်ဟဆွေးနွေးအကူအညီရယူသင့်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ပါသည်။

ထိုစိတ်ခံစားချက်များလျော့ပါးသက်သာစေနိုင်ရန် ယခုဖော်ပြထားသည်တို့ကို လုပ်ဆောင်နိုင်ပါသည်–

- ❖ မိမိ၏လူမှုအသိုက်အဝန်းဖြစ်သော မိသားစုဝင်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ ချစ်ခင်ရသူများနှင့် တယ်လီဖုန်း၊ အီးမေးလ်၊ အင်တာနက်လူမှုကွန်ရက် စသည်များမှတစ်ဆင့် အဆက်အသွယ်ပြုလုပ်ပါ။
- ❖ နေ့စဉ်အိမ်တွင်လုပ်ဆောင်နေကျအလုပ်များထဲမှ လက်ရှိပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိမည့် သူတစ်ပါးကိုလည်း မထိခိုက်စေနိုင်သည့် မိမိဝါသနာပါရာအလုပ်များကို ဆက်လက်လုပ်ဆောင်ပါ။
- ❖ စားသောက်ခြင်း၊ အိပ်စက်အနားယူခြင်းတို့ကို ကျန်းမာရေးနှင့်ညီညွတ်မျှတအောင် သတိပြုဆောင်ရွက်ပါ။ ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကိုရှောင်ကြဉ်ပါ။
- ❖ ကိုယ်/စိတ်ဖြေလျှော့သည့် လေ့ကျင့်မှုများနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ပါ။
- ❖ မိမိကိုးကွယ်ရာ ဘာသာတရားအလိုက် ဝတ်ပြုဆုတောင်းခြင်း၊ တရားမှတ်ခြင်းများပြုလုပ်ပါ။
- ❖ COVID–19 ရောဂါနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များဖြင့်သာ အချိန်ကုန်နေတတ်ခြင်းသည် စိုးရိမ်စိတ်နှင့် စိတ်ဖိစီးမှုများကို ပိုမိုဆိုးရွားစေနိုင်သဖြင့် ဆင်ခြင်ရှောင်ကြဉ်ပါ။
- ❖ ကောလာဟလ သတင်းများကိုလည်း အထူးသတိပြုရှောင်ကြဉ်ပါ။
- ❖ ယုံကြည်စိတ်ချရသော၊ အသိအမှတ်ပြုထားသည့်သတင်းအချက်အလက်အရင်းအမြစ်များမှ ထုတ်ပြန်သော သတင်းများ၊ ညွှန်ကြားချက်များကိုသာ လေ့လာမှတ်သားလိုက်နာပါ။
- ❖ လက်လှမ်းမီသော အကျိုးရှိမည့်စာပေများကို ဖတ်ရှုပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ စိတ်ကျန်းမာပညာအဖွဲ့တို့ ပူးပေါင်းစီစဉ်သည်။**

# ဥရောပသမဂ္ဂ(အီးယူ)မှ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်သားများအတွက် ယူရို ငါးသန်း ပံ့ပိုးပေးသွားမည်

**ရန်ကုန် မေ ၁၀**

ဥရောပသမဂ္ဂ(အီးယူ)သည် ကိုဗစ်–၁၉ ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကြောင့် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ကြရသည့် မြန်မာနိုင်ငံမှ အထည်ချုပ်လုပ်သားများအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်ရန် မြန်ကူ (Myan Ku) အမည်ရှိ အရေးပေါ်ငွေသား ရန်ပုံငွေမှ ယူရိုငါးသန်း (မြန်မာကျပ်ငွေ ရှစ်ဘီလီယံဝန်းကျင်)ကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ယမန်နေ့ရက်စွဲဖြင့် ဥရောပသမဂ္ဂ(အီးယူ)၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။



### ရင်ဆိုင်ကြုံတွေ့လျက်ရှိ

မြန်မာ့အထည်ချုပ်လုပ်ငန်းသည် ကိုဗစ်–၁၉ ကြောင့် စီးပွားရေးအပေါ် ပြင်းထန်စွာ သက်ရောက်မှုရှိခဲ့ပြီး မတ်လနှောင်းပိုင်းတွင် စက်ရုံပေါင်း ၄၀ ကျော်မှ လုပ်သားပေါင်း ၂၅၀၀၀ ကျော်တို့သည် အလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း၊ ခန့်မှန်းခြေအမျိုးသမီးလုပ်သားပေါင်း ခုနစ်သိန်းဖြင့် လည်ပတ်လုပ်ကိုင်နေသည့် မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် လုပ်သားပေါင်း သုံးသိန်းခွဲသည် လက်ရှိတွင် လစာမဲ့ဆိုင်းငံ့ခံရခြင်း သို့မဟုတ် အလုပ်အကိုင်များကို ရပ်စဲခံရခြင်း စသည့် ထိခိုက်နစ်နာမှုများကို ရင်ဆိုင်ကြုံတွေ့လျက်ရှိကြောင်း ဥရောပသမဂ္ဂ(အီးယူ) ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

“မြန်မာနိုင်ငံတစ်ဝန်းမှာ အထည်ချုပ်စက်ရုံပေါင်း ၆၀၀ နီးပါးရှိပါတယ်။ ပြီးခဲ့တဲ့ မတ်လကတည်းက စက်ရုံပိတ်မှုတွေနဲ့ များစွာသော လုပ်သားတွေ အလုပ်လက်မဲ့ဖြစ်မှုတွေကို အများအပြားတွေ့နေရပါတယ်။ ဒီလိုအခြေအနေမျိုးကို ဧပြီလမှာပါ ဆက်မြင်ရနိုင်တယ်လို့ ကျွန်မတို့ ယူဆရပါတယ်။ အခုလို အခက်အခဲ၊ စိန်ခေါ်မှုတွေကို ရင်ဆိုင်နေရတဲ့အချိန်မှာ မြန်ကူ(Myan Ku) အရေးပေါ် ငွေသား ရန်ပုံငွေက ထိခိုက်နစ်နာခဲ့ရတဲ့ အလုပ်လက်မဲ့ ထောင်၊ သောင်းပေါင်းများစွာသော လုပ်သားတွေနဲ့ သူတို့မိသားစုတွေကို အဓိကပံ့ပိုးကယ်တင်ပေးနိုင်မယ့် အထောက်အပံ့ကောင်းနည်းလမ်းတစ်ခုဖြစ်လာပါတယ်”ဟု မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောသည်။

မြန်ကူ (Myan Ku) ရန်ပုံငွေမှ ငွေသားအကူအညီများကို နိုင်ငံသားပိုင်၊ အကျိုးတူပိုင်(သို့မဟုတ်) နိုင်ငံခြားသားပိုင် အထည်ချုပ်စက်ရုံများတွင် အလုပ်လုပ်ရင်း အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် လုပ်သားများထံ တိုက်ရိုက်လွှဲပြောင်းထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ(အီးယူ)၏ ထုတ်ပြန်ချက်အရ သိရသည်။

### လွှဲပြောင်းပံ့ပိုးပေးသွားမည်

အဆိုပါ ငွေသားအထောက်အပံ့ကို (၁) လက်ရှိအခြေအနေကြောင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် (သို့မဟုတ်) ၎င်းတို့ နေထိုင်ရာနေရာများမှ နှင်ထုတ်ခံခဲ့ရသည့် လုပ်သားများ၊ (၂) လုပ်ငန်းရှင်နှင့် လုပ်သားများအကြား ချုပ်ဆိုထားသည့် စာချုပ်များ တရားမဝင် ရပ်စဲရုပ်သိမ်းခံရခြင်းအပြင် အကျိုးအကြောင်း ဆီလျော်မှုမရှိသည့် ညွှန်ကြားချက်များကို ကြုံတွေ့ခံစားခဲ့ရသည့် လုပ်သားများနှင့် (၃) လုပ်သားများကို ဆက်လက်လုပ်ကိုင်ခွင့်ပေးရန်နှင့် အနည်းဆုံးသင့်တော်သည့် အထောက်အပံ့များကိုလည်း ၎င်းတို့အတွက် ပံ့ပိုးပေးရန် သဘောတူညီထားသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs)များမှ လုပ်သားများ စသည်တို့ထံ ဝေ့မန်းနီး (Wave Money) ဝန်ဆောင်မှုမှတစ်ဆင့် လွှဲပြောင်းပံ့ပိုးပေးသွားမည်ဖြစ်ပြီး ပံ့ပိုးကူညီမှုရရှိမည့်သူများကို အလုပ်သမားသမဂ္ဂများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများမှတစ်ဆင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ(အီးယူ) သံအမတ်ကြီး မစ္စတာ ခရစ္စရှန် ရှမစ်က “မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရဲ့ ၇၀ ရာခိုင်နှုန်းက ဥရောပဒေသကို တင်ပို့နေတဲ့အပြင် နိုင်ငံတစ်ဝန်းက အမျိုးသမီးတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း လေးသိန်းခွဲကို ဖန်တီးပေးနေတာပါ။ ဒါဟာ ဥရောပသမဂ္ဂနိုင်ငံတွေဆီ ချုပ်လုပ်တင်ပို့နေတဲ့ ပို့ကုန်အထည်တွေက တကယ့်ကို နက်ရှိုင်းကျယ်ပြန့်တဲ့ အောင်မြင်မှုရဲ့ ပြယုဂ်တစ်ခုပါပဲ။ ဥရောပဈေးကွက်ကို ၂၀၁၁ ခုနှစ်မှာ ပြန်ဖွင့်ပေးခဲ့တဲ့အတွက် အထည်ချုပ်လုပ်ငန်းက မြန်မာနိုင်ငံတစ်ဝန်း သန်းပေါင်းများစွာသော ပြည်သူတွေရဲ့ဘဝတွေ တိုးတက်လာအောင်လည်း တစ်ဖက်တစ်လမ်းက ကူညီခဲ့သလို အလုပ်သမားဆိုင်ရာ အခွင့်အရေးတွေ ကျယ်ပြန့်လာအောင်၊ သဘာဝပတ်ဝန်းကျင်နဲ့အညီ စံချိန်စံညွှန်းတွေကို ပိုမိုမြှင့်တင်နိုင်အောင်၊ ဒ့ါအပြင် မြန်မာနိုင်ငံတွင်း အခြေခံအုတ်မြစ်ခိုင်မာတဲ့ ထုတ်လုပ်မှုပိုင်းဆိုင်ရာ ဝန်းကျင်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်တာ စတဲ့အခန်းကဏ္ဍတွေမှာ သိသာထင်ရှားတဲ့ တွန်းအားတစ်ခုကို ဖန်တီးပေးခဲ့ပါတယ်”ဟု ပြောသည်။

### အနှောင့်အယှက်ဖြစ်စေခဲ့

ကိုဗစ်–၁၉ အခက်အခဲသည် ကုန်ကြမ်းပစ္စည်းများ ပြတ်လပ်သွားစေခြင်း၊ ကမ္ဘာတစ်ဝန်းတင်ပို့မှုများကို ဆိုင်းငံ့လိုက်ရခြင်းနှင့် အထည်ချုပ်လုပ်ငန်းခွင်အတွင်း ရောဂါကူးစက်နိုင်သည့် အန္တရာယ်စသည့် အခြေအနေများဖြင့် ကမ္ဘာတစ်ဝန်းရှိအထည်ချုပ်လုပ်ငန်းလည်ပတ်မှုကို အတားအဆီးအနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

“နိုင်ငံတော်အကြီးအကဲတွေကလည်း ဒီအခြေအနေကို ကာကွယ်၊ ဟန့်တားနိုင်မယ့် လုပ်ငန်းစဉ်အတွက် လိုအပ်တဲ့ လမ်းညွှန်ချက်တွေ၊ လုပ်ဆောင်ချက်တွေကို ပံ့ပိုးလုပ်ဆောင်ပေးလျက်ရှိတဲ့အပြင် ပြည်သူတွေကလည်း ဒီလိုပံ့ပိုးမှုအပေါ် တုံ့ပြန်ပါဝင်လာတာတွေလည်း ရှိပါတယ်။ ဒီလိုကာကွယ်တားဆီးနိုင်မယ့် လုပ်ငန်းစဉ်တွေကို ပြည်တွင်းမှာလည်း ကျင့်သုံးနေတဲ့အပြင် နိုင်ငံတကာ အသိုင်းအဝိုင်းက ကူညီပံ့ပိုးမှုတွေနဲ့အတူ မြန်မာနိုင်ငံဟာ ဒီကူးစက်ကပ်ရောဂါနဲ့ သူ့ရဲ့နောက်ဆက်တွဲ အကျိုးဆက်တွေကို အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်မှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်က မှတ်ချက်ပြုပြောကြားသည်။

**သတင်း–မင်းသစ်(MNA)၊ ဓာတ်ပုံ–နေလင်း**

# မိုင်းယောင်း၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ လှူဒါန်း

**မိုင်းယောင်း မေ ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လိုအပ်သည့်နေရာတွင် အသုံးပြုနိုင်ရန် မိုင်းဖြတ် နဂါးသတ္တုတူးဖော်ရေးကုမ္ပဏီက ငွေကျပ် ၃၀၄၉၀၀၀ တန်ဖိုးရှိ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ကိုဗစ်–၁၉ စောင့်ကြည့်ရေးစခန်း အထက(မိုင်းယောင်း)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက လှူဒါန်းမှုအပေါ် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိကြောင်း အမှာစကားပြောကြားပြီး မိုင်းဖြတ်နဂါးသတ္တုတူးဖော်ရေးကုမ္ပဏီမှ ဦးထွန်းရွှေက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းဖြတ်နဂါးသတ္တုတူးဖော်ရေးကုမ္ပဏီမှ ဦးထွန်းရွှေနှင့် တာဝန်ရှိသူများက ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းအတွက် ငွေကျပ် ၃၀၄၉၀၀၀ တန်ဖိုးရှိ 7F–5W(Oxygen Concentrator) နှစ်လုံး၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၀ နှင့် အထောက်အကူပြုပစ္စည်းများ၊ လက်ဆေးဘေစင်နှစ်ခု၊ စောင်အထည် ၂၀ နှင့် ခေါင်းအုံးအလုံး ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းသိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမြင့်ဦးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။



မိုင်းယောင်းမြို့နယ်တွင် ကိုဗစ်–၁၉ စောင့်ကြည့်ရေးစခန်းများကို မြို့နယ်မိုးလုံလေလုံ အားကစားခန်းမ၊ အထက(မိုင်းယောင်း)နှင့် အထက(မိုင်းယု) သုံးနေရာတို့တွင် ပြင်ဆင်ထားရှိပြီး ကိုဗစ်–၁၉ စောင့်ကြည့်ရေးစခန်း အထက(မိုင်းယောင်း)တွင် အမျိုးသားသုံးဦး ကန့်သတ်စောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ရှေ့နေနှင့် ဇာတ်ကြီးဆယ်ဘွဲ့

## ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

" ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် ဇာတ်ကြီးဆယ်ဘွဲ့ ပါတဲ့"

"ဇာတ်ကြီးဆယ်ဘွဲ့ဆိုတော့ ပျင်းစရာ အတော်ကောင်းမှာပဲနော် ဆရာ"

"သြော်...... ဖတ်ကြည့်ပါဦးဗျ"

**ငယ်စဉ်**

ငယ်စဉ် ကျောင်းသားဘဝမှစ၍ ဇာတ်ကြီးဆယ်ဘွဲ့ အကြောင်း ကြားရသည်။ မှတ်သားရသည်။ လူကြီးများက ဟောပြ၊ ပြောပြ၊ ဆုံးမကြသည်။ ကျိုးကြောင်းပြသည်။ ဇာတ်ကပြသည်။ ထိုအခါ ပို၍ပို၍ မှတ်မိသည်။ ရှေ့နေဖြစ်သည့်အချိန်တွင် တရားရုံး၌ သက်သေထင်ရှားပြရသောအခါ ဇာတ်ကြီးများ၏သင်ခန်းစာကို ဆက်နွှယ်ရရှိခဲ့သည်။ ယခုအချိန်ခါတွင် မှတ်မှတ်သားသား စာစကားအဖြစ် ရေးမှတ်ရသောအခါ စာရေးဆရာကြီး မင်းယုဝေ ရေးသားပြုစုသော "ဇာတ်တော်ကြီးဆယ်ဘွဲ့" (အနှစ်ချုပ်) စာအုပ်ကို ရွေးထုတ်တွေ့ရှိရပေသည်။ အနှစ်သာရများကို ကောက်နုတ်တင်ပြပါရစေ။

**ဇာတ်တော်ကြီးဆယ်ဘွဲ့**

စာအုပ်အမည်အပြည့်အစုံမှာ ဇာတ်တော်ကြီးဆယ်ဘွဲ့ အနှစ်ချုပ်၊ ပြုစုသူ စာရေးဆရာကြီး မင်းယုဝေ ၊ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေသည်။ (IN BRIEF) TEN GREAT BIRTH STORIES Translated by Daw Khin Thein (M.A Yangon University) (M.A Yale University, U.S.A) ဖြစ်ပေသည်။

စိတ်ကူးချိုချို စာအုပ်တိုက်မှ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင် ပုံနှိပ်ဖြန့်ချိသည်။

**ဇာတ်ဆိုတာဘာလဲ**

စာရေးဆရာကြီး မင်းယုဝေက "ဇာတ်"၏ အဓိပ္ပာယ်ကို အမှာစာဖြင့် အောက်ပါအတိုင်း ရေးသည်-

"ဇာတက" ဟူသော ပါဠိစကားကို မြန်မာတို့က 'ဇာတ်' ဟု ခေါ်ဆိုကြသည်။ ဇာတ်သည် အဖြစ်၊ ဘဝ ဟူ၍ အနက်ရသည်။ များသောအားဖြင့် ဂေါတမ ဗုဒ္ဓဘုရားလောင်း၏ အတိတ်ဝတ္ထု၊ အဖြစ်အပျက်၊ အကြောင်းအရာများကို 'ဇာတ်'ဟု ခေါ်လေ့ရှိကြသည်။

ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားသည် မိမိ၏ အတိတ်ဘဝများ၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ပါဠိဂါထာဖြင့် ဟောကြားတော်မူခဲ့သည်။ ယင်းတို့သည် နိကာယ်ငါးရပ်အနက် ခုဒ္ဒကနိကာယ်တွင် ပါဝင်သည်။ စုစုပေါင်း ၅၄၇ ဇာတ်ရှိသည်။ အခေါ်ရလွယ်အောင် ၅၅၀ ဇာတ်တော်ဟု ခေါ်ကြသည်။ ယင်းတို့ကို ဘုရားရှင် ဟောကြားရာ၌ တစ်ဂါထာဖြင့် ဟောကြားသောဇာတ်၊ နှစ်ဂါထာဖြင့် ဟောကြားသောဇာတ်စသဖြင့် ရှိသည်။ ဂါထာတစ်ရာကျော်မှတစ်ထောင်ကျော်အထိ ဟောကြားသော ဇာတ်ဆယ်ဇာတ်ရှိသည်။ ယင်းဆယ်ဇာတ်ကို မဟာနိပါတ်ဟုလည်း ခေါ်ကြသည်။ ဇာတ်ကြီးဆယ်ဘွဲ့ ဟူ၍လည်း ခေါ်ကြသည်။

ဇာတ်ကြီးဆယ်ဘွဲ့မှာ ဘုရားဖြစ်ခါနီး နောက်ဆုံးဆယ်ဘဝ သို့မဟုတ် နောက်ဆုံးဆယ်ဇာတ် ဖြစ်သည်။ ယင်းဆယ်ဘဝသည် ဘုရားအဖြစ်နှင့်လည်း အလွန်နီးကပ်သည်။ အခြားဘဝတို့ထက်လည်း ပိုမို၍ မြင့်မြတ်သည်။ ပါရမီလည်း ရင့်ကျက်သည်။ ထို့ကြောင့် 'နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်' ဟုခေါ်ဆိုကာ အခြားဇာတ်များကို ပါရမီနုစဉ်ဖြစ်ခဲ့သော ဇာတ်များဟု သတ်မှတ်ခဲ့သည်။ ဇာတ်ကြီး ဆယ်ဘွဲ့ကိုကား ပါရမီ ရင့်စဉ်ဖြစ်ခဲ့သော ဇာတ်များ၊ အဖြစ်တော်များဟု သတ်မှတ်ခဲ့ကြသည်။

ဇာတ်ကြီးဆယ်ဘွဲ့မှာ တေမိ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟောသဓာ၊ ဘူရိဒတ်၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရနှင့် ဝေဿန္တရာ ဇာတ်တော်ကြီးများ ဖြစ်ကြသည်။ ယင်းတို့ကို အလွယ်အကူ မှတ်သားနားလည်စေရန် တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ ဟူ၍ အက္ခရာသင်္ကေတအဖြစ် မှတ်သားကြသည်။

**(၁) တေမိဇာတ်**

ဘုရင်မလုပ်လိုပါက ဆွံ့အ နားပင်းဟန်ဆောင်၍နေရန် အကြံပေးခဲ့သဖြင့် တေမိမင်းသားလေး ကျင့်ကြံနေထိုင်ခဲ့ပုံမှာ တစ်နှစ်သားအရွယ်မှစ၍ ၁၆ နှစ်သားအရွယ်ထိ အမျိုးမျိုးအဖုံဖုံ စမ်းသပ်ခဲ့လေသည်။ ဤဇာတ်တော်က နေက္ခမ္မပါရမီနှင့် အဓိဋ္ဌာန်ပါရမီတို့ ဖြည့်ဆည်းခဲ့ပုံကို သိမြင်နိုင်သည်။ (စာ-၉)

**(၂) ဇနကဇာတ်**

နတ်သမီး၊ လောက၌ လူတို့သည် ပျင်းရိ၍ မနေအပ်။ ကောင်းစွာသော လုံ့လဖြင့် အခါခပ်သိမ်းပင် ကိုယ်ဖြင့်တန်သည်၊ နှုတ်ဖြင့်တန်သည်၊ စိတ်ဖြင့် ကြံမည်ဟု ထောက်ချင့်၍ လုံ့လပြုအပ်လှသည်။ သင်ချစ်ခင်၍ ငါ့ကိုဆောင်ပါလျှင် ငါ့လိုအင်ဆန္ဒပြည့်ဝတော့အံ့။ သင်မဆယ်တင်၍ ဤတွင်ပင် ငါဆုံးပါးရသော်လည်း လုံ့လပြုရကျိုး ငါရရှိလေပြီ။ ငါသည် အစွမ်းရှိတိုင်း၊ အားရှိတိုင်း မဆုတ်မဆိုင်းသောလုံ့လဖြင့် မဟာသမုဒ္ဒရာကမ်းသို့ ဆက်လက်ကူးခတ်အံ့"။ ဤဇာတ်တော်က ဝီရိယပါရမီနှင့် နေက္ခမ္မပါရမီတို့ ဖြည့်ဆည်းခဲ့ပုံကို သိမြင်နိုင်သည်။ (စာ-၂၀)

**(၃) သုဝဏ္ဏသာမဇာတ်**

ဒုကူလနှင့် ပါရိကာတို့၏ သားမှာ သုဝဏ္ဏသာမဖြစ်ပါ၏။ အဆိပ်လူးသောမြားဖြင့် ပီလိယက္ခမင်းကြီးက သုဝဏ္ဏသာမအား ပစ်ခဲ့မိရာ မြားဆိပ်တက်နေချိန်ဖြစ်ပါ၏။ အဆိပ်ပြေစေရန် မိဘများက သစ္စာပြုခဲ့လေသည်။ ကုသိုလ်တရား ကျင့်လေ့ရှိသူ၊ မြတ်သောအကျင့် ကျင့်လေ့ရှိသူ၊ မှန်သောစကားကို ဆိုလေ့ရှိသူ၊ မိဘကို လုပ်ကျွေးပြုစုလေ့ရှိသူ၊ လူကြီးမိဘတို့ကိုရိုသေသူ ဖြစ်ခြင်းကြောင့် သစ္စာစကားတည်ပြီး အဆိပ်ပြေပါစေသား။ ဤဇာတ်တော်က မေတ္တာပါရမီနှင့် ခန္တီပါရမီတို့ ဖြည့်ဆည်းခဲ့ပုံကို သိမြင်နိုင်သည်။(စာ-၃၆)

**(၄) နေမိဇာတ်**

နေမိဇာတ်၏ အနှစ်သာရမှာ နေမိကိုယ်တိုင်ပြုသော ကုသိုလ်ကောင်းမှုသည်သာ မိမိကိုယ်ပိုင် ပစ္စည်းဥစ္စာဖြစ်သည်။ ကိုယ်၊ နှုတ်၊ နှလုံး စောင့်စည်းခြင်းဖြင့် ကောင်းကျိုးချမ်းသာရနိုင်သည်။ ကုသိုလ်ကောင်းမှုပြုခြင်းဖြင့် စိတ်ရောကိုယ်ပါ ချမ်းသာနိုင်သည်။ အလှူပေးခြင်းဖြင့် ကုသိုလ်ကောင်းမှုကို ပြုပါဟူ၍ ဖြစ်သည်။ ဤဇာတ်တော်က ဒါနပါရမီနှင့် နေက္ခမ္မပါရမီတို့ ဖြည့်ဆည်းခဲ့ပုံကို သိမြင်နိုင်သည်။ (စာ-၄၅)

**(၅) မဟောသဓာဇာတ်**

'မဟောသဓာ' ဟူသော စကားသည် မဟာနှင့် ဩသဓ နှစ်ပုဒ်တွဲထားသော ပါဠိစကားဖြစ်သည်။ မဟာ= အာနုဘော်ကြီးသော၊ ဩသဓ= ဆေးဟူ၍ အဓိပ္ပာယ်ရသည်။ မဟောသဓာသည် ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်သော ပညာရှိဖြစ်သည်။ နွားခိုးမှု၊ လည်ရွဲအမှု၊ ချည်လုံးခိုးအမှု၊ သားခိုးအမှု၊ ရထားခိုးအမှု စသည်တို့ကို ကောင်းစွာ စီရင်ဆုံးဖြတ်နိုင်သည်။

ဦးခေါင်းခွံပြဿနာ၊ မြွေပြဿနာ၊ ကြက်ပြဿနာ၊ ပတ္တမြားပြဿနာ၊ နွားလားဥဿဘပြဿနာ စသည့် ပြဿနာအရပ်ရပ်ကို ဖြေရှင်းတင်ပြနိုင်သည်။ ထို့ထက်မက များလှစွာသော အံ့ချီးဖွယ် မဟောသဓာ၏ စွမ်းရည်များကို ဖတ်ရှုနိုင်ပေသည်။ ဤဇာတ်တော်က ပညာပါရမီ၊ ဝီရိယပါရမီနှင့် ခန္တီပါရမီတို့ကို ဖြည့်ဆည်းခဲ့ပုံကို သိမြင်နိုင်သည်။ (စာ-၁၃၅)



ပုဏ္ဏားများက ဝေဿန္တရာမင်းကြီးထံမှ ဆင်ဖြူတော်ကို အလှူခံသည့် သရုပ်ဖော်ပုံကို ပန်းချီ Kyaw Phyu San က ရေးဆွဲဟန်။

**ဇာတ်ကြီးဆယ်ဘွဲ့မှာ ဘုရားဖြစ်ခါနီး နောက်ဆုံးဆယ်ဘဝ သို့မဟုတ် နောက်ဆုံးဆယ်ဇာတ် ဖြစ်သည်။ ယင်းဆယ်ဘဝသည် ဘုရားအဖြစ်နှင့်လည်း အလွန်နီးကပ်သည်။ အခြားဘဝတို့ထက်လည်း ပိုမို၍ မြင့်မြတ်သည်။ ပါရမီလည်း ရင့်ကျက်သည်။ ထို့ကြောင့် 'နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်' ဟုခေါ်ဆို**

**(၆) ဘူရိဒတ်ဇာတ်**

ဘူရိဒတ်နဂါးမင်းသည် ဂေါတမမြတ်စွာဘုရား၊ ဓတရဋ္ဌနဂါးမင်းသည် သုဒ္ဓေါဒနမင်းကြီး၊ သမုဒ္ဒဇာမိ မိဖုရားသည် မယ်တော်မာယာ၊ သောမဒတ္တသည် အရှင်အာနန္ဒာ၊ အဇမုခိနဂါးမသည် ဥပ္ပလဝဏ်၊ သုဒဿနသည် အရှင်သာရိပုတ္တရာ၊ သုဘောဂသည် အရှင်မောဂ္ဂလာန်၊ ကာဏာရိဋ္ဌသည် သုနက္ခတ်၊ နေသာဒ မုဆိုးသည် ဒေဝဒတ် အသီးသီး ဖြစ်လာကြသည်။

ဤဘူရိဒတ်ဇာတ်တော်တွင် ဂေါတမဘုရားရှင်၏ သီလပါရမီ၊ ခန္တီပါရမီ၊ အဓိဋ္ဌာန်ပါရမီ တို့ ဖြည့်ဆည်းခဲ့ပုံကို သိမြင်နိုင်ပါသည်။ (စာ-၁၆၀)

**(၇) စန္ဒကုမာရဇာတ်**

စန္ဒကုမာရ မင်းသည် တရားနှင့်အညီ မင်းပြုသည်။ စုတေသောအခါ နတ်ပြည်သို့ လားသည်။ စန္ဒကုမာရမင်းသည် ဂေါတမဘုရားရှင် ဖြစ်တော်မူပြီး ခန္တီပါရမီဖြည့်ဆည်းခဲ့ပုံကို ဤဇာတ်တော်တွင် သိမြင်နိုင်ပါသည်။ (စာ-၁၆၇)

**(၈) နာရဒဇာတ်**

နာရဒဇာတ်၏ အနှစ်သာရမှာ တရားမဟုတ်သည်ကို ရှောင်ကြဉ်ပါ။ တရားဟုတ်သည်ကို ကျင့်ပါ။ ထမင်း၊ အဖျော်၊ နံ့သာ၊ ပန်းမန်၊ အဝတ်ပုဆိုး၊ ထီး၊ ဖိနပ် စသည်တို့ကို အပြည့်အစုံစီရင်ပါဟု အင်္ဂတိမင်းကြီးအား နာရဒ ဗြဟ္မာကြီးက မှာကြားပုံကို အဓိကဖော်ပြသည်။ ဤဇာတ်တွင် ဂေါတမဘုရားရှင်သည် ပညာပါရမီ ဖြည့်ဆည်းခဲ့ပုံကို သိမြင်နိုင်ပါသည်။ (စာ-၁၇၄)

**(၉) ဝိဓူရဇာတ်**

ဤဇာတ်တော်၏ အနှစ်သာရမှာ "မင်းမှုထမ်းသည် စကားကို ပြောသင့်သည်ထက် ပို၍များများမပြောရ။ မပြောဘဲ နှုတ်ဆိတ်၍လည်းမနေရ။ ပြောခွင့် ဆိုက်သောအခါ လိုရင်းကို ပြတ်သားစွာ ပြောဆိုရာ၏။ အမျက်မထွက်ရာ။ ကုန်းမတိုက်ရာ။ အကျိုးမရှိသောစကားကို မဆိုရာ။ မှန်သောစကားကိုသာ ဆိုရာ၏" ဟူသော ကျင့်အပ်သော တရားကို အစချီသော အရာရာသော ပညာများကို သုခမိန်ပီသစွာ ဟောကြားခဲ့လေသည်။ ဤဇာတ်တော်က ပညာပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီနှင့် ခန္တီပါရမီတို့ ဖြည့်ဆည်းခဲ့ပုံကို သိမြင်နိုင်သည်။ (စာ-၁၈၅)

**(၁၀) ဝေဿန္တရာဇာတ်**

ပုဏ္ဏားတို့သည် ဝေဿန္တရာမင်းထံရောက်သော် ဆင်ဖြူတော်ကို အလှူခံသည်။ ဝေဿန္တရာမင်းလည်း ဆင်ဖြူတော်နှင့်တကွ ဆင်ဖြူတော်၌ ဆင်ယင်ထားသော အဖိုးတန် အဆင်တန်ဆာတို့ကိုပါ ပေးလှူလိုက်သည်။ ထို့ပြင် ဆင်ထိန်းနှင့်တကွ ဆင်ဖြူတော်အား ပြုစုစောင့်ရှောက်ရသူများကိုပါ ပေးလှူလိုက်လေသည်။ ထိုအခါ မဟာပထဝီမြေကြီးသည် ပြင်းစွာတုန်ဟည်းလျက် ဒုတိယ အကြိမ် လျှောင်ကြီး လှုပ်လေသည်ဟု ဖော်ပြထားသော ဝေဿန္တရာ၏ ဒါနပါရမီ၊ ဥပေက္ခာပါရမီ၊ ခန္တီပါရမီတို့ ဖြည့်ဆည်းခဲ့ပုံများကို သိမြင်နိုင်ပါသည်။ (စာ-၁၉၉)

**ဇာတ်ကြီးဆယ်ဘွဲ့**

ဗုဒ္ဓဘုရားရှင်သည် ပါဠိဂါထာဖြင့် ဟောကြားတော်မူခဲ့သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီး နှစ်ပေါင်း ၉၃၀ ခန့်အကြာတွင် ရာဇဂြိုဟ်ပြည်သား အရှင်မဟာဃောသမထေရ်မြတ်သည် သီရိလင်္ကာကျွန်း အနုရာဓမြို့ တောင်ဘက်ရှိ မဟာဝိဟာရကျောင်းကြီး၌ သီတင်းသုံးတော်မူစဉ် ပါဠိဘာသာဖြင့်ပင် အကျယ်ဖွင့်ဆို၍ ရေးသားတော်မူခဲ့သည်။ ထို့နောက် သာသနာနှစ် ၉၃၀ ကျော်တွင် သီရိလင်္ကာကျွန်းမှ မြန်မာနိုင်ငံ သထုံပြည်သို့ ရောက်ရှိလာခဲ့သည်။

**ပြုစုခဲ့သူများ**

ဤဇာတ်ကြီးဆယ်ဘွဲ့ကို ဆရာတော် ဦးဩဘာသ၊ အရှင်ပညာတိက္ခ၊ အရှင် နန္ဒမေဓာနှင့် ဆရာကြီး ဒဂုန်ဦးထွန်းမြင့်အပါအဝင် ပညာရှင်ကြီးများပြုစုခဲ့သည်။ ဆရာကြီး မင်းယုဝေနှင့် ဆရာမကြီး ဒေါ်ခင်သိန်းတို့က မြန်မာ-အင်္ဂလိပ် ဘာသာဖြင့် ဆက်လက်ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။

**နိဂုံး**

အစဉ်အဆက် အမွေဆက်ခံအပ်သော ဇာတ်ကြီးဆယ်ဘွဲ့၏ ကောင်းမွေများကို ဆက်လက်ခံယူ ထိန်းသိမ်းကျင့်ကြံသင့်ပါကြောင်း။ ။



# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ထောက်ပံ့ရေးပစ္စည်း (၅)မျိုး စတင်ဖြန့်ဖြူးပေး

**ပုသိမ် ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာအုပ်စု ရွှေမြင်တင်ကျေးရွာတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု(၁)စုလျှင် ဆန် (၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ (၁)ပိဿာနှင့် ကြက်သွန်နီ(၁)ပိဿာ စုစုပေါင်း ထောက်ပံ့ကူညီမှု (၅)မျိုးစီကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခဲ့ကြသည်။

အဆိုပါရွှေမြင်တင်ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း ခြောက်ရွာရှိပြီး အိမ်ထောင်စု စုစုပေါင်း ၁၆၅၁ စုရှိရာ ယနေ့တွင် အိမ်ထောင်စု ၅၈၁ စုကို ထောက်ပံပေးအပ်ခဲ့ပြီး မြို့နယ်အတွင်း ပေးအပ်ရန်ကျန်ရှိသည့် အိမ်ထောင်စုများသို့ ဆက်လက်ထောက်ပံ့ ပေးအပ်သွားမည်ဖြစ်သည်။ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ပုသိမ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရာဇာအေးက ''ကျွန်တော်တို့ ဒီနေရာမှာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့အတူ ရွှေမြင်တင်ကျေးရွာအုပ်စုမှာရှိတဲ့ အိမ်ထောင်စု ၅၈၁ စုကို စတင်ထောက်ပံ့တာဖြစ်ပါတယ်။ ဒီရွာမှာဆိုရင် အခြေခံလူတန်းစားအနေနဲ့ အိမ်ထောင်စု ၁၆၅၁ စုရှိတဲ့အထဲမှာ ၅၈၁ စုကို ထောက်ပံ့ပေးတာဖြစ်တယ်။ တစ်မြို့နယ်လုံးအနေနဲ့ပြောရရင် ကျွန်တော်တို့မြို့နယ်အတွင်းမှာ အိမ်ထောင်စုပေါင်း ၈၈၆၈၆ စုရှိပြီး ၎င်းထဲမှ အခြေခံလူတန်းစား အိမ်ထောင်စု ၃၄၈၀၀ စုအတွက် ထောက်ပံ့ရေးပစ္စည်း (၅)မျိုးကို ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ အခုလက်ရှိအနေအထားမှာ အစိုးရအဖွဲ့ကနေ ဆန်တွေ၊ ဆီတွေကို ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်ကြီးများအသင်းတွေနဲ့ ချိတ်ဆက်ပြီး ဝယ်ယူမှုတွေ စတင်လုပ်ဆောင်နေပါပြီ။ နေ့တိုင်းထောက်ပံ့ရေးပစ္စည်းတွေကို ရရှိလာတာနဲ့ ချက်ချင်းဖြန့်ဖြူးပေးမှာပါ။ ပစ္စည်းတွေရောက်တာနဲ့ ကျေးရွာတွေကို ချက်ချင်းအမြန်ဆုံးရောက်အောင် ဖြန့်ဖြူးပေးသွားမှာပါ''ဟု ပြောသည်။

မောင်မောင်မြင့်၊ လှမင်းထွဋ်
(ပြန်/ဆက်)



# ချင်းပြည်နယ်အစိုးရအဖွဲ့က အခြေခံစားသောက်ကုန် (၅)မျိုး ထောက်ပံ့ပေးအပ်



**မင်းတပ် ဧပြီ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏အစီအစဉ် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် သင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း မင်းတပ်မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် မိသားစုစားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်၍ အိမ်ထောင်စု(၁)စုလျှင် အခြေခံစားသောက်ကုန် (၅)မျိုး ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန် (၅) မျိုးကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့်ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဇေယာထိုက်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မင်းတပ်မြို့ပေါ် ရပ်ကွက်လေးရပ်ကွက်ရှိ အိမ်ထောင်စု ၂၂၇ စု၊ လူဦးရေ ၉၁၇ ဦးအား ဆန် (၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ (၁) ပိဿာနှင့် ကြက်သွန်နီ (၁)ပိဿာတို့ကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်ကြပြီး မင်းတပ်မြို့နယ်ရှိ ကျေးရွာများအတွက် အခြေခံစားသောက်ကုန် (၅) မျိုးကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများထံ ပေးအပ်လျက်ရှိကြောင်း သိရသည်။ **ခွီရှိန်းမောင်း(ခရိုင်ပြန်/ဆက်)**

# ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားသောက်ကုန်များ ထောက်ပံ့

**လှိုင်းဘွဲ့ ဧပြီ ၁၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ အရေးကြီးကာလဖြစ်သည့် သင်္ကြန်ရုံးပိတ်ရက် ဧပြီ ၁၀ ရက်မှစတင်၍ ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားများအတွက် စားသောက်ကုန် (၅)မျိုးကို ယနေ့ နံနက်ပိုင်းက ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်ချို၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောချစ်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများက အိမ်တိုင်ရာရောက် လိုက်လံဝေငှ ပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ဝေငှရာတွင် အိမ်ထောင်စု (၁)စုလျှင် အခြေခံစားသောက်ကုန် (၅) မျိုးဖြစ်သော ဆန် (၈)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ပဲ(၁)ပိဿာ၊ ဆား(၅၀)ကျပ်သား၊ ကြက်သွန်နီ(၁)ပိဿာတို့ကို (က)ရပ်ကွက်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၁၀၀ အား အခမဲ့ ဖြန့်ဖြူးထောက်ပံ့ပေးခဲ့ပြီး ပြည်သူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ပြန့်ပွားမှု လျော့နည်းစေရန်အတွက် ပြည်သူများအားလုံး မိမိအိမ်၌ နေထိုင်၍ ပူးပေါင်းပါဝင်ပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

# ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရေး လက်ဆေးဘေစင် ၁၀၂ ခု တပ်ဆင်

**ရန်ကုန် ဧပြီ ၁၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်စေရန်နှင့် ကျေးလက်နေပြည်သူများ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အလေ့အထကောင်းများ ကျင့်သုံးလာစေရန် ရည်ရွယ်၍ ခရိုင်အတွင်းရှိ ကျေးရွာများနှင့် မြို့ပေါ်တွင် လိုအပ်သည့်နေရာများတွင် အများပြည်သူအသုံးပြုရန် လက်ဆေးဘေစင်နှင့် ဆက်စပ်ပစ္စည်း ၁၀၂ ခုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအဖွဲ့အစည်းများဖြင့် ညှိနှိုင်းဆွေးနွေးကာ လိုအပ်သည့်နေရာများတွင် တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။



ရန်ကုန်တောင်ပိုင်းခရိုင် အတွင်းရှိ ကျောက်တန်းမြို့နယ်၊ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်များမှ ကျေးရွာပေါင်း ၈၀ နှင့် မြို့ပေါ်တွင် လိုအပ်သည့်နေရာ ၂၂ နေရာတို့တွင် ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် စတီးလက်ဆေးစင်၊ ဆပ်ပြာနှင့် ရေပုံး၊ ရေခွက်များကို ကျေးရွာအရောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက တပ်ဆင်ဆောင်ရွက်၍ ကျေးရွာနေပြည်သူများအား စနစ်တကျ လက်ဆေးနည်းများ လက်တွေ့သရုပ်ပြ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် UNICEF အဖွဲ့တို့ ပူးပေါင်း၍ ကျေးရွာနေပြည်သူများ ကိုဗစ်-၁၉ ကြိုတင် ကာကွယ်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအားလုံးတွင် လက်ဆေးစင်များနှင့် ဆက်စပ်ပစ္စည်းများကို တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် လူစည်ကားသည့်နေရာများနှင့် အများပြည်သူအသုံးပြုရန် အဆင်ပြေသည့်နေရာများ၌ အဓိကထား တပ်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူထံမှ သိရသည်။

စိုးမိုးကျော်

# ဗန်းမော်မြို့၌ အဝေးပြေး ကားဂိတ်များနှင့် ယာဉ်များအား ပိုးသတ်ဆေးဖျန်း

**ဗန်းမော် ဧပြီ ၁၀**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ဧပြီ ၁၀ ရက် နံနက် ၈ နာရီက ဗန်းမော်ကားလေးဝင်းရှိ အဝေးပြေးကားဂိတ်များနှင့် မော်တော်ယာဉ်များကို ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနဦးစီးမှူး ဒေါ်တင်တင်အေးနှင့်အဖွဲ့၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးမှူး ဦးဇော်မျိုးဝင်းနှင့်အဖွဲ့၊ အမှတ်(၁၀၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒု-ရဲမှူး သက်နိုင်ဦးနှင့်အဖွဲ့၊ ခရိုင်ပုဂ္ဂလိကပိုင်မော်တော်ယာဉ်လုပ်ငန်း ယာဉ်များကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမြမောင်နှင့်အဖွဲ့တို့က အဝေးပြေးကားဂိတ် ၂၀ နှင့် ခရီးသည်တင် မော်တော်ယာဉ်များကို ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့တို့ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်း အခြေခံစားသောက်ကုန်များလှူဒါန်း



**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့တို့ပူးပေါင်း၍ အခြေခံစားသောက်ကုန်များကို တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း၊ ပရဟိတဂေဟာ၊ ဘိုးဘွားရိပ်သာများနှင့် အခြားဘာသာရေးကျောင်းများသို့ လှူဒါန်း မည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများသည် ဧပြီ ၉ ရက် ညနေ ၄ နာရီတွင် လှည်းကူးမြို့နယ် ဘုန်းတော်ကြီးကျောင်းများသို့ စတင်လှူဒါန်းခဲ့ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လှည်းကူးမြို့နယ် အမြန်လမ်း မိုင်တိုင် ၁ / ၁ ရှိ ဓမ္မရံသီမိုးကုတ်ရိပ်သာ ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကန်တော့၍ ဆန်၊ ဆီ၊ ဆား၊ ပဲကတ္တီပါ၊ ကြက်သွန်နီနှင့် အခြားစားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ မဟာစည်သတိပဋ္ဌာန် ဝိပဿနာ ကုသိနာရုံ ပရိယတ္တိဓမ္မဗိမာန်စာသင်တိုက်၊ မိုးကုတ်မဂ္ဂင်ကျောင်းတိုက်၊ မဟာဇေယျမင်းကျောင်း ပရိယတ္တိစာသင်တိုက်တို့၏ ဆရာတော်များအား ဆန်၊ ဆီ၊ ဆား၊ ပဲကတ္တီပါ၊ ကြက်သွန်နီနှင့်အခြားစားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

ယခုလှူဒါန်းခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့တို့ ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်း စာရင်းကောက်ယူ၍ လိုအပ်ချက်များအရ ဘုန်းတော်ကြီးကျောင်း ၆၁၉၅ကျောင်း၊ သီလရှင်ကျောင်း ၇၉၇ကျောင်း၊ ပရဟိတဂေဟာ ၂၆၄ခု၊ ဘိုးဘွားရိပ်သာ ရှစ်ခု၊ အခြားဘာသာရေးစာသင်ကျောင်း ၁၀၈ ကျောင်းသို့ ငွေကျပ်သိန်းပေါင်း ၃၆၁၄ သိန်းတန်ဖိုးရှိ ဆန် ၊ ဆီ ၊ ဆား ၊ ပဲကတ္တီပါ၊ ကြက်သွန်နီ၊ ခေါက်ဆွဲခြောက်၊ ကော်ပြန့်ဘူးနှင့် အခြားစားသောက်ကုန်ပစ္စည်းများကို ဧပြီလကုန်အထိ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# အခြေခံလူတန်းစားများအား အစားအသောက်များထောက်ပံ့ပေးရန် ပထမအကြိမ် ရန်ပုံငွေပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၁၀**

ကုန်သည်စက်မှုအသင်းချုပ်မှ အခြေခံလူတန်းစားများအား အစားအသောက်များထောက်ပံ့ပေးရန်အတွက် ပထမအကြိမ် ရန်ပုံငွေပေးအပ်လှူဒါန်းပွဲကို ကုန်သည်စက်မှုအသင်းချုပ်၌ ဧပြီ ၉ ရက် မွန်းလွဲပိုင်းက ကျင်းပရာ စေတနာရှင်၊ အလှူရှင်များ လာရောက်လှူဒါန်းခဲ့ကြသည်။

အခမ်းအနားတွင် ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်တို့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် အလှူရှင်များကိုယ်စား မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူက လှူဒါန်းရသည့်အကြောင်းရင်းအား ရှင်းလင်းပြောကြားပြီး ကုန်သည်စက်မှုအသင်းချုပ် တွဲဖက်ဘဏ္ဍာရေးမှူး ဦးဆန်းလင်းက အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ပထမအကြိမ်ရန်ပုံငွေပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ငွေကျပ် ၁၀၀၀၀၀၀၀၀ တန်ဖိုးရှိ ဆီဘူးရေ တစ်သိန်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)က ငွေကျပ် ၃၇၅၀၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၅၀၀၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်က ငွေကျပ် ၁၅၀၀၀၀၀၀၊ Gold Yacht Co.,Ltd. က ငွေကျပ် ၁၂၀၀၀၀၀၀၊ မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်းက ငွေကျပ် ၁၂၀၀၀၀၀၀ တန်ဖိုးရှိ လက်သန့်ဆေးရည် 2400 Pcs၊ ဦးမောင်မောင်တင် (All States International Co.,Ltd.)က ငွေကျပ် ၁၀၀၀၀၀၀၀၊ ဒေါ်ခိုင်ခိုင်နွယ် (မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း)က ငွေကျပ် ၁၀၀၀၀၀၀၀၊ ဦးဇော်ဝင်းဆွေ(VICTORY MYANMAR GROUP Co.,Ltd.) က ငွေကျပ် ၇၀၀၀၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ အချိုရည်နှင့် စားသောက်ကုန်များ၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၆၃၇၅၀၀၀ တန်ဖိုးရှိ Sanitizer ငါးသိန်း၊ Faceshields ငါးသိန်း၊ နှာခေါင်းစည်း ၃ ဒသမ ၇၅ သိန်း၊ ဦးတင့်ဝေ (Grand Royal Group) မှ အလှူငွေကျပ် ၄၀၀၀၀၀၀၊ IEM Co.,Ltd. ငွေကျပ် ၃၀၀၀၀၀၀၊ ဦးဇော်မင်းသန့်(ပြည့်စုံဟိန်းကုမ္ပဏီများအုပ်စု) က ငွေကျပ် ၃၀၀၀၀၀၀၊ ဒေါ်ခင်လေး(မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း)က ငွေကျပ် ၂၆၁၀၀၀၀ တန်ဖိုးရှိ ဆန်ပြုတ်အထုပ်ရေ ၂၀၀၀၊ Golden Era Hand Sanitizer 550ml 20pcs၊ ဦးအမိုင် ရွှေဟသ်ာ ငါးခြောက်ပွဲရုံ(ဘုရင့်နောင်)က ငွေကျပ်၂၄၅၀၀၀၀၊ ဒေါ်ယဉ်ယဉ်မြတ်နှင့် Myanmar MSME Development Association က ငွေကျပ်၂၀၀၀၀၀၀၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ငွေကျပ် ၂၀၀၀၀၀၀၊ ဦးဝင်းထွန်း (Aung Lin Thu International Co.,Ltd.)က ငွေကျပ် ၁၁၀၀၀၀၀၊ ဒေါက်တာခင်မောင်ဦး (Chu International Co.,Ltd.) မှ ငွေကျပ် ၁၀၅၀၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်း အခုရေ ၃၀၀၀၊ ဒေါက်တာပွင့်ဆန်း (လမင်း၊ကြယ်ပျံစက္ကူလုပ်ငန်း)မှ ငွေကျပ် ၁၀၀၀၀၀၀၊ ဦးစိုးမိုးအောင်(အလုပ်အမှုဆောင်၊UMFCCI)-ဒေါက်တာယမင်းထွန်းအောင်တို့က ငွေကျပ် ၅၀၀၀၀၀၊ ဦးဖြိုးသီဟဇော် မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ဒေါ်အေးသန္တာသိန်းက ငွေကျပ် ၁၀၀၀၀၀တို့အား လှူဒါန်းခဲ့ကြကြောင်း ကုန်သည်စက်မှုအသင်းချုပ်၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။



**ကိုထက်**



# မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများအား ငွေနှင့်ပစ္စည်းများ ထောက်ပံ့

**တောင်ငူ ဧပြီ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးရှိ ဝန်ထမ်းများအား သင်္ကြန်ရုံးပိတ်ရက်အတွင်း အခြေခံစားသောက်ကုန်များ ဝယ်ယူနိုင်ရန် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းနှင့် လုပ်ငန်းခွင်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန် နှာခေါင်းစည်း၊ လက်ဆေးရည်နှင့် အရက်ပြန်ဂွမ်းဘူးများလှူဒါန်းပွဲကို ဧပြီ ၉ ရက် နံနက်ပိုင်းက ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပရာ စုပေါင်းလှူဒါန်းသူ ရပ်မိရပ်ဖ ရွေးကော်ပွဲကော်မရှင်အဖွဲ့ဝင်ခြောက်ဦးကိုယ်စား ဥက္ကဋ္ဌ ဦးစံလှက ဦးစီးအရာရှိ (အတွင်းရေးမှူး)ထံ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဦးကျော်လှ(တောင်ငူ)**

# သတင်းမီဒီယာညီအစ်ကိုမောင်နှမများအား ဆန်၊ ဆီရိက္ခာ လှူဒါန်း

**ရန်ကုန် ဧပြီ ၁၀**

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီခန့်စည်သူနှင့် Miss Golden Land Myanmar Organization၏ ဥက္ကဋ္ဌ မဟန်နီချိုတို့က သတင်းမီဒီယာများအား သင်္ကြန်ကာလ စားနပ်ရိက္ခာမျှဝေလှူဒါန်းခြင်းကို ဧပြီ ၉ ရက် ညနေပိုင်းတွင် ဗိုလ်တထောင်ဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ Orchid Hotel ရှေ့၌ ကျင်းပသည်။

**အခြေခံစားသောက်ကုန် ဝေငှပေး**

" ဒီအချိန်မှာ ကျွန်တော်တို့နိုင်ငံကိုအကျိုးပြုနေတာက နံပါတ်တစ်က ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေ၊ သူနာပြုတွေ ရှေ့တန်းကနေပြီး တိုက်စစ်ဆင်နေကြတဲ့သူတွေပေ့ါ။ သူတို့ပြီးတဲ့အခါမှာ စည်ပင်သာယာရေးဝန်ထမ်းတွေကလည်း မြို့ပြမှာ အရေးကြီးပါတယ်။ သန့်ရှင်းမှ သာယာမှာပါ။ ပြီးတော့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာကဏ္ဍကလည်း အလွန်အရေးကြီးပါတယ်။ ဒီအချိန်မှာ သတင်းအမှန်တွေကို တင်ပေးခြင်းအားဖြင့် ကျွန်တော်တို့ပြည်သူတွေအပေါ် အကျိုးပြုရာရောက်ပါတယ်။ အဲဒီတော့ အခုလို ကိုဗစ်-၁၉ ရောဂါကပ်ဘေးကြီးဖြစ်နေပြီး အစစအရာရာ အခက်အခဲဖြစ်နေတဲ့ အခုလိုအချိန်မှာ ကိုယ်နိုင်တဲ့ဝန်ကို တစ်ဖက်တစ်လမ်းကနေပြီးတော့ ကူညီတဲ့အနေနဲ့ သတင်းမီဒီယာတွေကို အခြေခံစားသောက်ကုန်တွေဝေငှပေးတာပါ "ဟု အကယ်ဒမီခန့်စည်သူက ပြောသည်။

**လှူဒါန်း**

အဆိုပါလှူဒါန်းမှုတွင် ရန်ကုန်မြို့ပေါ်ရှိ သတင်းဌာနအသီးသီးမှ သတင်းမီဒီယာသမားများ လာရောက်ကြပြီး တစ်ဦးချင်းအလိုက် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူက ဆန်လေးပြည်၊ ဆီတစ်ပိဿာ၊ Miss မဟန်နီချိုက ဆန်ငါးပြည်၊ ဆီတစ်ဘူး၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ၊ အချိုမှုန့်၊ ငါးသေတ္တာ စသည်တို့အား လှူဒါန်းပေးခဲ့သည်။

" ဟန်နီတို့ အလှူလုပ်တာတွေကို မီဒီယာတွေက ဝိုင်းဝန်းဖော်ပြပေးကြတယ်။ မိဘပြည်သူတွေလှူဒါန်းချင်စိတ်ဖြစ်အောင် ဘယ်နေရာမှာ လိုအပ်ချက်တွေရှိနေတယ်ဆိုတာ သတင်းမီဒီယာတွေက ဖော်ပြပေးတယ်။ မီဒီယာသမားတွေကြောင့် ပြည်သူတွေအတော်များများ သိရှိပြီး လှူဒါန်းဖြစ်ကြတယ်။ ဒီလို သတင်းဖော်ပြပေးတဲ့ သတင်းမီဒီယာကာယကံရှင်တွေမှာလည်း မိသားစုဝင်တွေရှိတယ်။ သတင်းမီဒီယာသမားတွေ ရုံးပိတ်ရက်ရှည်ကာလမှာ လစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခက်အခဲတွေရှိနေတယ်လို့ ဟန်နီထင်ပါတယ်။ ဒီအခက်အခဲတွေကို ကျော်ဖြတ်နိုင်ဖို့ တစ်ထောင့်တစ်နေရာကနေ မီဒီယာသမားတွေကို လှူဒါန်းပေးခြင်းဖြစ်ပါတယ်" ဟု Miss မဟန်နီချိုက ပြောသည်။

အလားတူ အကယ်ဒမီခန့်စည်သူက ထိုနေ့နံနက်ပိုင်းမှာပင် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ စည်ပင်သာယာရေးမှ မိသားစု ၈၂စု နှင့် လေးထောင့်ကန်မြို့နယ် ရွာသာကြီးရှိ စစ်ပင်တောင်မှ မိသားစုဝင် ၃၀ ကျော်တို့အား ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ငရုတ်သီးနှင့် ငါးခြောက် စသည့်ရိက္ခာအစုံတို့ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မြင့်မောင်**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ပေလီ ဧပြီ ၁၀**

ပေလီမြို့ ဂျိတ္တောရပ်ကွက်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပိုးသတ်ဆေးဖျန်းခြင်းကို ဧပြီ ၈ ရက် ညနေ ၄ နာရီတွင် လူစည်ကားရာနေရာများ၊ ဈေးများ၊ မြို့တွင်းလမ်းမကြီးများနှင့် ရပ်ကွက်တွင်းလမ်းများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**အသိပညာပေး**

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မိမိရပ်ကွက် အစီအမံဖြင့် ရပ်ကွက်အတွင်းရှိ အဖွဲ့အစည်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ စုပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရပ်ကွက်အတွင်း အသိပညာပေးခြင်းလုပ်ငန်းများနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စေတနာရှင် အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက လာရောက်လှူဒါန်းသည့် "အထောက်အကူပြုပစ္စည်းများဖြစ်တဲ့ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများ၊ ရေမလိုလက်သန့်ဆေးရည်များ၊ အရက်ပြန်များ၊ လက်ဆေးဆပ်ပြာရည်များထောက်ပံ့မှုရရှိသည့်အတွက် ရပ်ကွက်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး အရှိန်အဟုန်မြှင့်လုပ်ငန်းများကို အခုလိုဆောင်ရွက်နိုင်ခြင်းဖြစ်ပါတယ်"ဟု ဂျိတ္တောရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ထွန်းက ပြောသည်။

**သွားရောက်ထောက်ပံ့**

ဆက်လက်၍ ပေလီမြို့ မြပြင်ရပ်ကွက် Thande Beach Hotel တွင် ၁၄ ရက်ကြာ စောင့်ကြည့်ထားသည့် ဟိုတယ်ဝန်ထမ်းများ၏မိသားစုဝင်များအတွက် သံတွဲမြို့နယ် သိမ်ကုန်းကျောင်းထိုင်ဆရာတော် ဦးတေဇိန္ဒဦးဆောင်၍ ပရဟိတအဖွဲ့သားများက ဧပြီ ၈ ရက် ညနေ ၅နာရီခွဲတွင် နေအိမ်၌ စောင့်ကြည့်ခံမိသားစုဝင်များ နေထိုင်သည့် ဂျိတ္တောရပ်ကွက်နှင့် လင်းသာရပ်ကွက်ရှိ ဟိုတယ်ဝန်ထမ်းမိသားစုဝင်များအတွက် အိမ်တစ်အိမ်လျှင် ဆန်ခြောက်ပြည် တစ်အိတ်နှုန်းဖြင့် အိမ်ထောင်စု ၆၅ စုအတွက် ဆန်အိတ် ၆၅ အိတ်ကို ရပ်ကွက်မှတာဝန်ရှိသူများနှင့်အတူ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ရန်ငြိမ်း**
**(ပြန်/ဆက်)**



## နတ်တလင်းမြို့နယ် ကိုဗစ် - ၁၉ စောင့်ကြည့်ရေးစခန်းများမှ စောင့်ကြည့်ခံရသူများအား ၁၄ ရက်ပြည့်၍ ပြန်ခွင့်ပြု

**နတ်တလင်း ဧပြီ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်အထက်တန်းကျောင်း၌ ဧပြီ ၉ ရက် ညနေ ၅ နာရီတွင် ပြည်ပနိုင်ငံများမှ ပြန်လာသူများအား ကိုဗစ် - ၁၉ ရောဂါ ရှိ-မရှိ အသွားအလာကန့်သတ်မှုခံယူခြင်း ၁၄ ရက် ပြည့်မြောက်ပြီးနောက် သတ်မှတ်စောင့်ကြည့်နေရာများမှ မိမိ၏နေအိမ်သို့ ပြန်မည့်သူများအား ကျန်းမာရေးစစ်ဆေးပြီး တိုက်နယ်ဆရာဝန် ဒေါက်တာလှိုင်ဝင်းထွန်းနေအိမ်၌ ကျန်းမာရေးနှင့်ပတ်သက်၍ နေထိုင်စားသောက်ရမည့်ဆောင်ရန်၊ ရှောင်ရန်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ မြို့အုပ်ချုပ်ရေးမှူး ဦးစိုးရွှေကလည်း လိုအပ်သည်များကို ထပ်မံဖြည့်စွက်ပြောကြား၍ စည်းကမ်းချက်စာစောင်များကို ဝေငှပေးခဲ့သည်။

နတ်တလင်းမြို့နယ်တွင် ကျန်းမာရေးစောင့်ကြည့်စခန်းများမှစောင့်ကြည့်သူ ၉၀ တို့အား မြို့နယ်ကျန်းမာရေးဦးစီးမှူး၏ ခွင့်ပြုချက်ဖြင့် ပြန်ခွင့်ရပြီး စခန်းအသီးသီးမှ စောင့်ကြည့်သူများသည်လည်း ကျန်းမာရေးကောင်းမွန်စွာရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

## အများပြည်သူများ စိတ်အေးချမ်းသာစွာနေနိုင်ရေး မြို့ပေါ်ရပ်ကွက်များအတွင်း ကင်းလှည့်စစ်ဆေး

**မန္တလေး ဧပြီ ၁၀**

မန္တလေးမြို့တော်အတွင်း အများပြည်သူများစိတ်အေးချမ်းစွာနေနိုင်ရေး၊ ဒုစရိုက်မှုခင်းများ မဖြစ်ပွားစေရေးတို့အတွက် မန္တလေးခရိုင်၊ မြို့နယ်၊ ရပ်ကွက်များအတွင်း ဧပြီ ၉ ရက် ည ၇ နာရီမှ ည ၁၁ နာရီအထိ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်စိန်လွင်နှင့် ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးဦးစီး ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၃)ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့ခွဲမှူးဦးစီးရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၄)ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲမှူးဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ကင်းလှည့်စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

**မောင်ပြည်သူ(မန္တလေး)**



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့(မြေယာရှုခင်းနှင့် အားကစားကွင်းများဌာန)က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့နယ်အတွင်းရှိ ထန်းပင်ကုန်းပန်းခြံနှင့် နံ့သာမြိုင်ပန်းခြံအတွင်းရှိ အများပြည်သူများနားနေရန်နေရာများ၊ အားကစားပြုလုပ်သည့်နေရာများအား ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

အေးမင်းသူ

# မယ်စဲ့မြို့နယ်၌ စောင့်ကြည့်ကာလ ၁၄ ရက်ပြည့်သူများအား နေရပ်ပြန်ခွင့်ပြု

**မယ်စဲ့ ဧပြီ ၁၀**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် မတ် ၂၆ ရက်က အိမ်နီးချင်းထိုင်းနိုင်ငံမှ ပြန်လာသူများအား မြို့နယ်ပြည်သူ့ဆေးရုံ၌ ထားရှိစောင့်ကြည့်ခဲ့ရာ ၁၄ ရက် ပြည့်ပြီးဖြစ်၍ ဧပြီ ၉ ရက် နံနက် ၈ နာရီက ၎င်းတို့၏နေအိမ်အသီးသီးသို့ ပြန်ခွင့်ပြုခဲ့ကြောင်း သိရသည်။

“စောင့်ကြည့်ခံရသူများအနေနဲ့ မိမိတို့နေအိမ်တွေမှာ နေထိုင်တဲ့အခါ ကန့်သတ်စောင့်ကြည့်စခန်းမှာ နေထိုင်သကဲ့သို့ နေဖို့လိုအပ်ပါတယ်” ဟု ဒေါက်တာအောင်ဇော်ထွန်းက ပြောသည်။



မယ်စဲ့မြို့နယ် ပြည်သူ့ဆေးရုံတွင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး သုံးဦးနှင့် ကလေးငယ် တစ်ဦး စုစုပေါင်း ခြောက်ဦးသည် စောင့်ကြည့်ကာလ ၁၄ ရက်ပြည့်မြောက်သဖြင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးတို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များ၊ ကျန်းမာရေးထောက်ခံချက်များ ပေးအပ်၍ မြို့နယ် ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ၎င်းတို့၏နေအိမ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်**
**(ပြန်ဆက်)**

# ရွှေ့လျားစာကြည့်တိုက်ဖြင့် ကျေးလက်နေပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး

**မြစ်ကြီးနား ဧပြီ ၁၀**

ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများထံသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရွှေ့လျားစာကြည့်တိုက်ဖြင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဧပြီ ၉ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားခရိုင် ပြန်ကြာရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်ဖြင့် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်အတွင်း SUB Centre ၌အပတ်စဉ် အခမဲ့စာအုပ်ငှားခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ယင်းနေ့နံနက်ပိုင်းတွင် ဝိုင်းမော်မြို့နယ် ဝူယန်ကျေးရွာ အရဏ်ဦးစာကြည့်တိုက်၌ စာအုပ်များအခမဲ့ငှားရမ်းပေးခြင်းလုပ်ငန်းနှင့်အတူ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းပေးပို့လာသည့် ကိုဗစ်-၁၉ရောဂါကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြပြီး လက်ဆေးရည်ဖြင့် စနစ်ကျသည့် လက်ဆေးနည်းအလေ့အထရှိစေရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြသည်။

အလားတူ မိုင်းနားတိုးဂိတ်တွင်လည်း ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများနှင့် ပူးပေါင်း၍ အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်များကို ခရီးသွားပြည်သူများအား ဖြန့်ဝေပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ဂီတ၊ ရုပ်ရှင်အနုပညာရှင်များ၏ အသိပေးနှိုးဆော်ချက်များပါဝင်သည့် ဗီနိုင်းပိုစတာ ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းပေးပို့လာသည့် လက်ကမ်းစာစောင်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာအကြောင်း၊ ရောဂါဖြစ်ပွားသောဒေသမှ ပြန်လာသူများ၏အတူနေမိသားစုများ လိုက်နာရန်အချက်များ အပါအဝင် သင့်မိသားစုများကျန်းမာရေးအတွက် လက်ဆေးရန် စသည့် အသိပညာပေးလက်ကမ်းစာစောင်တစ်ခုဖြစ်ကြောင်း သိရသည်။ **ယော်ဆောင်(ပြန်/ဆက်)**



# ဒလမြို့နယ်၌ နွေရာသီ သောက်သုံးရေရှားပါးသော ဒေသခံပြည်သူများအား သောက်သုံးရေသန့်များပေးဝေ

**ရန်ကုန် ဧပြီ ၁၀**

နှစ်စဉ်နွေရာသီကာလရောက်တိုင်း သောက်သုံးရေကန်များ ခန်းခြောက်ကာ ရေရှားပါးမှုကြုံတွေ့လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် နွေရာသီကာလတွင် ဒေသခံပြည်သူများ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု) မြို့နယ်ရေပေးဝေရေးရုံးရှိ ရေသန့်စင်စက်ရုံမှထွက်ရှိသော သောက်သုံးရေသန့်များကို သောက်သုံးရေရှားပါးသော ဒေသခံပြည်သူများအား ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်၌ လက်ရှိအချိန်တွင် သောက်သုံးရေရှားပါးလျက်ရှိသော တံတားချောင်းစံပြကျေးရွာ ဗိုလ်ချုပ်လမ်းနှင့် စံပြ(၇)လမ်း၊ ရာဇသင်္ကြန်ရပ်ကွက် ပတ်လမ်း၊ အံ့ကြီးအနောက်ရပ်ကွက် သုသာန်လမ်း၊ ညောင်ကုန်ရပ်ကွက် ပတ်လမ်း၊ ကျန်စစ်သားရပ်ကွက် ပတ်လမ်း၊ တပင်ရွှေထီးရပ်ကွက် ဆင်ဖြူရှင်လမ်းနှင့် ဗိုလ်တေဇ(၁၁)လမ်း၊ ကမာကဆစ်ရပ်ကွက် ယုဇနလမ်း၊ ကမာကသွယ်ရပ်ကွက် ကျန်စစ်သား(၁)လမ်းတို့ရှိ ဒေသခံပြည်သူများအား သောက်သုံးရေ ဂါလန် ၁၂၀၀ ဆံ့သည့် ရေသန့်ဌာနပိုင်ရေသယ်ယာဉ်နှစ်စီးဖြင့် ဧပြီ ၁ ရက်မှ စတင်၍ ဧပြီ ၈ ရက်အထိ သောက်သုံးရေသန့် ဂါလန် စုစုပေါင်း ၈၅၂၀၀ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း ရေရရှိရေးနှင့် ရေပေးဝေရေး လုပ်ငန်းတာဝန်ခံအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ယင်းနေ့ မွန်းလွဲပိုင်းက ပြောကြားသည်။

ဒလမြို့နယ်အတွင်း ရေသယ်ယာဉ်ဝင်ရန် အခက်အခဲရှိသော ၁၁/၁၄ ရပ်ကွက်၌ ဂါလန် ၁၂၀၀ ဆံ့သည့် အုတ်ရေလှောင်ကန် လေးကန်နှင့် အမှတ်(၆) ရပ်ကွက်၌ ဂါလန် ၁၂၀၀ ဆံ့သည့် အုတ်ရေလှောင်ကန်သုံးကန်ကို ရပ်ကွက်ပြည်သူများသောက်သုံးရေလုံလောက်စွာရရှိစေရေးအတွက် ထားရှိပေးထားပြီး ရေတွန်းစက်ဖြင့် မောင်းနှင်၍ ရေဖြည့်တင်းခြင်း အစီအစဉ်များကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် နွေရာသီကာလအတွင်း ဒလမြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ သောက်သုံးရေကန်များ ခန်းခြောက်၍ သောက်သုံးရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်ပါက မြို့နယ်ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု) တာဝန်ခံအင်ဂျင်နီယာ ဦးတိုးတိုးအောင် ဖုန်းနံပါတ် ၀၉-၄၄၃၁၅၅၉၃၇ သို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ဒလမြို့နယ်သည် ပင်လယ်ဝ၊ ရန်ကုန်မြစ်တို့နှင့် ထိစပ်လျက်ရှိခြင်းကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ရေချိုမထွက်ဘဲ ရေငန်များသာ ဝင်ရောက်သော ဒေသ တစ်ခုဖြစ်သည်။ နှစ်စဉ် သောက်သုံးရေရှားပါး ပြတ်လပ်မှုကြောင့် နွေရာသီကာလတွင် ရေရှားပါးမှုကို ဒေသခံပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည်။ ဒလမြို့နယ်ရှိ ဒေသခံပြည်သူများစွာတို့၏ သောက်သုံးရေရှားပါးပြတ်လပ်မှုအခက်အခဲများ ကင်းဝေးစေရေးအတွက် အများသုံးရေနှင့် သောက်သုံးရေသန့်ဂါလန် ၃ ဒသမ ၃ သန်း ဖြန့်ဝေပေးနိုင်မည့် နိုင်ငံတကာအဆင့်မီ သောက်သုံးရေသန့်စက်ရုံစီမံကိန်းကြီးကို တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာအုပ်စု ဘုရားကြီးစုကျေးရွာအနီးရှိ တွံတေးတူးမြောင်းဘေး၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**နိုင်လင်းကျော်(ဒလ)**

# အမရပူရမြို့နယ်အတွင်းရှိ ဥယျာဉ်ခြံများ GAP စနစ်ဖြင့် စိုက်ပျိုးမှုများလာ

**မန္တလေး ဧပြီ ၁၀**

မန္တလေးမြို့ အမရပူရမြို့နယ်တွင် နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများကို နှစ်စဉ်လျာထားချက်များ ကိုက်ညီစေရန် စိုက်ပျိုးခြင်းများနှင့်အတူ ဥယျာဉ်ခြံများကိုလည်း GAP စနစ်ဖြင့် စိုက်ပျိုးမှုများပြားလာကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန အမရပူရမြို့နယ် ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းဖြိုးထံမှ ဧပြီ ၉ ရက်က သိရသည်။

အမရပူရမြို့နယ်တွင် လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ ဥယျာဉ်မြေများ မြေယာအသုံးချမှု စာရင်းအရ ၅၁၂၆၈ ဧကရှိပြီး လယ်မြေ ၁၇၀၂၄ ဧက၊ ယာမြေ ၃၇၄၂ ဧက၊ ကိုင်းကျွန်းမြေ ၆၈၀၈ ဧက၊ ဥယျာဉ်မြေ၃၁၇၉ ဧကနှင့် အခြားမြေများပါဝင်သည်။ လက်ရှိကာလတွင် အမရပူရမြို့နယ်၌ ဆည်တော်ကြီးဆည်ရေမှ ပေးလွှတ်သောရေဖြင့် နွေစပါး ဧက ၇၄၈၀ နှင့် နှမ်း ဧက ၄၈၀၀ ကို လျာထား စိုက်ပျိုးလျက်ရှိပြီး ဥယျာဉ်ခြံများကိုလည်း GAP စနစ်ဖြင့်စိုက်ပျိုးကာ GAP အသိအမှတ်ပြုလက်မှတ် ရရှိရေးအတွက် စိုက်ပျိုးရေးဌာနက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဓိကအားဖြင့် သရက်စိုက်တောင်သူများ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ Good Agricultual Practices (GAP) လိုက်နာကျင့်သုံးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပေးစင်တာများအလိုက် ပူးပေါင်းကူညီဆောင်ရွက်ပေးရာ ယမန်နှစ်က အမရပူရမြို့နယ် မုံတောကျေးရွာတောင်သူ ဦးငွေလင်းက GAP အသိအမှတ်ပြုလက်မှတ်ရရှိခဲ့ပြီး ယခုနှစ်တွင် သရက်ခြံ ၁၁ခြံအထိ လျှောက်ထားလာသည့်အတွက် မန္တလေးခရိုင်မှူး ဦးချစ်ဆွေဦးနှင့် အဖွဲ့အပါအဝင် မြို့နယ် စိုက်ပျိုးရေးအဖွဲ့များက လိုက်လံစစ်ဆေးကာ အကူအညီပေးခဲ့ကြောင်း သိရသည်။



GAP အသိအမှတ်ပြု လက်မှတ်ရသည့် ဥယျာဉ်ခြံများ ပိုမိုတိုးချဲ့စိုက်ပျိုးလာခြင်းနှင့်အတူ စားသုံးသူအတွက် အစားအသောက် ဘေးအန္တရာယ်ကင်းသော သီးနှံများရရှိမည်ဖြစ်သည်။ လက်ရှိကာလတွင် အမရပူရမြို့နယ်၌အစားအသောက်ဘေးအန္တရာယ် ကင်းရေးကို အဓိကထားဆောင်ရွက်သည့် GAP စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာကာ တိုးချဲ့စိုက်ပျိုးလာကြောင်း အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းဖြိုးက ရှင်းပြသည်။

**နွေနဒီ(မြစ်ငယ်)**

# အသား၊ ငါးဆိုင်များနှင့် ဆေးဝါးအရောင်းဆိုင်များအား ဈေးတင်ရောင်းချခြင်းမရှိစေရန် စစ်ဆေး

**ကျောက်ပန်းတောင်း ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများသည် ဈေးတာဝန်ခံများနှင့် အကျိုးဆောင်များလိုက်ပါလျက် ဧပြီ ၉ ရက် နံနက် ၁၀ နာရီက တမ္ပဝတီဈေးကြီးအတွင်းရှိ သား၊ ငါးအရောင်းဆိုင်များနှင့် ဆေးဝါးပစ္စည်းအရောင်းဆိုင်များအား ဈေးတင်ရောင်းချခြင်းမရှိစေရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရန် ကွင်းဆင်းစစ်ဆေးခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာနမှမြို့နယ်တာဝန်ခံ ဒေါ်မြသန္တာထွန်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဦးဆန်းမင်းအောင်တို့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးတာဝန်ခံများ၊ ဈေးအကျိုးတော်ဆောင်များနှင့်အတူ တမ္ပဝတီရပ်ကွက်အတွင်းရှိ တမ္ပဝတီဈေးသစ်ကြီးအတွင်းရောင်းချလျက်ရှိသည့် အသား၊ ငါးဆိုင်များတွင် ကျန်းမာရေးနှင့်ညီညွတ်စေရန်ရောင်းချရေး၊ နှာခေါင်းစည်းတပ်ဆင်ရောင်းချရေးနှင့် ဈေးနှုန်းတင်ရောင်းချခြင်းမပြုရေးတို့ကိုလည်းကောင်း၊ ဆေးဝါးပစ္စည်းအရောင်းဆိုင်များတွင် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ရောဂါကာကွယ်ကုသရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်နေချိန်တွင် ပြည်သူများလိုအပ်သည့် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာဆက်စပ်ပစ္စည်းများကို ဈေးနှုန်းတင်ရောင်းချခြင်းမပြုကြရန်ဆွေးနွေး၍ သက်တမ်းလွန်ဆေးဝါးများရောင်းချခြင်းရှိ-မရှိတို့ကို စစ်ဆေးခဲ့ကြကြောင်းသိရသည်။

**ကိုနေ**
**(ကျောက်ပန်းတောင်း)**

# ကျောက်တော်ကြီးဘုရား၌ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆားများ ပေးအပ်

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ မင်းဓမ္မကုန်းတော်ပေါ်ရှိ အင်းစိန်မြို့ကျက်သရေဆောင် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၏ အလှူရှင်မိသားစုများဖြစ်သော ဦးတော်တော်-ဒေါ်ငွေငွေ၊ ဦးခင်ညို-ဒေါ်ခင်မာလာ၊ ဦးကိုကို-ဒေါ်စိန်စိန် သား ကိုပါကြီးတို့အား ရည်စူး၍ ဦးအောင်ဇေယျ-ဒေါ်ဝင်းဝင်း၊ ဦးအောင်မင်းညို-ဒေါ်အေးအေး အလှူရှင်မိသားစုများက စုပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း စားသုံးနိုင်ရန်အတွက် ဘုရားကြီးဂေါပကအဖွဲ့ရုံး ဝန်ထမ်း ၆၇ ဦး၊ တာဝန်ကျရဲတပ်ဖွဲ့ဝင် ငါးဦး၊ ရွှေပရဟိတလူငယ်မောင်မယ် ၂၈ ဦး စုစုပေါင်း အခြေခံအလုပ်သမား ၁၀၀ တို့အတွက် တစ်ဦးလျှင် ဆန်နှစ်ပြည်၊ ဆီ ၆၀ ကျပ်သား၊ ဆားတစ်ထုပ်၊ ကုလားပဲနှစ်ဘူး၊ ကြက်ဥ ၁၀ လုံးနှင့် ကြက်သားမှုန့် တစ်ထုပ်တို့ကို ဧပြီ ၉ ရက် ညနေ ၄ နာရီက အဆိုပါဘုရားကြီး၏မြောက်ဘက် စောင်းတန်း၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**ဥက္ကာဟိန်း**

# ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများအား ငွေကျပ် သန်း ၂၀ တန်ဖိုးရှိ စားသောက်ကုန်များလှူဒါန်း

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန်မြို့ရှိ ဝေဘာဂီဆေးရုံနှင့် မန္တလေးမြို့တို့တွင် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများအတွက် စတိုးဆိုင်လုပ်ငန်းများကို ဆောင်ရွက်နေသည့် G&Gနှင့် Premier Coffee၊ Wah Lah ခေါက်ဆွဲ၊ Diamond Star ဂျုံ တို့ထုတ်လုပ်နေသော လုပ်ငန်းစုဖြစ်သည့် Lluvia Limited တို့က ငွေကျပ် သန်း ၂၀ တန်ဖိုးရှိ စားသောက်ကုန်များကို ဧပြီ ၉ ရက်က လှူဒါန်းခဲ့သည်။

ထိုသို့ထောက်ပံ့လှူဒါန်းခြင်းကို ဝေဘာဂီဆေးရုံ၌ပြုလုပ်ခဲ့ပြီး G&G နှင့် Lluvia Limited တို့ကိုယ်စား CDSG retail မှ CEO ဖြစ်သူ Gabor Dolmanyos နှင့် Wah Lah ခေါက်ဆွဲလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ Hiroyuki Aria တို့က G&G သောက်ရေသန့်၊ ကော်ဖီ၊ Happy ဘီစကွတ်နှင့် Wah Lah အသင့်စားခေါက်ဆွဲခြောက်တို့ကို ပေးအပ်လှူဒါန်းရာ ဝေဘာဂီဆေးရုံအုပ် ဒေါက်တာအေးအေးအောင်က လက်ခံရယူပြီး လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**ကိုထက်**

# ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား အခြေခံစားကုန်(၅)မျိုးထောက်ပံ့

**နေပြည်တော် မေ ၁၀**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု ရွှေပြည်ကျေးရွာတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား အခြေခံစားကုန်(၅)မျိုး ထောက်ပံ့ခြင်းကို မေ ၁၀ရက် နံနက် ၈ နာရီတွင် အဆိုပါကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ရွှေပြည်ကျေးရွာတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၄၅ စုအား အိမ်ထောင်စုတစ်စုလျှင် ဆန်(၈)ပြည်၊ ဆီ (၅၀)ကျပ်သား၊ ဆား (၅၀)ကျပ်သား၊ ပဲ(၁)ပိဿာနှင့် ကြက်သွန်နီ (၁)ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**



# ကျေးလက်ဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှုစစ်ဆေး

**တောင်ကြီး မေ ၁၀**

တောင်ကြီးမြို့နယ် ကျေးလက်ဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တောင်ကြီးမြို့နယ်အတွင်း လက်ဆေးကန်များတပ်ဆင်နေမှုများအား မေ ၉ ရက်ကတာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးမြို့နယ်ကွန်လုံကျေးရွာအုပ်စု၊ လူရိုးတောင်ကျေးရွာရှိကျေးလက်ဆေးပေးခန်းနှင့် ကန့်သတ်စောင့်ကြည့်စခန်းတွင်လည်းကောင်း၊ ရေပူကျေးရွာရှိ ကန့်သတ်စောင့်ကြည့်စခန်းတို့တွင် လက်ဆေးကန်များ တပ်ဆင်ဆောင်ရွက်ပေးနေမှုကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်နှင့် ဝန်ထမ်းများက ကြည့်ရှုပြီး ရောဂါကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

တောင်ကြီးမြို့နယ် ကျေးလက်ဦးစီးဌာနအနေဖြင့် တောင်ကြီးမြို့ မြို့မဈေးတွင် လက်ဆေးကန် ရှစ်ခု၊ ကျေးရွာအုပ်စု ၁၁ အုပ်စုအတွင်းရှိ ကျေးလက်ဈေးနှစ်ဈေးတွင် လက်ဆေးကန် လေးခု၊ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ဌာနတွင် လက်ဆေးကန် ခုနစ်ခု၊ ကန့်သတ်စောင့်ကြည့်စခန်း ၁၅ ခုတွင် လက်ဆေးကန် ၁၅ ခု၊တောင်လေးလုံးမြို့ဝင် စစ်ဆေးရေးဂိတ်တွင် လက်ဆေးကန် တစ်ခု၊ မွေတော်ကက္ကူဘုရားတွင် လက်ဆေးကန် သုံးခု စုစုပေါင်းလက်ဆေးကန် ၃၈ ခုအား တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**နေလင်း**

# မန္တလေးမြို့ရှိ အမရသုခကုသိုလ်ဖြစ်အခမဲ့ဆေးခန်းမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းများလှူဒါန်း

**မန္တလေး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ အမရသုခကုသိုလ်ဖြစ်အခမဲ့ဆေးခန်းမှ မန္တလေးဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မေ ၉ ရက်က မန္တလေး- စစ်ကိုင်း လမ်းဘေးနှင့် မြစ်ငယ်မီးရထားစက်ရုံအနီးတွင် နှာခေါင်းစည်း ၄၅၀၀ ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

အမရသုခကုသိုလ်ဖြစ် အခမဲ့ဆေးခန်းသည် အမရပူရမြို့နယ်အတွင်း တည်ထောင်ဖွင့်လှစ် ထားရှိပြီး ဆင်းရဲနွမ်းပါးသူများအား အခမဲ့ဆေးဝါးများကုသပေးလျက်ရှိသည့်အပြင် ယခုကာလတွင်ဖြစ်ပွားနေသည့်ကိုဗစ်-၁၉ရောဂါအား ကာကွယ်တားဆီးနိုင်ရေးအတွက်လည်း ကိုယ်တိုင်ချုပ်လုပ်ထားသည့် နှာခေါင်းစည်းများကို ဆေးရုံးသုံးပေါင်းအိုး(Auto-Clave) ဖြင့် ပိုးသတ်ကာ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း အမရသုခ ကုသိုလ်ဖြစ်အခမဲ့ဆေးခန်း ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက ပြောကြားသည်။

''ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေဖို့အတွက် အဓိကကာကွယ်ရမယ့်နည်းလမ်းက အိမ်ထဲမှာပဲ နေကြရမှာပါ။ အကယ်၍ မဖြစ်မနေ အပြင်ထွက်ရမယ်ဆိုရင်လည်း နှာခေါင်းစည်း တပ်ဆင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် နှာခေါင်းစည်းတွေ ဝယ်ယူဖို့ ငွေကြေးမတတ်နိုင်တဲ့သူတွေ ရှိခဲ့ရင် ကိုယ်တိုင်ချုပ်လုပ်ပြီး အသုံးပြုလို့ ရတယ်ဆိုတာကို အသိပညာပေးချင်တာပါ။ ကျွန်တော်တို့အနေနဲ့ ဒီနှာခေါင်းစည်းတွေကို ကိုယ်တိုင်ချုပ်လုပ်ပြီး ဆေးရုံတွေမှာအသုံးပြုနေကြတဲ့ ရေနွေးငွေ့ဖိအားသုံးပေါင်းအိုးနဲ့ ပိုးသေအောင် သတ်ပြီးမှ လက်အိတ်နဲ့ကိုင်ပြီး ဖြန့်ဝေတာဖြစ်ပါတယ်။ ဒါကြောင့် စိတ်ချလုံခြုံစွာ အသုံးပြုနိုင်ပါတယ် ''ဟု ၎င်းက ပြောသည်။

အမရသုခကုသိုလ်ဖြစ်အခမဲ့ဆေးခန်းမှ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် နှာခေါင်းစည်း ၁၅၀၀၀ ကို အမရပူရမြို့နယ် ပွဲတော်ကျောင်းတိုက်ဆရာတော် ဦးအာလောက၏ မတည်ငွေအသင်း၏ စုဆောင်းငွေများနှင့်အတူ စေတနာရှင်များ၏ လှူဒါန်းမှုများဖြင့် ကိုယ်တိုင်ချုပ်လုပ်ပိုးသတ်ကာ ဖြန့်ဝေလှူဒါန်းရန် လျာထားခဲ့ပြီး ယင်းနေ့တွင် နှာခေါင်းစည်း ၄၅၀၀ လှူဒါန်းခဲ့ရာ ဆက်လက်ဖြန့်ဝေပေးရန် လည်း နှာခေါင်းစည်းများ ချုပ်လုပ်နေကြောင်းနှင့် ယခုကာလအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် ဖြစ်ပွားမှုအခြေအနေပေါ် မူတည်၍ ထပ်မံကူညီ ဆောင်ရွက်ပေးရန်လည်း အစီအစဉ်များရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဝါးခယ်မမြို့ ဈေးချောင်းမကြီးတွင် အမှိုက်နှင့် နုန်းများဆယ်ယူရှင်းလင်း

**ဝါးခယ်မ မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရေကျော်ရပ်ကွက်ရှိ မြို့မဈေးချောင်းမကြီးတွင် အမှိုက်များ၊ နုန်းများများပြားလာပြီဖြစ်သဖြင့် မေ ၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ချောင်းမကြီးအတွင်းရှိအမှိုက်များ၊ နုန်းများကိုဆယ်ယူရှင်းလင်းလျက်ရှိသည်။

ဈေးချောင်းမကြီးအား ဆယ်ယူရှင်းလင်းရာတွင်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိမှ ဦးဆောင်သည့် ဝန်ထမ်းများ၊ ပြင်ပလုပ်သားများငှားရမ်း၍အမှိုက်များဆယ်ယူခြင်း၊ နုန်းများအားရေဖြင့် ထိုးချရှင်းလင်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**လွမ်းသီဟ (ပြန်/ဆက်)**



# ငဖဲမြို့နယ်၌ မန်းချောင်းရေလှောင်တမံဆည်ရေဖြင့် နွေစပါးစိုက်ဧက ၁၅၆၀နှင့် နွေနှမ်း ၂၇၅ ဧကစိုက်ပျိုးရန်လျာထား

**ငဖဲ မေ ၁၀**

မင်းဘူးခရိုင် ငဖဲမြို့နယ်၌ မန်းချောင်းရေလှောင်တမံဆည်မှ ပို့လွှတ်သောရေဖြင့် နွေစပါးဧက ၁၅၆၀နှင့် နွေနှမ်း ၂၇၅ ဧကကို ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်မှစ၍ လျာထားစိုက်ပျိုးလျက်ရှိရာ နွေစပါးစိုက်ပျိုးမှု ၂၁ ဒသမ ၅၄ရာခိုင်နှုန်းနှင့် နွေနှမ်းစိုက်ပျိုးပြီးစီးမှု ၄၄၂ ဒသမ ၅၅ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်လင်းထွန်းထံမှ သိရသည်။

ငဖဲမြို့နယ်၌လယ်မြေ၊ယာမြေ၊ကိုင်း/ကျွန်း၊ ဥယျာဉ်မြေများ အသားတင်စိုက်ပျိုးနိုင်သည့် မြေယာအသုံးပြုမှုဧရိယာ ၂၇၉၄၂ ဧကရှိပြီး ယခုနှစ်နွေရာသီတွင် နွေစပါးစိုက်ဧက ၁၅၆၀နှင့် နှမ်းစိုက်ဧက ၂၇၅ ဧကစိုက်ပျိုးရန် လျာထားရာ နွေနှမ်းမှာ ၁၂၁၇ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီး ရာခိုင်နှုန်းပြည့်မီကျော်လွန်ရေး စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ငဖဲမြို့နယ်တွင် နွေစပါးစိုက်ပျိုးသည့် ကျေးရွာအုပ်စု ရှစ်အုပ်စု၊ နွေနှမ်းစိုက်ပျိုးသည့် ကျေးရွာအုပ်စု ၁၇ အုပ်စုရှိပြီး တစ်မြို့နယ်လုံးအနေဖြင့် စပါးမျိုးကွဲအလိုက်စိုက်ဧကမှာ မနောသုခ ရှစ်ဧက၊ ဆင်းသုခ ဧက ၁၁၀၊ ရတနာတိုး ၂၁၈ ဧက စုစုပေါင်း ၃၃၆ ဧကစိုက်ပျိုး ပြီးစီးပြီး နွေစပါး၊ နွေနှမ်းစိုက်ပျိုးကြသောဧကအားလုံး အောင်မြင်ဖြစ်ထွန်းရေး သက်ဆိုင်ရာကွင်းအလိုက် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တောင်သူများအနေဖြင့် နွေစပါးစိုက်ပျိုးမှု ကုန်ကျစရိတ်ထက် နွေနှမ်းစိုက်ပျိုးမှုကုန်ကျစရိတ်က ပိုမိုသက်သာပြီး စိုက်ပျိုးဖြစ်ထွန်းမှုအောင်မြင်၍ နွေနှမ်းကို ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

**မယု(ငဖဲ)**

# ညောင်ဦးမြို့နယ်၌ ပြောင်းဖူးများ ပိုးကျ၍ အထွက်နှုန်းလျော့ကျ

**ညောင်ဦး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု ကျေးရွာများ၊ သစ်ထောင့်ကျွန်းအုပ်စုကျေးရွာများရှိ ပြောင်းဖူးစိုက်တောင်သူများ ငမြှောင်တောင်ပိုးကျရောက် နေခြင်းကြောင့် ပြောင်းဖူးစိုက်တောင်သူများ အထွက်နှုန်းလျော့ကျလာကြောင်း ပြောင်းဖူးစိုက်တောင်သူဦးဝင်းတင်ထံမှ သိရသည်။

ပြောင်းဖူးများ ငမြှောင်တောင်ပိုးကျရောက်နေခြင်းကြောင့် ပြောင်းဖူးတစ်ဖူးချင်းဈေးနှုန်းမှာလည်း ဈေးလျော့လာခြင်း၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ တင်ပို့သည့်ပွဲစားများ မလာရောက်တော့ခြင်းကြောင့် ပြောင်းဖူးဈေးနှုန်း ကျဆင်းလာသောကြောင့် ပြောင်းဖူးတစ်ဖူး ကျပ် ၁၂၀ ရှိရာမှ ကျပ် ၉၀ ဈေးသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

ပြောင်းဖူးသီးနှံ စိုက်ပျိုးလျှင် ရက် ၃၀ သာ ကြာမြင့်ခြင်းကြောင့် ညောင်ဦးမြို့နယ် လက်ပံခြေပေါ် ကျေးရွာအုပ်စုမှ ကျေးရွာများနှင့် သစ်ထောင့်ကျွန်းအုပ်စု ကျေးရွာများသည် တစ်နှစ်လျှင် ပြောင်းဖူးလေးကြိမ်ထိ စိုက်ပျိုးလုပ်ကိုင်ခြင်းဖြင့် ဝင်ငွေကောင်းခဲ့ရာမှ ငမြှောင်တောင်ပိုးကျရောက်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် ကားလိုင်းများ ပိတ်သိမ်းခဲ့ရာမှ ပြောင်းဖူးပွဲစားများလာရောက်မှု မရှိတော့ဘဲ ပြောင်းဖူးဈေးနှုန်း ကျဆင်းခဲ့ကြောင်း ဦးဝင်းတင်က ပြောကြားသည်။

မိုးရာသီစိုက်ပြောင်းဖူးတစ်မျိုးသာ စိုက်ပျိုးချိန် ၃၀ ကျော် ကြာမြင့်ကာ ဆောင်းနှင့် နွေရာသီ ပြောင်းဖူးစိုက်ပျိုးလျှင် ၂၇ ရက်၊ ၂၈ ရက်ဖြင့် ပြောင်းဖူးပေါ်ကြောင်း သိရ သည်။

ညောင်ဦးမြို့နယ်တွင် ပြောင်းဖူးများအား အစေ့ပြောင်းဖူး၊ သကြားပြောင်းဖူး၊ ကြက်တမော့ပြောင်းဖူးများ စိုက်ပျိုးကြကာ မြေအောက်ရေတူးဖော်ပြီး ရေသွင်းစိုက်ပျိုးခြင်းဖြင့် ပြောင်းဖူးကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလာခဲ့ရာ ငမြှောင်တောင်ပိုးကျရောက်ခြင်းနှင့် နယ်ဝေးပွဲစားများ လာရောက်ဝယ်ယူမှု မရှိတော့ခြင်းကြောင့် ပြောင်းဖူးစိုက်တောင်သူများ အရှုံးနှင့် ရင်ဆိုင်နေရကြောင်း လက်ပံခြေပေါ်အုပ်စု တောင်ဖက်တန်းကျေးရွာ ပြောင်းဖူးစိုက်တောင်သူ ဦးမင်းညိုက ရှင်းပြသည်။ **ကိုထိန်(ငါ့သရောက်)**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မေ ၁၀**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



# အင်တာမီလန်အသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေသော်လည်း ဘာစီလိုနာအသင်းကနေ မက်ဆီ ထွက်ခွာမည်မဟုတ်ဟု ဆို

အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီနဲ့ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းရဲ့ အကြီးအကဲတွေကြား ဆက်ဆံရေးမပြေလည်မှုတွေရှိနေတယ်လို့ သတင်းတွေထွက်ပေါ်လာတာကြောင့် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းက မက်ဆီကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

အဲဒီလို အင်တာမီလန်အသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေပေမယ့် တိုက်စစ်မှူး မက်ဆီကတော့ လက်ရှိကလပ် ဘာစီလိုနာအသင်းကနေ အခြားသော ဥရောပကလပ်အသင်းတွေဆီ ပြောင်းရွှေ့ကစားမှာ မဟုတ်ဘူးလို့လည်း ဆိုပါတယ်။ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီဟာ အသင်းတာဝန်ရှိသူတွေနဲ့ အဆင်မပြေဖြစ်တိုင်း အသင်းပြောင်းရွှေ့ကစားမယ်ဆိုတဲ့ ကောလာဟလသတင်းတွေ အမြဲလိုလို ထွက်ပေါ်နေတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။

အင်တာမီလန်အသင်းအနေနဲ့ တိုက်စစ်မှူး မက်ဆီကို ခေါ်ယူမယ်လို့ အင်တာမီလန်အသင်းဥက္ကဋ္ဌ မိုရက်တီက ပြောကြားခဲ့ပြီး အီတလီစီးရီးအေမှာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုနဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာပြိုင်ဆိုင်မှုတွေ ပြန်လည်စတင်လိမ့်မယ်လို့လည်း ပြောကြားခဲ့ပါတယ်။ ဘာစီလိုနာအသင်းကတော့ တိုက်စစ်မှူးမက်ဆီကို စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုသွားမယ်လို့ ဆိုပါတယ်။

# လိဂ်ပြိုင်ပွဲများ ပြန်လည်စတင်ပါက ကလပ်အသင်းများ ပြင်ဆင်ချိန် သုံးပတ်မှ လေးပတ်အထိရရှိရန် ဆောင်ရွက်ထား

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်တွင်းပြိုင်ပွဲအားလုံးကို မတ် ၂၄ ရက်မှစ၍ ရက်အကန့်အသတ်မရှိ ရပ်နားထားပြီး လိဂ်ပြိုင်ပွဲများ ပြန်လည်စတင်ပါက ကလပ်အသင်းများ ပြင်ဆင်ချိန်သုံးပတ်မှ လေးပတ်အထိ ရရှိရန် ဆောင်ရွက်ပေးထားသည်။

လက်ရှိအနေအထားအရ ပြည်တွင်းပြိုင်ပွဲများကို နှစ်လယ်ပိုင်းဝန်းကျင်မှသာ အစောဆုံးစတင်နိုင်ဖွယ်ရှိနေပြီး မြန်မာနေရှင်နယ်လိဂ်ကော်မတီအနေဖြင့် ပြီးခဲ့သည့်ရက်ပိုင်းက ရာသီဝက်အပြောင်းအရွှေ့ကာလ ပြောင်းလဲသတ်မှတ်ခြင်းပြုလုပ်ခဲ့သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ရာသီဝက်အပြောင်းအရွှေ့ကာလကိုလည်း ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ပြောင်းလဲထားပြီး ရောဂါအခြေအနေကောင်းမွန်ကာ ပွဲလမ်းသဘင်နှင့် အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပခွင့်ရပါက ရာသီဝက်အပြောင်းအရွှေ့ကာလမှာ အကျုံးဝင်မည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယခုရာသီတွင် လိဂ်ပြိုင်ပွဲလေးခုနှင့် ရှုံးထွက်ပြိုင်ပွဲတစ်ခုကျင်းပနေပြီး ရှုံးထွက်ပြိုင်ပွဲမှလွဲ၍ ကျန်ပြိုင်ပွဲအားလုံးမှာ ကျင်းပနေသည့်ကာလတွင် ရပ်နားခဲ့ရခြင်းဖြစ်သည်။ ကလပ်အသင်းအားလုံးမှာ လေ့ကျင့်မှုရပ်နားထားရာ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ပြည်တွင်းပြိုင်ပွဲများကို ရောဂါအခြေအနေအပေါ်မူတည်၍ ပြန်လည်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲများစတင်ပါကလည်း ကလပ်အသင်းများ ပြင်ဆင်ချိန်ရရန် အချိန်ပေး ဆောင်ရွက်မည်ဖြစ်သည်။ လိဂ်ပြိုင်ပွဲအားလုံးမှာ အသင်းများအကြား အမှတ်ကွာဟမှု ကြီးကြီးမားမားမရှိသောကြောင့် ချန်ပီယံဆုအတွက် ဇယားထိပ်ပိုင်းမှအသင်းတွေ အပြိုင်အဆိုင်ဖြစ်နေသလို တန်းဆင်းရှိသည့် MNL အမှတ်ပေးပြိုင်ပွဲမှာလည်း ချန်ပီယံဆုအတွက်သာမက တန်းဆင်းနေရာအတွက်ပါ ပြိုင်ဆိုင်မှုပြင်းထန်လျက်ရှိသည်။

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ဟံသာဝတီအသင်းက ထိပ်ဆုံးမှ ဦးဆောင်နေပြီး MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် ပထမအကျော့အပြီး၌ Junior Lions အသင်းက ဦးဆောင်နေသည်။

သတင်း-ရှိုင်းထက်ဇော်

# ဒီယေဂိုကားလို့စ်ကို ခေါ်ယူဖို့ လီဗာပူးအသင်း ပစ်မှတ်ထားနေ



အခုနှစ်ဘောလုံးရာသီ စပိန်နိုင်ငံမှာ ထိပ်တန်းအဆင့်ရှိ ဗဟိုခံစစ်မှူး သုံးဦးထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ ဆီဗီလာအသင်းရဲ့ ဗဟိုခံစစ်ကစားသမား ဒီယေဂိုကားလို့စ်ကို လီဗာပူးအသင်းက ခေါ်ယူဖို့ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။ လီဗာပူးအသင်းနည်းပြ ကလော့ကလည်း အသင်းရဲ့ နောက်တန်းခံစစ်မှာ ဗန်ဒိုက်နဲ့အတူ အကောင်းဆုံး နောက်တန်း ကစားသမားလေးဦးစာရင်းမှာ ဒီယေဂိုကားလို့စ်ပါဝင်လာလိမ့်မယ်လို့လည်း ယုံကြည်ထားတာဖြစ်ပါတယ်။


အသက် ၂၇ နှစ်အရွယ်ရှိ ဒီယေဂိုကားလို့စ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ဆီ ပြောင်းရွှေ့ဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတာဖြစ်ပြီး အသင်းကြီးတွေဆီ ပြောင်းရွှေ့ဖို့ ဆီဗီလာအသင်းကနေ ထွက်ခွာခွင့်လည်း တောင်းဆိုထားတာဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းကလည်း ဒီယေဂိုကားလို့စ်ကို ခေါ်ယူဖို့ မျက်စိကျနေတယ်လို့လည်း သိရပါတယ်။ လီဗာပူးအသင်းဟာလည်း ပရီမီယာလိဂ်မှာ အသင်းကောင်းတစ်သင်းဖြစ်တာမို့ ဒီယေဂိုကားလို့စ်အနေနဲ့ ပြောင်းရွှေ့လာမလားဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။

နောက်တန်းကစားသမား ဒီယေဂိုကားလို့စ်က ပြောင်းရွှေ့ကြေးပေါင် ၆၁ သန်းရရှိဖို့ မျှော်လင့်ထားပေမယ့် စပိန်လာလီဂါကလပ် ဆီဗီလာသင်းကတော့ ဒီယေဂိုကားလို့စ်ရဲ့ ပြောင်းရွှေ့ကြေးကို လီဗာပူး နောက်တန်းကစားသမား ဗန်ဒိုက်ရဲ့ဈေးနှုန်းအတိုင်း ပေါင် ၇၅ သန်းအထိ လိုချင်နေတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဆီဗီလာ နောက်တန်းကစားသမား ဒီယေဂိုကားလို့စ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့အပြင် နာပိုလီနောက်တန်းကစားသမား ကူလီဘာလီကိုလည်း ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

## အနုပညာ



# အသွားအလာကန့်သတ်ခံရတဲ့ကာလအတွင်း ကိတ်မုန့်ဖုတ်တတ်ဖို့ ကြိုးစားနေတဲ့ ယွန်န

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ Girls’ Generation ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယွန်နဟာ လတ်တလောဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုတွေကြောင့် နေအိမ်မှာပင် အသွားအလာကန့်သတ် နေထိုင်နေစဉ်ကာလအတွင်း ကိတ်မုန့်ကောင်းကောင်း ဖုတ်တတ်အောင် ကြိုးစားသင်ယူနေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသွားအလာကန့်သတ်မှုတွေ ရှိနေတဲ့ကာလအတွင်း အနုပညာလှုပ်ရှားမှုတွေလည်း ရပ်နားထားတာကြောင့် ကြယ်ပွင့်တွေဟာ နေအိမ်မှာပင် ကိုယ်နှစ်သက်ရာတွေကို သင်ယူနေကြတာကိုလည်း တွေ့ရပါတယ်။ ဒီအထဲမှာ ယွန်နကတော့ ကိတ်မုန့်အမျိုးမျိုးကိုကျွမ်းကျင်တဲ့သူတစ်ဦးလို ဖုတ်တတ်ဖို့လေ့လာကာ သူလုပ်ထားတဲ့ ကိတ်မုန့်တွေကိုလည်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့တာ တွေ့ရပါတယ်။

ယွန်နက သူလုပ်ထားတဲ့ ကိတ်မုန့်တွေရဲ့ ဓာတ်ပုံတွေ၊ ပြုလုပ်တဲ့ပုံအဆင့်ဆင့်ကိုလည်း ဖော်ပြခဲ့ပြီး ပရိသတ်တွေကို ယခုလို နေအိမ်မှာ အသွားအလာကန့်သတ်ခံရတဲ့ ကာလအတွင်း ဘာတွေလုပ်ဆောင်နေလဲဆိုတာကိုလည်း မေးမြန်းထားတာကိုလည်း တွေ့ရပါတယ်။ ■

# ကမ်မီလာကပ်ဘဲလို၏ ပွဲဦးထွက်ရုပ်ရှင် နှောင့်နှေးဦးမည်

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ကမ်မီလာကပ်ဘဲလိုဟာ ရုပ်ရှင်နယ်ပယ်ကို ဝင်ရောက်ကာ ပထမဆုံး သရုပ်ဆောင်အဖြစ် တွေ့မြင်ရမယ့် ရုပ်ရှင်ဟာ လတ်တလောမှာ ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် ရုံတင်မယ့်ရက်ကို ရွှေ့ဆိုင်းခဲ့တာဖြစ်ကြောင်း အမ်အက်စ်အင်န်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေးသံရှင် ကမ်မီလာကပ်ဘဲလိုဟာ ပွဲဦးထွက်ရုပ်ရှင်မှာ ဒစ်စနေရဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ စင်ဒရဲလားအဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ အသက် ၂၃ နှစ်အရွယ် ကမ်မီလာကပ်ဘဲလိုဟာ Cinderella ရုပ်ရှင်သစ်မှာ အဓိကဇာတ်ဆောင် စင်ဒရဲလားအဖြစ် ပါဝင်ရိုက်ကူးလျက်ရှိပြီး ယင်းရုပ်ရှင်ရုံတင်မယ့်ရက်ကိုတော့ ရွှေ့ဆိုင်းခဲ့တာ ဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ရုံတင်တော့မှာဖြစ်ကြောင်း လတ်တလောမှ ရုံတင်ရက်ပြောင်းလဲကြေညာခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

# One Direction ရဲ့ ဂီတ၏သက်တမ်း (၁၀) နှစ်ပြည့်အကြောင်း လီယမ်ပိန်းပြောကြား

ဗြိတိန်ရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ One Direction ဟာ မကြာမီမှာ ဂီတလမ်းကြောင်းပေါ်မှာ စတင်လျှောက်လှမ်းခဲ့တာ ဆယ်နှစ်ပြည့်တော့မှာ ဖြစ်ပါတယ်။ ဒီလို ဆယ်စုနှစ်တစ်ခုကြာ ဂီတခရီးအတွက် အမှတ်တရတွေနဲ့ပတ်သက်ပြီး အဖွဲ့ဝင်တွေနဲ့ ပြောဖြစ်ကြောင်း အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီယမ်ပိန်းက လတ်တလောမှာ ပြောကြားခဲ့တယ်လို့ စကိုင်းနယူးစ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီယမ်ပိန်းက အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဟယ်ရီစတိုင်၊ နီးလ်ဟော်ရန်၊ လူးဝမ်တွမ်လင်ဆန်တို့နဲ့ အဖွဲ့ရဲ့ ဂီတခရီး ဆယ်နှစ်ပြည့်နဲ့ပတ်သက်ပြီး ယခုသီတင်းပတ်တွေအတွင်း အတော်လေး ဆွေးနွေးပြောကြားဖြစ်ခဲ့ကြောင်း ဆိုပါတယ်။ အဖွဲ့ဝင်တွေဟာ လာမယ့် ဇူလိုင်လအတွင်း ရောက်ရှိလာမယ့် အဖွဲ့ရဲ့ ဂီတသက်တမ်း ဆယ်နှစ်ပြည့် မှတ်တိုင်အတွက်လည်း ဆွေးနွေးဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် လီယမ်ပိန်းက အခြားသောအဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ ဇေမာလိခ်နဲ့ပတ်သက်ပြီး ထည့်သွင်းပြောကြားခဲ့ခြင်းမရှိဘူးလို့ သိရပါတယ်။

လီယမ်ပိန်းက One Direction ရဲ့ အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ရပ်နားခဲ့ပြီးနောက်ပိုင်း အဖွဲ့ဝင်တစ်ဦးချင်းစီဟာ မတူညီတဲ့ ဂီတခရီးတွေကို ဆက်လက်လျှောက်လှမ်းနေကြကြောင်းနဲ့ အဖွဲ့ဝင်တွေ နောက်တစ်ကြိမ်ပြန်လည်ဆုံစည်းနိုင်ပါက အလွန်ကို ကောင်းမွန်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

# ကျန်းမာရေးဝန်ထမ်းတွေအတွက် နှာခေါင်းစည်း ခြောက်ထောင်ကို ဆန်ဒရာဘူးလော့ခ်လှူဒါန်း

လတ်တလောဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးလုပ်ငန်းတွေမှာ ရှေ့တန်းကနေ ပါဝင်လုပ်ဆောင်လျက်ရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေအတွက် နှာခေါင်းစည်း ၆၀၀၀ ကို ဆန်ဒရာဘူးလော့ခ်က ပေးအပ်လှူဒါန်းခဲ့ကြောင်း အမ်အက်စ်အင်န် ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၉ ရက်က လော့စ်အန်ဂျလိစ် ကလေးဆေးရုံမှာ ကျန်းမာရေးဝန်ထမ်းတစ်ဦးရဲ့နောက်မှာရပ်နေတဲ့ ဆန်ဒရာဘူးလော့ခ်ရဲ့ ဓာတ်ပုံကို သူ့ရဲ့ချစ်သူ ဘရိုင်ယန်ရန်ဒေါက လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ အဆိုပါဓာတ်ပုံနဲ့အတူ ၎င်းက ဆန်ဒရာဘူးလော့ခ်ရဲ့ ရင်သွေးလေးတွေဖြစ်ကြတဲ့ အသက်၁၀ နှစ်အရွယ် သားလေးလူးဝစ်နဲ့ ရှစ်နှစ်အရွယ် သမီးလေးလိုင်လာတို့ရဲ့ N95 နှာခေါင်းစည်းတွေ လှူဒါန်းခဲ့တဲ့အကြောင်းကိုလည်း ထည့်သွင်းရေးသားဖော်ပြထားတယ်လို့ သိရပါတယ်။

အေးပြည့် - စုစည်းသည်

# YTV အခမဲ့ရုပ်သံလိုင်းမှ သင်္ကြန်ကာလ ရုံးပိတ်ရက်များအတွင်း ပြည်သူများ ကြိုက်နှစ်သက်မည့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားကောင်းများ ထုတ်လွှင့်ပြသသွားမည်


သီသီမင်း

ရန်ကုန် ဧပြီ ၁၀

သင်္ကြန်ကာလရုံးပိတ်ရက်များအတွင်း ပြည်သူများ ကိုယ်၊ စိတ် အနားယူအပန်းပြေစေရန် ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၏ Content Provider တစ်ခုဖြစ်သည့် YTV အခမဲ့ရုပ်သံလိုင်းမှ နိုင်ငံခြား ဇာတ်လမ်းတွဲများကို အထူးအစီအစဉ်အဖြစ် ထုတ်လွှင့်ပြသသွားမည်ဖြစ်ရာ YTV အခမဲ့ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည့် ဇာတ်ကားများနှင့် ပြသမည့် အချိန်၊ နေ့ရက်များအား ဖော်ပြလိုက်ပါသည်။




မုဲယစ်ဆေးဝါးနှင့် ပတ်သက်သည့် စိတ်လှုပ်ရှားဖွယ် အက်ရှင်ဇာတ်ကား KEANU
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၁ ရက်၊ ညနေ ၃:၃၀။
ပြန်လည်ပြသမည့်ရက်နှင့် အချိန် - ဧပြီ ၁၂ ရက်၊ နံနက် ၇:၃၀။




အက်ရှင်အမိုက်စားရုပ်ရှင်ဇာတ်ကား Exposed (2016)
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၁ ရက်၊ ည ၉:၀၀။
ပြန်လည်ပြသမည့်ရက်နှင့် အချိန် - ဧပြီ ၁၂ ရက်၊ နံနက် ၉:၃၀။




သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဇာတ်လမ်း The Mermaid
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၂ ရက်၊ ညနေ ၃:၃၀။
ပြန်လည်ပြသမည့်ရက်နှင့် အချိန် - ဧပြီ ၁၃ ရက်၊ နံနက် ၇:၃၀။




တတိယမြောက်ထွက်ရှိသည့် ကြောက်မက်ဖွယ် မမ်မီဇာတ်ကား
The Mummy Tomb of the Dragon Emperor (2008)
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၂ ရက်၊ ည ၉:၀၀။
ပြန်လည်ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၃ ရက်၊ နံနက် ၉:၃၀။




သိပ္ပံအက်ရှင် ဇာတ်ကားကောင်းတစ်ကားဖြစ်သည့် Max Steel
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၃ ရက်၊ ညနေ ၄:၀၀။
ပြန်လည်ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၄ ရက်၊ နံနက် ၇:၃၀။




အမေရိကန်သိပ္ပံရုပ်ရှင်ဇာတ်ကား LIFE ( 2017 )
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၃ ရက်၊ ည ၉:၀၀။
ပြန်လည်ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၄ ရက်၊ နံနက် ၉:၃၀။




မှော် ရုပ်ရှင်ဇာတ်ကားကြိုက်သူများအတွက်
Miss Peregrines Home for Peculiar Children
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၄ ရက်၊ ညနေ ၃:၅၅။
ပြန်လည်ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၅ ရက်၊ နံနက် ၇:၂၀။




ကမ္ဘာဦး သတ္တဝါကြီးနဲ့
လူသားတို့ရဲ့ တိုက်ပွဲ Goozilla (2014)
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၅ ရက်၊ ည ၉:၁၅။
ပြန်လည်ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၆ ရက်၊ နံနက် ၉:၃၅။





သရုပ်ဆောင် အက်ရှင်မင်းသား ဂျက်ကီချမ်း၏ နာမည်ကျော်ဇာတ်ကားဖြစ်သည့်
Around the World in 80 Days
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၅ ရက်၊ ညနေ ၄:၀၀။
ပြန်လည်ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၆ ရက်၊ နံနက် ၇:၂၅။




စစ်ကားကောင်းကြိုက်သူများအတွက် Private Peaceful 2012
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၆ ရက်၊ ည ၉:၃၅။
ပြန်လည်ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၇ ရက်၊ နံနက် ၉:၅၅။




မှုခင်းစုံထောက်ဟာသကား Detective Chinatown (2015)
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၆ ရက်၊ ညနေ ၄:၀၅။
ပြန်လည်ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၇ ရက်၊ နံနက် ၇:၃၀။




သည်းထိတ်ရင်ဖို အက်ရှင်ဇာတ်ကြမ်းကား Jack Reacher Never Go Back
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၇ ရက်၊ ညနေ ၄:၁၅။
ပြန်လည်ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၈ ရက်၊ နံနက် ၇:၃၀။




ကြည့်ရှုသူရင်ထဲ စွဲမက်ကျန်ရစ်စေမည့် ဂျပန် အချစ်ဇာတ်လမ်း PerfectWorld
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၇ ရက်၊ ည ၉:၀၅။
ပြန်လည်ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၈ ရက်၊ နံနက် ၉:၃၅။




ကာတွန်းကားကြိုက်သူများအတွက် Animation
ဇာတ်ကားကောင်းလေးတစ်ခုဖြစ်သည့် ငှက်ပြာလေး၏ စွန့်စားခန်း Rio
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၈ ရက်၊ ညနေ ၃:၃၅။
ပြန်လည်ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၉ ရက်၊ နံနက် ၇:၃၀။




သိပ္ပံ အက်ရှင်ဇာတ်ကား Morgan
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၈ ရက်၊ ည ၉:၀၀။
ပြန်လည်ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၉ ရက်၊ နံနက် ၉:၂၅။

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒိုင်ဗင်တင်လှနှင့် ရုပ်ရှင်စကားဝိုင်း

ရုပ်ရှင်စတန့်မင်းသားတွေဟာ သက်စွန့်ဆံဖျား အသက်ကိုရင်းပြီးတော့ စတန့်တွေကို လုပ်ခဲ့ကြတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ တချို့ဆိုရင်လည်း စိတ်တွေဘာတွေ ကယောက်ကယက်ဖြစ်ပြီးတော့ အသက်တိုကြရတာ၊ ဒီလိုဟာတွေ တော်တော်များများကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ စတန့်မင်းသားရဲ့ ဘဝဆိုတာဟာ တကယ့်ကိုနုနုနယ်နယ်နဲ့ ပျော့ပျော့ပျောင်းပျောင်း ဘဝခရီးကို လျှောက်ရတဲ့ပုဂ္ဂိုလ်တွေမဟုတ်ပါဘူး။ ဒါကြောင့်လည်း ဒီအချိန်မှာ တော်တော်များများ စတန့်မင်းသားတွေဟာ မရှိကြတော့ပါဘူး။ အဲဒီအထဲမှာ ကျွန်တော်တို့ ရှားရှားပါးပါးနဲ့ ထူးထူးခြားခြားတွေ့ရတဲ့ စတန့်မင်းသားတစ်ယောက် ရှိပါတယ်။ သူကတော့ အခုကျွန်တော်နဲ့ဆွေးနွေးမယ့်ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သူ့ရဲ့အသက်ကို ပြောရမယ်ဆိုရင်တော့ အခုဆိုရင် ၉၄ နှစ်ထဲကို ရောက်နေပါပြီ။ သူကတော့ ကျွန်တော်တို့အရွယ်တွေ တော်တော်များများ သိကြ၊ အားပေးခဲ့ကြ၊ လက်ခုပ်တီးခဲ့ကြ၊ လက်ခေါက်မှုတ်ခဲ့ကြတဲ့ စတန့်မင်းသား ဒိုင်ဗင်တင်လှ ဖြစ်ပါတယ်။

(ယမန်နေ့မှ အဆက်)

**ဒိုင်ဗင်တင်လှ။** ။ ဒိုင်ဗင်တင်လှနာမည်ပေးထားတော့ကားထဲမှာ ဒိုင်ဗင်မပါရင် ပရိသတ်က ဘယ်ကြည့်တော့မလဲ။ ဒီ မြန်မာပြည်က တံတားတွေထဲမှာ အဘမထိုးဘူးတဲ့ တံတားမရှိဘူး။ ငမိုးရိပ်တို့၊ စစ်တောင်းတံတားတို့ အကုန်လုံး ထိုးပြီးပြီ။

**ကြည်စိုးထွန်း။** ။ဪ ဒိုင်ဗင်ထိုးဖူးတယ်၊ ဟုတ်ကဲ့ဟုတ်ကဲ့၊ အဲဒီတုန်းက ထိုးတုန်းက အဘရိုက်တဲ့ အခါမှာ။

**ဒိုင်ဗင်တင်လှ။** ။ နောက်က ရဲတွေလိုက်လို့ ပြေးပြီးတော့ အဲဒီကနေ ထိုးပြီးသွားတာ၊ ထိုးလိုက်တော့ လွတ်သွားရော။

**ကြည်စိုးထွန်း။** ။ အဲ အဲလို ဟုတ်ပြီအဘ၊ ဇာတ်လမ်း ကတော့ အဲဒီလိုပေ့ါ၊ တကယ်ထိုးတဲ့အခါကျတော့ အဘတို့ကို ကယ်ဖို့ပေ့ါနော် တစ်ခုခုဖြစ်ရင် တစ်စုံတစ်ခုဖြစ်ရင် ကယ်ဖို့ဆိုပြီးတော့ ကယ်ဆယ်ရေးအဖွဲ့တွေကောရှိလား အဲဒီတုန်းက။

**ဒိုင်ဗင်တင်လှ။** ။ကယ်ဆယ်ရေးအဖွဲ့မလိုဘူး၊ ဘာမှမဖြစ်ပဲကိုး၊ ကယ်ဆယ်ရေး မလိုဘူး။

**ကြည်စိုးထွန်း။** ။ တစ်စုံတစ်ခုများ ဖြစ်သွားရင် ဆိုပြီးတော့ စောင့်တာလည်းမရှိဘူး။

**ဒိုင်ဗင်တင်လှ။** ။ ဘာမှမလိုဘူး။

**ကြည်စိုးထွန်း။** ။ ချကြတာပဲ၊ အဲဒါမျိုးလည်း ရအောင်ရိုက်တာပဲ။

**ဒိုင်ဗင်တင်လှ။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ ဪ ဆရာတွေကလည်း ဘယ်လိုလဲ၊ ခိုင်းတာပဲလား၊ ဘာမှညှာညှာ တာတာ မရှိဘူးလား၊ တင်ဖေတို့ ဆရာကိုလှတင်တို့၊ မောင်မောင်စိန်တို့ သူတို့ကလည်း ခိုင်းတာပဲလား အဘတို့ကို။

**ဒိုင်ဗင်တင်လှ။** ။ ခိုင်းတာပေ့ါ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အဲဒီတော့ ခုန ကမှတ်မိတဲ့ "စောရသက်ပြင်း"မှာ ဘာတွေမှတ်မိလဲ အဘ၊ "စောရသက်ပြင်း" တုန်းက။

**ဒိုင်ဗင်တင်လှ။** ။ "စောရသက်ပြင်း" မှာ အဘက မဟုတ်မခံလူဆိုးလို ဖြစ်နေတာပေ့ါ မဟုတ်မခံဘူးလေ။

**ကြည်စိုးထွန်း။** ။ အဲဒီတော့ ပြဿနာတွေဖြစ်။

**ဒိုင်ဗင်တင်လှ။** ။ ဇာတ်ကားထဲမှာပေ့ါ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။ မတရားတာ မကြိုက်ဘူး။ မတရားလုပ်ရင် ချတယ် ဇာတ်လမ်းကအဲဒီလို။ မဟုတ်မခံ။ မတရားလုပ်တာ မရဘူး။

**ကြည်စိုးထွန်း။** ။ အဘ အဲဒီတော့ စတန့်ကားတွေထဲမှာ သရုပ်ဆောင်လာတာပေ့ါနော်။ အသံတိတ်ခေတ်ကနေပြီးတော့ အသံထွက်ခေတ်အထိ သရုပ်ဆောင်လာတယ်၊ နောက်ကျတော့ ဒီဘက်ခေတ်ရောက်တဲ့အခါကျတော့ စတန့်ကားတွေက နည်းနည်းလေး အရိုက်ကျဲလာတော့ ပုသိမ်က ဇာတ်ထဲကို လိုက်လိုက်ရတာပေ့ါနော်။ အဲဒီထဲမှာ အဘကပြဇာတ်မင်းသား လိုက်လုပ်တယ်နော်၊ အဲဒီနောက်ပိုင်းရော အဘရုပ်ရှင်ထဲ ပြန်ရောက်သေးလား။

**ဒိုင်ဗင်တင်လှ။** ။ အဲဒီနောက်ပိုင်း သင်္ဘောသားလုပ်ပြီး နိုင်ငံခြားထွက်သွားတယ်၊ နိုင်ငံခြားသင်္ဘော Foreign seaman သင်္ဘောသားပဲဖြစ်နေတယ်။

**ကြည်စိုးထွန်း။** ။ ဪ ရုပ်ရှင်ထဲကထွက်သွားပြီး သင်္ဘောနောက် လိုက်နေတယ်၊ ဪ ကမ္ဘာပတ်တော့တာပေ့ါ၊ အဲဒီမှာ ရုပ်ရှင်နဲ့အဆက်ပြတ်သွားလား။

**ဒိုင်ဗင်တင်လှ။** ။ အဘလည်း သင်္ဘောသား ဖြစ်သွားတော့ ရုပ်ရှင်နဲ့က အဆက်ပြတ်သွားတယ်။

**ကြည်စိုးထွန်း။** ။ ပြန်လာတော့ ဆက်မရိုက်ဘူးလား။

**ဒိုင်ဗင်တင်လှ။** ။သင်္ဘောကြီးပေါ်ကလည်း ဒိုင်ဗင်ထိုးလိုက်တာပဲ။



ဒိုင်ဗင်တင်လှနှင့် ဒါရိုက်တာ ကြည်စိုးထွန်း

**ကြည်စိုးထွန်း။** ။ ဪ သင်္ဘောကြီးပေါ်က ဒိုင်ဗင်ထိုးတယ်။

**ဒိုင်ဗင်တင်လှ။** ။ ကပ္ပတိန်တို့ ဘာတို့ကတော့ "don't do like this very dangerous" အန္တရာယ်ရှိတယ် မလုပ်နဲ့၊ မလုပ်ပါဘူးဆိုပြီး သူတို့လစ်ရင် ထိုးတာ။

**ကြည်စိုးထွန်း။** ။ ဪ သူတို့လစ်ရင် သင်္ဘောပေါ်ကနေထိုးတာ။ ဟုတ်ကဲ့ အဲဒီမှာကော တချို့က သဘောမကျဘူးလား၊ အဘ ဒိုင်ဗင်ထိုးပြတာကို။

**ဒိုင်ဗင်တင်လှ။** ။တစ်ယောက်က သင်္ဘောသား အချင်းချင်းက ပေးတယ်။

**ကြည်စိုးထွန်း။** ။ဟုတ်ကဲ့ ဒိုင်ဗင်ထိုးပြစမ်းပါဆိုပြီးတော့ သူတို့က အလောင်းအစားတွေကော မလုပ်ဘူးလား။ အဲဒီမှာ ထိုးရဲတယ် မထိုးရဲဘူးဆိုပြီးတော့။

**ဒိုင်ဗင်တင်လှ။** ။ သူတို့က မထိုးရဲဘူးလေ။

**ကြည်စိုးထွန်း။** ။ အလောင်းအစားတွေကော မဖြစ်ဘူးလား။

**ဒိုင်ဗင်တင်လှ။** ။ အလောင်းအစားတွေလား။ ဘုရင့်နောင်တံတားပေါ်က တစ်သိန်းကြေးလောင်းထိုးတာ၊ အဘထိုးတယ်၊ နောက်ဆုတ်သွားတယ်၊ မလုပ်နဲ့တဲ့ မင်းတစ်သိန်းဆုံးမယ်ဆိုပြီး သူတို့လူအချင်းချင်း ပြန်လစ်သွားတယ် တစ်သိန်း။

**ကြည်စိုးထွန်း။** ။ ဟုတ်လား သင်္ဘောသားဘဝတုန်းကကော အဲဒီလိုအလောင်းအစားမရှိဘူးလား။

**ဒိုင်ဗင်တင်လှ။** ။အလောင်းအစားမရှိဘူး။

**ကြည်စိုးထွန်း။** ။ မင်း ဒီသင်္ဘောပေါ်ကနေ မင်းထိုးရဲလား ထိုးရဲရင်။

**ဒိုင်ဗင်တင်လှ။** ။ သင်္ဘောကို port တွေဘာတွေ ဆိုက်လို့ရှိရင်တော့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။ ဒိုင်ဗင်တွေ ဘာတွေထိုးတာပေ့ါ။ ကုန်တင်ကုန်ချကောင်တွေက အဲဒီကောင်တွေက တွေ့ရင်တော့ အဲဒီကောင်တွေက ဆုပေးတယ်ပေ့ါလေ။

**ကြည်စိုးထွန်း။** ။ လက်ခုပ် တီးပြီးတော့ ဘောက်ဆူးပေးတာပေ့ါ။

**ဒိုင်ဗင်တင်လှ။** ။ ဒေါ်လာတွေ ဘာတွေပေးတာပေ့ါ။

**ကြည်စိုးထွန်း။** ။ ကမ္ဘာပတ်လာတာ ဟုတ်လား ကမ္ဘာပတ်ပြီးတော့ကို ဒိုင်ဗင်ထိုးလာတဲ့သဘောပေ့ါနော် အဘနော်၊ အဲဒီတော့ အဘက အခုဟာကတော့ နှစ်တိုင်းလိုလိုလည်း အဘက အကန်တော့ခံထဲ မှာပါနေပြီနော်။

**ဒိုင်ဗင်တင်လှ။** ။ ပါတာပေ့ါ။

**ကြည်စိုးထွန်း။** ။ ကျွန်တော် မှတ်မိသလောက်က အဘကို ရုပ်ရှင်အစည်းအရုံးကနေ လစဉ်လစဉ် ထောက်ပံ့ကြေးပေးတာလည်း အဘရတယ် မှတ်လား၊ အဘတို့လိုအသက်ကြီးတဲ့လူဆို ပေးပါတယ်နော်၊ နောက်တစ်ခါ နှစ်တိုင်းနှစ်တိုင်း ကန်တော့တယ်ဆို အဘတို့က ထိပ်ဆုံးကပါတယ်ပေ့ါ၊ ရုပ်ရှင်နဲ့ကတော့ အဘက ဒီလိုလူကြီးတစ်ယောက်အနေနဲ့ကတော့ အဆက်မပြတ်ဘူးပေ့ါ။ လူငယ်တွေကိုရော လူငယ်တွေရဲ့ အခုရုပ်မြင်သံကြားက လာနေတဲ့ ဇာတ်လမ်းတွေ ဘာတွေကော ကြည့်ရလား။

**ဒိုင်ဗင်တင်လှ။** ။ နောက်ပိုင်း ဗီဒီယိုဇာတ်လမ်း အဘသိပ်မသိတော့ဘူး။

## တွေ့ဆုံမေးမြန်း ဒါရိုက်တာ ကြည်စိုးထွန်း

**ကြည်စိုးထွန်း။** ။ ဪ သိပ်မကြည့်ဖြစ်တော့ဘူးတစ်ခါတလေ မကြည့်မိဘူးလား အဘတို့ခေတ်နဲ့ မတူတော့ဘူးဆိုတာ သိလား။

**ဒိုင်ဗင်တင်လှ။** ။အဘကဘုရားကလွဲလို့ ဒါတွေအကုန်စွန့်ထားလိုက်ပြီ။

**ကြည်စိုးထွန်း။** ။မကြည့်တော့ဘူးလား။

**ဒိုင်ဗင်တင်လှ။** ။ ဘုရားဘက်ပါသွားပြီ။

**ကြည်စိုးထွန်း။** ။ ဪ ဟုတ်လား။

**ဒိုင်ဗင်တင်လှ။** ။ ဒါတွေဘာမှမစဉ်းစားတော့ဘူး။

**ကြည်စိုးထွန်း။** ။ အဲဒီတော့ အဘက ဒီခေတ် ရုပ်ရှင်လူငယ်တွေကို ဆုံးမမယ်ဆိုရင် အဘက ဘုရားတရားကို ကိုးကွယ်ဖို့၊ ဘုရားတရားကို မမေ့ဖို့၊ အနန္တောအနန္တငါးပါး ကျေးဇူးကိုမမေ့ဖို့။

**ဒိုင်ဗင်တင်လှ။** ။ဒါပဲအဲဒါပဲပြောနေမှာပဲ။

**ကြည်စိုးထွန်း။** ။ အဲဒါပဲ အဘဆုံးမချင်တာပေ့ါ။

**ဒိုင်ဗင်တင်လှ။** ။ ဒီပြင်ဟာတွေ ဘာမှမသိဘူး၊ပြောလည်း မပြောတော့ဘူး။

**ကြည်စိုးထွန်း။** ။ ဒီရုပ်ရှင် အနုပညာနဲ့ ပတ်သက်ပြီးရင်တော့ အဘက ဘယ်လိုမှ မပြောလိုတော့ဘူး။

**ဒိုင်ဗင်တင်လှ။** ။ မပြောတော့ဘူး။

**ကြည်စိုးထွန်း။** ။ အဲဒီတော့ အခု အဘ ဆုံးမချင်တဲ့အကြောင်းအရာပေ့ါ၊ ဒီခေတ်လူငယ်လေးတွေကို အဘအနေနဲ့ ဆုံးမချင်တဲ့အကြောင်းအရာလေးတွေရှိရင် ခုနကဟာလေးတွေပေါ်မှာ အခြေခံပြီးတော့ ဆုံးမပေးပါအဘ။

**ဒိုင်ဗင်တင်လှ။** ။ သူများကို မတရားတာတွေ မလုပ်နဲ့။ ဘုရားမကြိုက်တာကို မင်းတို့မလုပ်ကြနဲ့။ ဒါပဲ အဲဒါပဲ လုပ်နေရတယ်ပေ့ါ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အရက်မသောက်နဲ့၊ ဆေးလိပ်မသောက်နဲ့။ နောက်ပြီးတော့ အနန္တော အနန္တငါးပါးကိုမမေ့နဲ့၊ ဘုရားတရားကို အမြဲအာရုံပြု။ အဲဒါလေး အဘက ပြောချင်တယ်ပေ့ါနော်၊ ဟုတ်ကဲ့လားအဘ အဘကမပြောဘူး၊ ကျွန်တော်ကချည်း ပြောနေရတာလေ။

**ဒိုင်ဗင်တင်လှ။** ။ ဟုတ်တာပေ့ါ။

**ကြည်စိုးထွန်း။** ။ (ရယ်၍) အဲဒီအတိုင်း ပြောချင်တာပေ့ါနော် အဘအဆုံးအမအတိုင်းပဲ။

**ဒိုင်ဗင်တင်လှ။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ တခြားပုဂ္ဂိုလ်တွေလိုပဲ ကျွန်တော်လည်း အဲဒီအတိုင်းနေဖို့ ကျွန်တော် ကြိုးစားပါ့မယ် အဘရယ်၊ အခုလိုအဘ ဒီမှာလာရောက်ပြီးတော့ ကျွန်တော့်ရဲ့ ရုပ်ရှင်စကားဝိုင်းလေးမှာ အသက်အကြီးဆုံးပုဂ္ဂိုလ်အနေနဲ့ လာရောက်ဆွေးနွေးပေးတာကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ အဘရေ၊ ကန်တော့ပါတယ်နော် အဘ။

**ဒိုင်ဗင်တင်လှ။** ။ သာဓုသာဓုသာဓုပါဗျာ ငါ့သားလေးကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘုန်းကြီးပါစေ အသက်ရှည်ပါစေ သာဓုသာဓုသာဓု။ ။



"သူမိုက်ကိုယ်မိုက်" ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

# Fortune TV ရုပ်သံလိုင်းမှ မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလများတွင် ပြည်သူများ စိတ်လက်အပန်းပြေစေမည့် အစီအစဉ်ကောင်းများ ရွေးချယ်တင်ဆက်ပြသသွားမည်

**ရန်ကုန် မေ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)၏ Content Provider တစ်ခုဖြစ်သည့် Fortune TV ရုပ်သံလိုင်းမှ မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလများတွင် ပြည်သူများ စိတ်လက်အပန်းပြေစေရန် ရည်ရွယ်၍ သင်္ကြန်အငွေ့အသက်များပါဝင်သည့် မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားကောင်းများ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် လတ်တလော အခြေအနေသတင်းအချက်အလက်များ၊ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများကို အချိန်နှင့်တစ်ပြေးညီ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်သူတွေ သင်္ကြန်ကာလမှာ အပြင်ထွက်ဖို့၊ ရေကစားဖို့ အဆင်မပြေသေးတဲ့အချိန်မှာ အိမ်ထဲမှာပဲ အပန်းဖြေဖို့အတွက် ဖျော်ဖြေရေးအစီအစဉ်တွေပါမယ်။ ဖျော်ဖြေရေးအစီအစဉ်တွေထဲမှာ အစိုးရကထုတ်ပြန်တဲ့ ပြည်သူတွေလိုက်နာရမယ့် စည်းကမ်းတွေ၊ ကိုဗစ် -၁၉ ရောဂါအခြေအနေနဲ့ ပတ်သက်တဲ့ သတင်းတွေကို ပြည်သူတွေသိရှိဖို့ အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်"ဟု Fortune TV မှ မန်နေဂျာ ကိုထက်အောင်ကျော်က ပြောသည်။

**သင်္ကြန်ကာလအထူးအစီအစဉ်ဖြစ်သည့် (HORROR MOMENTS )**

စိတ်လှုပ်ရှားဖွယ်အစီအစဉ်များကို ကြိုက်နှစ်သက်သူများအတွက် Fortune TV မှ သင်္ကြန်ကာလအထူးအစီအစဉ်အနေဖြင့် ပြည်မြို့တွင် သွားရောက်ရိုက်ကူးထားသည့် အိမ်အိုကြီးနှင့် သမိုင်းကြောင်းဆိုင်ရာ အစဉ်အလာများ၊ အဖြစ်အပျက်များကို ထုတ်လွှင့်ပြသမည့် ရင်ခုန်စိတ်လှုပ်ရှားဖွယ် (HORROR MOMENTS )အစီအစဉ်ကို မေ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စတင်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ၎င်းအစီအစဉ်ကို အပတ်စဉ် ကြာသပတေးနေ့နှင့် သောကြာနေ့ ည ၈ နာရီ မိနစ် ၅၀ တွင် စောင့်မျှော်ကြည့်ရှုနိုင်မည်ဖြစ်သည်။

**ကိုင်ကြည့် Season 2 အစီအစဉ်သစ်**

အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ထုတ်လွှင့်နေကျဖြစ်သည့် နိုင်ငံကျော် အနုပညာရှင်များနှင့် နာမည်ကျော်ကြားသူတို့ပါဝင်ထားသော ကိုင်ကြည့် Season 2 အစီအစဉ်သစ်ကို မေ ၁၇ ရက်နှင့် ၁၈ ရက် ညနေ ၆နာရီခွဲအချိန်၌ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အပတ်စဉ် တနင်္ဂနွေနေ့၊ တနင်္လာနေ့များတွင် နံနက် ၁၁ နာရီ မိနစ် ၄၀ နှင့် ညနေ ၅ နာရီခွဲတို့တွင် ပြန်လည်ကြည့်ရှုနိုင်မည်ဖြစ်သည်။

**နိုင်ငံခြားဇာတ်လမ်းတွဲများ**

နိုင်ငံခြားဇာတ်လမ်းတွဲ ကြိုက်နှစ်သက်သူများအတွက်လည်း မေလအတွင်း Fortune TV မှ ပြသနေသည့် စူပါလျှပ်စီး၊ ဝိညာဉ်လိုက်သူများ စသည့် ပရိသတ်ကြိုက်ဇာတ်လမ်းတွဲများကို ကြည့်ရှုခံစားရမည့်အပြင် တနင်္လာနေ့မှ သောကြာနေ့ထိ ည ၈ နာရီတွင် ပြသလျက်ရှိသည့် "ငွေရောင်ချစ်ကြိုးမျှင်" ဇာတ်လမ်းတွဲပြီးဆုံးပါက ကိုရီးယားဇာတ်လမ်းတွဲဖြစ်သည့် "ပန်းတစ်ပွင့် အိပ်မက်" ဇာတ်လမ်းတွဲသစ်ကို မဟာသင်္ကြန်ရက်များအတွင်း တင်ဆက်သွားမည်ဖြစ်သည်။

တရုတ်ဇာတ်လမ်းတွဲဖြစ်သည့် "နတ်ဓားညီနောင်ကံကြမ္မာ" ဇာတ်လမ်းတွဲကို မေ ၁၈ ရက်နေ့မှ စတင်ပြီး ကြည့်ရှုရမည်ဖြစ်သည်။ ထို့ပြင် ပုံမှန်တင်ဆက်ပေးနေသည့် အစီအစဉ်များကိုလည်း ဆက်လက်ပြသပေးသွားမည်ဖြစ်သည်။

**မေ ၁၀ ရက်မှ ၁၇ ရက်အထိ Fortune TV မှ ညနေ ၆နာရီတွင် ပြသသွားမည့် မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများစာရင်း**

မေ ၁၀ ရက်- အောင်ရဲလင်း၊ ဝတ်မှုံရွှေရည်တို့ ပါဝင်သရုပ်ဆောင်ထားသည့် သင်္ကြန်ဂိမ်း။

မေ ၁၃ရက်- ဝေဠုကျော်၊ နန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင်ထားသည့် မြစ်၏ခြေရာ။

မေ ၁၄ ရက်- ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ စံရှားတင်၊ ခင်သန်းနုတို့ ပါဝင်သရုပ်ဆောင်ထားသည့် ကညာပျိုနဲ့ ဇရာအို ရုပ်ရှင်ဇာတ်ကားကြီး။

မေ ၁၅ ရက်- ဝင်းဦး၊ ခင်သန်းနုတို့ ပါဝင်သရုပ်ဆောင်ထားသည့် မောင်တို့ချယ်ရီမြေ ရုပ်ရှင်ဇာတ်ကားကြီး။

မေ ၁၆ ရက်- နေအောင်၊ ဇင်ဝိုင်း၊ ခင်သန်းနုတို့ ပါဝင်သရုပ်ဆောင်ထားသည့် သင်္ကြန်မိုး ရုပ်ရှင်ဇာတ်ကားကြီး။

မေ ၁၇ ရက်-ကျော်ရဲအောင်၊ စိုးမြတ်သူဇာတို့ ပါဝင်သရုပ်ဆောင်ထားသည့် မယားပြောတော့ တစ်ည။

**သီသီမင်း**

















# ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine)နှင့် အခြားQuarantine အစီအစဉ်များတွင် ပါဝင်နေသူများအတွက် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ အခမဲ့ဝန်ဆောင်မှုရယူနိုင်ရေး အသိပေးကြေညာချက်

COVID-19 ရောဂါပိုးကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန် (၁၄) ရက်တာ အသွားအလာကန့်သတ်ခြင်း(သို့) တားမြစ်ခြင်းတို့ဆောင်ရွက်ရာတွင် သီးခြားခွဲခြားနေထိုင်ရခြင်းနှင့် ဆက်စပ်သော အကြောင်းများကြောင့် Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအနေဖြင့် စိတ်ဖိစီးမှုများ ခံစားရနိုင်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအနေဖြင့် မိမိတို့ကိုယ်တိုင် စိတ်ချယုံကြည်စွာ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းကို နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အထူးလေ့ကျင့်ပေးထားသော လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများက နေ့စဉ်နံနက် ၉ နာရီ ခွဲမှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ဤအစီစဉ်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့် ဆက်သွယ်ရေးအော်ပရေတာများဖြစ်ကြသော MPT,Mytel, Telenorနှင့် Ooredooတို့က COVID-19 ကူးစက်ကပ်ရောဂါဘေး ရင်ဆိုင်နေရစဉ်ကာလအတွင်း အခမဲ့ဝန်ဆောင်မှု ပေးမည်ဖြစ်ပါသည်။

နှစ်သိမ့်ဆွေးနွေးမှုခံယူသူများ၏ သတင်းအချက်အလက်မပေါက်ကြားရေးကို အထူးအလေးထား ကာကွယ်ပေးသွားမည်ဖြစ်ပြီး အခြားလူမှုရေးနည်းလမ်းဖြင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါက ဆက်လက်ညွှန်းပို့ချိတ်ဆက်ပေးသွားမည်ဖြစ်ပါသည်။

ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဖော်ပြထားပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ

| စဉ် | တိုင်း/ပြည်နယ် | MPT | Mytel | Telenor | Ooredoo |
|---|---|---|---|---|---|
| ၁။ | ကချင် | 09-889900011 | 09-661015555 | 09-770771000 | 09980000101 |
| ၂။ | ကယား | 09-889900022 | 09-661025555 | 09-770772000 | 09980000102 |
| ၃။ | ကရင် | 09-889900033 | 09-661035555 | 09-770773000 | 09980000103 |
| ၄။ | ချင်း | 09-889900044 | 09-661045555 | 09-770774000 | 09980000104 |
| ၅။ | စစ်ကိုင်း | 09-889900055 | 09-661055555 | 09-770775000 | 09980000105 |
| ၆။ | တနင်္သာရီ | 09-889900066 | 09-661065555 | 09-770776000 | 09980000106 |
| ၇။ | ပဲခူး | 09-889900077 | 09-661075555 | 09-770777000 | 09980000107 |
| ၈။ | မကွေး | 09-889900088 | 09-661085555 | 09-770778000 | 09980000108 |
| ၉။ | မန္တလေး | 09-889900099 | 09-661095555 | 09-770779000 | 09980000109 |
| ၁၀။ | မွန် | 09-889911177 | 09-661105555 | 09-770771001 | 09980000117 |
| ၁၁။ | ရခိုင် | 09-889911188 | 09-661115555 | 09-770771100 | 09980000118 |
| ၁၂။ | ရန်ကုန် | 09-889911122 | 09-661125555 | 09-770770001 | 09980000112 |
| ၁၃။ | ရှမ်း | 09-889911133 | 09-661135555 | 09-770770010 | 09980000113 |
| ၁၄။ | ဧရာဝတီ | 09-889911144 | 09-661145555 | 09-770770011 | 09980000114 |
| ၁၅။ | နေပြည်တော် | 09-889911155 | 09-661155555 | 09-770770099 | 09980000115 |
| | ရုံးချုပ် | 09-889911166 | 09-661005555 | 09-770770100 | 09980000116 |



# ယာဉ်လိုင်းကုမ္ပဏီများမှတစ်ဆင့် YBS ယာဉ်မောင်းများအား YRTA မှ ဆန်နှင့် ဆီ ထောက်ပံ့ပေးအပ်

**ရန်ကုန် မေ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် YBS ယာဉ်မောင်းများအတွက် အထောက်အပံ့ဖြစ်စေရန်နှင့် သက်သာချောင်ချိမှုရရှိစေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)က YBS ယာဉ်မောင်းများအတွက် ထောက်ပံ့ရေးပစ္စည်းများအား YBS ယာဉ်လိုင်းကုမ္ပဏီများမှတစ်ဆင့် မေ ၁၀ ရက်တွင် YBS ယာဉ်မောင်းများထံသို့ စနစ်တကျ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း YRTA ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ထိုသို့ထောက်ပံ့ပေးရာတွင် YBS ယာဉ်လိုင်းကုမ္ပဏီများဖြစ်သည့် ဗန္ဓုလ၊ City Liner၊ စံဝေလ၊ YBS 63၊ YUPT၊ ကုန်းဘောင်ရန်ကုန်၊ တိုက်ကြီးသား၊ ရွှေတောင်ပိုင်း၊ ရွှေပြည်သာသား၊ ရွှေလမ်းခင်း၊ Trans Link၊ GYCT၊ RCBT နှင့် City Transit စသည့် ယာဉ်လိုင်းကုမ္ပဏီ ၁၄ ခုမှ YBS ယာဉ်မောင်း ၄၈၁၆ ဦးအတွက် တစ်ဦးလျှင် ဆန် (၈)ပြည်နှင့် ဆီ(၁)ပိဿာစီ ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

YRTA အနေဖြင့် YBS ယာဉ်မောင်းများအား ယာဉ်မောင်းစမတ်ကတ် စုစုပေါင်း ၈၇၃၅ ဦး ထုတ်ဝေပေးထားပြီးဖြစ်၍ ကျန်ရှိနေသော ယာဉ်လိုင်းကုမ္ပဏီများမှ YBS ယာဉ်မောင်းများအား ထောက်ပံ့ရေးပစ္စည်းများကို စနစ်တကျ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုထက်**

# လယ်ယာဝန်ဆောင်မှုလုပ်ငန်းများအကူအညီရယူ ဆောင်ရွက်ရန် လိုအပ်ပါက လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူလယ်သမားများ နွေနှင့် မိုးစပါးစိုက်ပျိုးထွန်ယက်ခြင်းနှင့် ထွက်ရှိလာသော သီးနှံများ ရိတ်သိမ်းခြွေလှေ့ချိန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ပျဉ်းမနားမြို့နယ်တွင် သမဝါယမအသင်းစုချုပ်၏ လယ်ယာဝန်ဆောင်မှုအသင်းနှင့် လယ်ဝေးမြို့နယ်တွင် လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများက လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများမှ ထွက်ရှိလာမည့် စပါးများ ရိတ်သိမ်းခြွေလှေ့လိုလျှင်လည်းကောင်း၊ ရာသီအမီစိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်လိုလျှင်လည်းကောင်း ဝန်ဆောင်မှုသမဝါယမအသင်းများက သင့်လျော်သောဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ

ဒုတိယညွှန်ကြားရေးမှူး - ၀၉-၂၆၂၇၅၈၃၆၅ / ၀၉-၇၉၆၉၂၉၈၁၈

လက်ထောက်ညွှန်ကြားရေးမှူး - ၀၉-၂၅၆၀၈၈၅၂၅

ဦးကျော်ဆန်း (အတွင်းရေးမှူး) - ၀၉-၄၂၀၇၅၀၁၈၄
အသင်းစုချုပ်လယ်ယာဝန်ဆောင်မှု
ကော်မတီ (ပျဉ်းမနား)

ဦးသန်းနွဲ့(အတွင်းရေးမှူး) - ၀၉-၇၉၈၃၄၃၆၂၂
လယ်ဝေးမြို့နယ်သမဝါယမအသင်းစု

ဦးစိုးဝင်းသန်း (အတွင်းရေးမှူး) - ၀၉-၇၉၉၁၉၉၄၄၅ / ၀၉-၄၂၀၇၇၀၁၁၅
လယ်ဝေးမြို့နယ်လယ်ယာဝန်ဆောင်မှုအသင်း

**သမဝါယမဦးစီးဌာန**

# အခြေခံစားကုန်များ သကြၤန်ကာလအတွင်း အိမ်အရောက်ပို့ဆောင် ရောင်းချပေးမည်

**ရန်ကုန် မေ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးကာလအတွင်း ရန်ကုန်မြို့နေပြည်သူများအတွက် စားနပ်ရိက္ခာပို့ဆောင်ကူညီရေးအစီအစဉ်အရ အခြေခံစားသောက်ကုန်များကို မူလဈေးနှုန်းထက် အသက်သာဆုံးဈေးနှုန်းဖြင့် အကျိုးအမြတ်ရယူခြင်းမပြုဘဲ လူထုအခြေပြုပရဟိတအဖွဲ့ဖြစ်သည့် We Love Yangon က အိမ်တိုင်ရာရောက် ပို့ပိုးကူညီရောင်းချပေးလျက်ရှိရာ သင်္ကြန်ကာလတွင်လည်း နားရက်မယူဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

We Love Yangon ဦးဆောင်အဖွဲ့ဝင် ကိုစန်းမောင်မောင်က "အခြေခံစားသောက်ကုန်တွေကို ပက်ကေ့သုံးမျိုးဖြင့်ရောင်းချပေးပါတယ်၊ သင်္ကြန်ကာလမှာလည်း ရောင်းချပေးသွားမယ်၊ နားလို့မရပါဘူး၊ အဲဒီရက်တွေမှာ ပိုပြီးလိုအပ်ပါလိမ့်မယ်"ဟု ပြောသည်။

အခြေခံစားသောက်ကုန်ပက်ကေ့များကို ကြိုက်နှစ်သက်သဖြင့် ကုမ္ပဏီနှင့်လုပ်ငန်းများမှ ယင်းတို့၏ ဝန်ထမ်းလုပ်သားများကို ထောက်ပံ့ပေးရန် အော်ဒါမှာယူမှုများရှိသည်။ ထိုသို့မှာယူရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ထောက်ခံချက်ဖြင့် ရောင်းချပေးလျက်ရှိသည်။ ပုံမှန်မှာယူပါက သုံးရက်အတွင်း အရောက်ပို့ဆောင်ရောင်းချပြီး ကုမ္ပဏီနှင့် လုပ်ငန်းများက မှာယူပါက နှစ်ရက်အတွင်း ရက်ချိန်းပေးပြီး လာရောက်ဝယ်ယူကြကြောင်း သိရသည်။ ပက်ကေ့ချ် ( B ) နှင့် ( C ) ကို ဝယ်ယူမှုများသည်။

ငွေကျပ်တစ်သောင်းခြောက်ထောင်တန် ပက်ကေ့ (A)တွင် ဧည့်မထဆန် (၆) ပြည်၊ နေကြာဆီ(၅၀)ကျပ်သား(၁) ဘူး၊ ကြက်သွန်နီ(၁)ပိဿာ၊ ငါးသေတ္တာ(၅)ဘူး၊ ကော်ဖီမစ်နှင့် ကွေကာအုပ်(၅)ထုပ်စီ၊ ကြက်ဥ(၁၀)လုံး၊ ငရုပ်သီးမှုန့်(၁) ထုပ်၊ အသင့်စားခေါက်ဆွဲခြောက် (၅) ထုပ် တို့ပါဝင်သည်။ ငွေကျပ်တစ်သောင်းနှစ်ထောင်တန် ပက်ကေ့ ( B ) တွင် ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ကော်ဖီမစ် နှင့် ကွေကာအုပ်၊ ကြက်ဥ၊ ငရုပ်သီးမှုန့်တို့ပါဝင်ပြီး ငွေကျပ်တစ်သောင်းတန် ပက်ကေ့ (C)တွင် ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ငရုပ်သီးမှုန့်တို့ ပါဝင်သည်။ ပက်ကေ့အလိုက် ဝယ်ယူလိုသူများအနေဖြင့် We Love Yangon Facebook Page ရှိ သက်ဆိုင်ရာမြို့နယ် အလိုက် ဖုန်းနံပါတ်များနှင့် Messenger မှတစ်ဆင့် ချိတ်ဆက်ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အောင်သူရ**

ရဟန်းဒါယိကာမကြီး

**ဒေါ်မြင့် (ခ) ဒေါ်အေးမြင့် (၇၈) နှစ်**

**(ဘိုကလေးမြို့နယ်၊ မြင်းကကုန်းကျေးရွာ)**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ညောင်ပင်သာကျေးရွာ၊ ဧဃျာသီရိ(၅) လမ်းနေ (ဦးလှ-ဒေါ်သစ်)တို့၏သမီး၊ (ဦးမြလှိုင်)၏ဇနီး၊ ဦးမြင့်အောင်-ဒေါ်လှလှနွယ်၊ ဦးအောင်အောင်-ဒေါ်ချိုချိုခိုင်၊ ဦးတင်အောင်လင်း၊ ဦးညီညီအောင်-ဒေါ်ခက်ခက်ခိုင်၊ ဦးကျော်ကျော်နိုင်(ကိုယ်ရေးအရာရှိ-စိုက်၊ မွေး၊ ဆည်ပြည်ထောင်စုဝန်ကြီးရုံး)-ဒေါ်ကေသီမြလှိုင်(သမဝါယမဦးစီးဌာန)၊ ဦးကိုကိုလှိုင်-ဒေါ်စန္ဒာမြလှိုင်(၁၀၇ မိုင် ထမင်းဆိုင်၊ ညောင်ပင်သာ)တို့၏ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၁၀-၅-၂၀၂၀ (သောကြာနေ့) နံနက် ဝဝး၃၇ နာရီတွင် တောင်ငူမြို့၊ ကေတုအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂း၃၀ နာရီတွင် ဖြူးမြို့နယ်၊ ညောင်ပင်သာကျေးရွာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်စုစုလတ် (ခ) ဒေါ်တင်တင်လွင် (၆၉) နှစ်**

ဦးတင်မောင်လတ် (စာတည်း-ခတ်ပုံ၊ ငြိမ်း၊ မြန်မာ့သတင်းစဉ်)၏ဇနီး ဒေါ်စုစုလတ် (ခ) ဒေါ်တင်တင်လွင် (၆၉) နှစ်သည် ၁၀-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဦးခင်စိုးနှင့်ဇနီး ဒေါ်ယဉ်ယဉ်လွင် (ထ.ပြ-ငြိမ်း)မိသားစု မင်္ဂလာဒုံ**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ပါမောက္ခ Engr: ဒေါက်တာမောင်မောင်ဝင်း**

**အသက် (၈၂) နှစ်**

ရန်ကုန်စက်မှုတက္ကသိုလ်၊ ဓါတုအင်ဂျင်နီယာဌာနမှ ပါမောက္ခ၊ ဌာနမှူး (ငြိမ်း) ဆရာကြီး ဒေါက်တာမောင်မောင်ဝင်း၊ ရန်ကုန်မြို့နေ ဒေါက်တာငြိမ်းငြိမ်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဓာတုအင်ဂျင်နီယာ ကုန်ထုတ်သမဝါယမအသင်းကို ဦးဆောင်ဖွဲ့စည်းပေးခဲ့ပြီး နည်းပညာဆိုင်ရာ လမ်းညွှန်မှုများပေးခဲ့သော ဆရာကြီးသည် ၈-၅-၂၀၂၀ ရက်တွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ ဦးပေါ်ဟိန်းနှင့် ဝန်ထမ်းများ**
**ဓာတုအင်ဂျင်နီယာကုန်ထုတ်သမဝါယမအသင်း**
**လီမိတက်၊ ရွှေပြည်သာမြို့နယ်**

**မုးယစ်ကို**

**ပစ်**

**ပန်းတိုင်သစ်**

**စိတ်သစ်**

**လူသစ်**

**ဘဝသစ်**

**အနိစ္စ**

**ဦးသောင်းကျော်**

**အသက် (၅၃) နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၄၃)၊ ခြောက်လွှာနေ ဦးမြင့်ကြည်-(ဒေါ်တင်တင်အုန်း)တို့၏သားကြီး၊ ဒေါ်အေးမိစံ၏ခင်ပွန်း၊ မောင်ဇွဲချစ်ကျော်၊ မနွေဦးချစ်တို့၏ ဖခင်၊ ကိုနိုင်ထွန်း-မဖြူဖြူဝင်း၊ ကိုမင်းခိုင်-မကေကေတင်၊ ကိုကျော်စိုး-မကေသော်တာဆန်း၊ ကိုသီဟ-မင်းရွှေစင်တို့၏ အစ်ကိုသည် ၉-၅-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ခင်တင့်**

**အသက် (၈၇) နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံ-ဇနီး ဒေါ်မေမေလတ်တို့၏မိခင်ဖြစ်သူ ဒေါ်ခင်တင့်သည် ၉-၅-၂၀၂၀ (ကြာသပတေးနေ့) ညပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်**
**နိုင်ငံခြားရေး/အပြည်ပြည်ဆိုင်ရာ**
**ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ**

**ဦးသိန်းအောင်**

**အသက် (၉၂) နှစ်**

(ဦးဘတုတ်-ဒေါ်မြစိန်)တို့၏သား၊ (ဒေါ်ရီ)၏ခင်ပွန်း၊ ဒေါ်ခင်နွဲ့၊ ဒေါ်မြင့်မြင့်သန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်းနေ ဒေါက်တာဒေါ်လှလှယဉ် (ဝိဇ္ဇာမျက်လုံးဆေးတိုက်)၊ ဒေါ်အေးအေးရီ၊ ဦးပြည့်စုံ၊ ဦးကျော်ညီဝင်း-ဒေါ်ကြွယ်ကြွယ်တိုး(အထက-၂၊ ဗဟန်း)တို့၏ဖခင်၊ မယမင်းအိန္ဒြေဦး(ခေတ္တ-Ulsan University Korea)တို့၏ အဘိုးသည် ၉-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတင်ထွန်း**

**မြန်မာ့လေကြောင်း၊ စက်မှူး၊ စက်ပြင် (၂)၊ ငြိမ်း**

**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၃၁)နေ (အလင်္ကာကျော်စွာ စောင်း ဦးဘသန်း-ဒေါ်လှရွှေ)တို့၏သားကြီး၊ ဘွားဘွား ဒေါ်သန်းရွှေ၊ ဦးမောင်ရီတို့၏တူ/သား၊ (ဦးကျော်ထွန်း)၊ ဒေါ်ခင်ကြူမာတို့၏အစ်ကိုကြီး၊ ဒေါ်စန္ဒာထွန်း (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန၊ ရေနှင့်သန့်ရှင်းမှု)၊ ကိုခင်မောင်ထွန်း၊ ကိုကျော်စွာထွန်း-မအေးမိထွန်း၊ မအေပရယ်ထွန်းတို့၏ဖခင်၊ မအိမ့်သဉ္ဇာမျိုး၊ ထွဋ်မြတ်အောင်တို့၏ချစ်လှစွာသော အဘိုး၊ ဒေါ်ထွန်းကြည်၏ ချစ်လှစွာသော ခင်ပွန်း ဦးတင်ထွန်းသည် ၁၀-၅-၂၀၂၀ (သောကြာနေ့) နံနက် ၃း၀၈ နာရီတွင် အာယုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဒေါ်အေးမြင့် (၈၁) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗဟန်း (၃)လမ်း၊ မြို့မရပ်ကွက်၊ အမှတ် (၄၇)၊ ပထမထပ်၊ ခေါင်းရင်းခန်းနေ (ဦးစံဝင်း-ဒေါ်အမာ)တို့၏သမီး၊ ဦးအေးကျော်-ဒေါ်ရီရီစံ၊ (ဦးတင်အောင်ချို-ဒေါ်အေးအေးသန်း)၊ (ဦးစောအောင်-ဒေါ်ချိုတူးမာ)၊ ဦးဝဏ္ဏထွန်း-ဒေါ်သိန်းသိန်းမြင့် (ခ) ဆရာမညိုချောသိန်း၊ ဦးအောင်ကျော်ညွန့်-ဒေါ်သီတာ(တောင်ကြီး)တို့၏မိခင်၊ မြေးလေးယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၁၀-၅-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၂၀ (ကြာသပတေးနေ့)နံနက် ၇ နာရီ မှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်စုစုလတ် (အင်းစိန်)**

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခြံအမှတ်(၅၇)၊ ဘုရင့်နောင်ရိပ်သာ(၂)လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်နေ (ဦးမျိုးလွင်-ဒေါ်သန်းညွန့်)တို့၏သမီး၊ ဦးတင်မောင်လတ် (ကျွမ်းကျင်သူ/စာတည်း-ခတ်ပုံ-ငြိမ်း၊ မြန်မာ့သတင်းစဉ်-ပြည်တွင်း)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးမျိုးမြတ်(ငြိမ်း)-ဒေါ်လှိုင်စုလတ်(ဒါရိုက်တာ၊ မြန်မာအမျိုးသားရတနာကုမ္ပဏီ)၊ ဦးလင်းဇော်လတ်(မန်နေဂျင်းဒါရိုက်တာ၊ မြန်မာအမျိုးသားရတနာ ကုမ္ပဏီ)-ဒေါ်ဝါဝါကျော်၊ ဦးသန့်ဇော်ဇော်လှ(အကောက်ခွန်)၊ ဒေါ်ခိုင်စုလတ်(အကောက်ခွန်)၊ ဦးကျော်စွာလတ်(ဒါရိုက်တာ၊ မြန်မာအမျိုးသားရတနာကုမ္ပဏီ)-ဒေါ်အေးဇင်သူ၊ မချစ်စုစုသွယ်(အကောက်ခွန်)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မောင်ကျော်စည်သူ၊ မဖြူစင်သဒ္ဒါလှ၊ မောင်မင်းဒီပကျော်၊ မဖြတ်နှင်းဟေသာကျော်တို့၏အဘွားသည် ၁၀-၅-၂၀၂၀ (သောကြာနေ့) နံနက် ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၂၀ (ကြာသပတေးနေ့)တွင် အင်းစိန်မြို့နယ်၊ ဘုရင့်နောင်ရိပ်သာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်စုစုလတ် (အင်းစိန်)**

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခြံအမှတ်(၅၇)၊ ဘုရင့်နောင်ရိပ်သာ(၂)လမ်း၊ မြို့သစ်(က+ခ) ရပ်ကွက်နေ (ဦးမျိုးလွင်-ဒေါ်သန်းညွန့်)တို့၏သမီး၊ ဦးတင်မောင်လတ်(ကျွမ်းကျင်သူ/စာတည်း-ခတ်ပုံ-ငြိမ်း၊ မြန်မာ့သတင်းစဉ်-ပြည်တွင်း)၏ချစ်လှစွာသောဇနီး၊ ဦးခင်စိုး-ဒေါ်ယဉ်ယဉ်လွင်တို့၏ညီမ၊ ဦးမောင်မောင်ကျော်-ဒေါ်စိုးစိုးလွင်၊ ဦးမျိုးသန်းလွင်-ဒေါ်မာလာရီ၊ ဦးမျိုးစိုးလွင်တို့၏အစ်မသည် ၁၀-၅-၂၀၂၀ (သောကြာနေ့) နံနက် ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမောင်နှမများ

**ဒေါ်ခင်ထွေးရီ (ဘီးလင်း)**

**အသက် (၈၉) နှစ်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နေ (ဦးစောယုချုပ်-ဒေါ်ဝါး)တို့၏သမီးထွေး၊ ပခုက္ကူမြို့၊ ပခန်းကြီးမြို့ဟောင်းနေ (ဦးဘဂျမ်း-ဒေါ်ဦးသင်)တို့၏သမီးချွေးမ၊ [ဦးကိုလေး(နိုင်ငံခြားရေးဝန်ကြီးဌာန)]၏ဇနီး၊ ဒေါ်မိမိကို၊ ဦးအေးကိုကို(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ခင်သိုက်၊ ဦးထင်အောင်-ဒေါ်စီစီကို(Hawii, USA)၊ ဒေါ်နီလာကို(UNHCR)၊ ဦးအောင်ကို (နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ဝင်းစန္ဒာဆွေ(နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ ကျေးဇူးရှင်မွေးမိခင်၊ မထက်ထက်ဦး (UNICEF)၊ မောင်ရဲမြတ်ကောင်း(Leiden, Netherlands)၊ မခင်နှစ်ဦး၊ မမိုးမခတို့၏ဘွားဘွားသည် ၁၀-၅-၂၀၂၀ (သောကြာနေ့) ညနေ ၄း၃၇ နာရီတွင် အမှတ်(၁၀၈-အိုင်)၊ နွေဦးမာလာလမ်းသွယ်၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၁-၅-၂၀၂၀ (စနေနေ့) နံနက်ပိုင်းတွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေး ပညာပေး ညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကိုမကြာခဏ စနစ်တကျဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် နှိုးဆော်ချက်

**"ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံးမျိုးမသုဉ်း"**

**"ငါးရစ်တစ်ကောင်သုံးလရှောင်၊ ထောင်သောင်းတိုးပွားရေရှည်စား"**

❖ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာလာရှာ၍ ငါးရစ်တက်ကြပါသည်။

❖ ထိုငါးရစ်ငါးကြီးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကြကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံးငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

❖ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

❖ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများလွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ခြောက်သိန်းကျော်အား နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်း (၅)မျိုး စတင်ထောက်ပံ့

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ခြောက်သိန်းကျော်၊ အိမ်ထောင်စုဝင် လူဦးရေ ၂၇ သိန်းကျော်အတွက် နိုင်ငံတော်အစိုးရကထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်း (၅)မျိုးကို ယနေ့မှစတင်ကာ မြို့နယ်အလိုက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးက သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ◆



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အခြေခံစားသောက်ကုန် (၅)မျိုးကို ပြည်သူများအား ထောက်ပံ့ပေးအပ်စဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် အခြေခံစားသောက်ကုန် (၅)မျိုးကို ပြည်သူများအား ထောက်ပံ့ပေးအပ်စဉ်။

## နေပြည်တော်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အခြေခံစားသောက်ကုန် (၅)မျိုး ထောက်ပံ့

နေပြည်တော် မေ ၁၀

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အခြေခံစားသောက်ကုန် (၅)မျိုး ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက နေပြည်တော် ပျဉ်းမနားမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(စုပေါင်းရုံး)၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳

ကြေးမုံ ယနေ့ ဖတ်စရာ

**ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၇၂၃၆ ဦး ရှိလာ**

စာမျက်နှာ » ၁၁

**ရေနံဈေးနှုန်းများတည်ငြိမ်ရေး ညှိနှိုင်းဆောင်ရွက်ရန် ပူတင်၊ ထရမ့်နှင့် ဆော်ဒီအာရေဗျဘုရင်တို့ သဘောတူ**

စာမျက်နှာ » ၁၂

**YTV အခမဲ့ရုပ်သံလိုင်းမှ သင်္ကြန်ကာလ ရုံးပိတ်ရက်များအတွင်း ပြည်သူများ ကြိုက်နှစ်သက်မည့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားကောင်းများ ထုတ်လွှင့်ပြသသွားမည်**

စာမျက်နှာ » ၂၆

## မန္တလေးမြို့တွင် အခြေခံလူတန်းစားများအတွက် နိုင်ငံတော်ကထောက်ပံ့ပေးသည့် စားသောက်ကုန်များ စတင်ဖြန့်ဝေ



မန္တလေး မေ ၁၀

မန္တလေးမြို့တွင် အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသည့် စားသောက်ကုန်များအား ယနေ့နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာ မြို့နယ်အလိုက် ရပ်ကွက်အတွင်း လိုက်လံဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသနိုင်ရေးအတွက် အရေးကြီးကာလဖြစ်သော သင်္ကြန်ရုံးပိတ်ရက်ရှည်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ စားဝတ်နေရေးအဆင်ပြေစေရန်ရည်ရွယ်၍ နိုင်ငံတော်က ထောက်ပံ့သည့် အိမ်ထောင်စု (၁)စုလျှင် ဆန် (၈)ပြည်၊ ဆီ (၅၀)ကျပ်သား၊ ဆား (၅၀)ကျပ်သား၊ ပဲ(၁)ပိဿာနှင့် ကြက်သွန် (၁)ပိဿာ စသည့် ကုန်ပစ္စည်း (၅) မျိုးကို ကြိုတင်ကောက်ယူထားသည့် အိမ်ထောင်စုစာရင်းများအတိုင်း မြို့နယ်အလိုက် ရပ်ကွက်အတွင်း လိုက်လံ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ စနစ်တကျ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းလင်းက ပြောသည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ❑

**နိုင်ငံတော်က ထောက်ပံ့ပေးသည့် စားသောက်ကုန်များအား အခြေခံလူတန်းစားများအတွက် ဖြန့်ဝေပေးရာတွင် ရပ်ကွက်အတွင်း လှည့်လည်၍ သုံးယောက်တစ်တွဲနှုန်းဖြင့် ခေါ်ယူကာ စနစ်တကျဖြန့်ဝေပေး**